# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

**Myanma Alinn Daily**

အတွဲ (၅၂)
အမှတ် (၂၄၃)

၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်

၂၀၁၃ ခုနှစ်၊ ဇွန် ၅ ရက်၊ ဗုဒ္ဓဟူးနေ့။


**ဒို့တာဝန် အရေး(၃)ပါး**

❖ ပြည်ထောင်စု မပြိုကွဲရေး။

❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။

❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

# ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ အောင်မြင်မှုများ ရရှိဖို့အတွက် မြန်မာနိုင်ငံဟာ ကမ္ဘာ့မိသားစုဝင်နိုင်ငံများနဲ့ ထိထိဝင်ဝင်ချိတ်ဆက်ရန်အရေးကြီး ဂုဏ်သိက္ခာရှိတဲ့၊ တာဝန်သိတဲ့ နိုင်ငံအဖြစ်ရပ်တည်ဖို့ ကြိုးပမ်းလုပ်ဆောင်နေ



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ပြောကြားသည့် ရေဒီယိုမိန့်ခွန်း (၄-၆-၂၀၁၃)**

**မိဘပြည်သူများခင်ဗျား**

ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအခြေအနေများကို မိဘပြည်သူများထံ ရေဒီယိုမှတစ်ဆင့် အသိပေးပြောကြားနေကျဖြစ်တဲ့အတိုင်း မေလအတွင်း မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုများနဲ့ပတ်သက်ပြီး ကျွန်တော်တို့အစိုးရရဲ့ လုပ်ဆောင်ချက်များကို မိဘပြည်သူများထံ ယခုကဲ့သို့ ပုံမှန်တင်ပြရခြင်းဖြစ်ပါတယ်။

**"မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ဦးစီးပဲ့ကိုင်နေရာက နေ လုပ်ကိုင်နေရတဲ့ ကျွန်တော့်အနေနဲ့ ယခုအစိုးရသက်တမ်းကျန်ရှိနေသေးတဲ့ ကာလများမှာလည်း အစိုးရအဖွဲ့၊ လွှတ်တော်များ၊ နိုင်ငံရေးအင်အားစုများ၊ အရပ်ဘက်အဖွဲ့ အဖွဲ့အစည်းများ၊ တပ်မတော်နှင့် ပြည်သူလူထုတစ်ရပ်လုံးရဲ့ ပူးပေါင်းပါဝင်မှုကိုအခြေခံပြီး မှန်ကန်တဲ့စေတနာနဲ့ မဆုတ်မနစ် လုပ်ဆောင်သွားရန် သန္နိဋ္ဌာန်ချထား"**

မိဘပြည်သူများ သိကြပြီးဖြစ်တဲ့အတိုင်း ကျွန်တော်ဟာ အမေရိကန်ပြည်ထောင်စုကို မေလ ၁၉ ရက်ကနေ ၂၂ ရက်နေ့အထိ အလုပ်သဘောခရီးစဉ်အဖြစ် သွားရောက်ခဲ့ပါတယ်။ ဒီခရီးစဉ်ဟာ နှစ်ပေါင်းလေးဆယ်ကျော်အကြာမှာ နိုင်ငံ့ခေါင်းဆောင်တစ်ဦးအနေနဲ့ သွားရောက်ခဲ့တဲ့ အလုပ်သဘောခရီးစဉ်တစ်ခုဖြစ်တဲ့အပြင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးရေးနဲ့ ဆက်ဆံရေးပုံစံအသစ်ကို ပိုမိုပီပြင်စေခဲ့တာကြောင့် ကျွန်တော်တို့နှစ်နိုင်ငံ ဆက်ဆံရေးသမိုင်းမှာ ထူးခြားတဲ့ အလှည့်အပြောင်းတစ်ခုအဖြစ်လည်း မှတ်တမ်းဝင်မှာဖြစ်ပါတယ်။ ဒီသမိုင်းဝင်ခရီးစဉ်ကနေ ရရှိလာတဲ့ ရလဒ်တွေကနေတစ်ဆင့် အနာဂတ်မှာ ပူးပေါင်းဆောင်ရွက်နိုင်မယ့် အလားအလာများကြောင့် ဒီခရီးစဉ်ဟာ အစိုးရချင်းဆက်ဆံရေးသာမက နှစ်နိုင်ငံ ပြည်သူချင်း ရင်းနှီးချစ်ကြည်ရေးအတွက်ပါ အရေးပါတယ်လို့ ဆိုရမှာပဲဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမေရိကန်ပြည်ထောင်စုခရီးစဉ်အတွင်းမှာ အမေရိကန်သမ္မတ အိုဘားမားအပါအဝင် အစိုးရအဖွဲ့ဝင်များ၊ အထက်လွှတ်တော်နဲ့ အောက်လွှတ်တော် ခေါင်းဆောင်များနဲ့ တွေ့ဆုံပြီး ကျွန်တော်တို့နိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များအတွင်း ကြုံတွေ့နိုင်ဖွယ်ရှိတဲ့ အခက်အခဲများ၊ စိန်ခေါ်မှုများ၊ အလားအလာများနဲ့ ပူးပေါင်းဆောင်ရွက်နိုင်မယ့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်ခဲ့ပါတယ်။

ဒ့ါအပြင် ကျွန်တော်တို့ လုပ်ဆောင်နေတဲ့ အမျိုးသားစီးပွားရေးတစ်ရပ်တည်ဆောက်ရေးမှာ အဟန့်အတားဖြစ်နေတဲ့ ပိတ်ဆို့အရေးယူမှုများ ဖယ်ရှားနိုင်ရေးအတွက် ယုံကြည်မှုတည်ဆောက်ရေးကိစ္စတွေကိုလည်း လုပ်ဆောင်နိုင်ခဲ့ပါတယ်။ *စာမျက်နှာ ၃ ကော်လံ ၁* ▲

## နိုင်ငံခြားသားများအပါအဝင် ပြည်ပရောက် နိုင်ငံသားဟောင်းများ အမြဲတမ်းနေထိုင်ခွင့်စနစ် ဖော်ဆောင်ရေး မူဝါဒတစ်ရပ်ချမှတ်ထား

သတင်း စာမျက်နှာ ➤ ၈

## နိုင်ငံအားလုံးစုပေါင်းမှုဖြင့် မျှဝေခံစားနိုင်ကြမည့်ကမ္ဘာ့စီးပွားရေးဖိုရမ် အရှေ့အာရှအကြိုမြင်ကွင်းများ

**နေပြည်တော် ဇွန် ၄**

ဇွန် ၅ ရက်မှ ၇ ရက်အထိ ကျင်းပတော့မည့် ကမ္ဘာ့စီးပွားရေးဖိုရမ် အရှေ့အာရှ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အစိုးရနှင့် အဖွဲ့အစည်းကော်မတီများက တက်ကြွစွာ ဆောင်ရွက်နေသကဲ့သို့ တက်ရောက်ကြမည့် အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အင်န်ဂျီအိုများနှင့် စီးပွားရေးလုပ်ငန်းရှင်များသည်လည်း ဖိုရမ်သို့ တက်ရောက်ရန် အသီးသီး ပြင်ဆင်နေကြပြီဖြစ်သည်။ ထို့ကြောင့် ပြည်တွင်းနှင့် ပြည်ပလုပ်ငန်းရှင်အချို့ နှင့် ဆောင်ရွက်နေသူများထံ ဆက်သွယ်မေးမြန်းကြည့်ဖြစ်ခဲ့ပါသည်။

အိုင်တီပညာရှင်၊ မီဒီယာလုပ်ငန်းရှင် ဦးသောင်းစုငြိမ်းက "ကျွန်တော်တို့ တက်ဖြစ်အောင် တက်ရမယ့် ဖိုရမ်ဖြစ်ပါတယ်။ ဒီလိုမျိုး ဂလိုဘယ်အဆင့်ပြုလုပ်တဲ့ အခမ်းအနားကနေ အတွေ့အကြုံကောင်းတွေ၊ အကြံဉာဏ်ကောင်းတွေ ရရှိလာမှာပါ။ ကျွန်တော့်အနေနဲ့ကတော့ မီဒီယာကဏ္ဍရော၊ အိုင်တီအပိုင်းကိုရော ဆွေးနွေးပွဲတွေ တက်ရောက်ပြီး လေ့လာဖို့ရှိပါတယ်။ ယခုလို စီးပွားရေးအခွင့်အလမ်းတွေ ပွင့်လန်းလာဖို့ ရှိတဲ့အတွက် အတိုင်းထက်အလွန်ပေါ့။ မီဒီယာပြုပြင်ပြောင်းလဲမှုအပိုင်းတွေမှာ နိုင်ငံတကာရဲ့ အတွေ့အကြုံကိုရရှိနိုင်မှာပါ။ ကြိုဆိုပါတယ်" ဟု ပြန်လည် ဖြေကြားသည်။

ဆက်လက်၍ ပြင်သစ်နိုင်ငံသူ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သည့် Miss Runa Khan အား ယခုကျင်းပပြုလုပ်မည့် ဖိုရမ်နှင့်ပတ်သက်၍ သူမ၏အမြင်နှင့် ဆောင်ရွက်မှုများ၊ လက်ရှိ မြန်မာနိုင်ငံအပေါ် ထားရှိသည့် သဘောထားအား မေးမြန်းကြည့်ရာ မြန်မာနိုင်ငံနှင့် ထိုက်တန်သည့် စီးပွားရေးဖိုရမ်တစ်ခုဖြစ်ပြီး မိမိအနေနဲ့ ဖိုရမ်အတွင်း အဓိကဆွေးနွေးကြရမည့်အကြောင်းအရာမှာ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများဖြစ်ပြီး စီးပွားရေး လုပ်ငန်းများအားလုံး မဖြစ်မနေလေ့လာကိုင်တွယ်ကြရမည့် မြန်မာနိုင်ငံ ခေါင်းစဉ်ဖြင့် ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ လိုအပ်သည့် အချက်အလက်များအား ပြင်ဆင်ထားပြီးဖြစ်ကာ လုပ်ငန်းရှင်များ၊ နိုင်ငံတကာမှအကြီးအကဲများနှင့် အဖွဲ့အစည်းများအား မြန်မာနိုင်ငံနှင့် ပတ်သက်သည့် စီးပွားရေးဆက်စပ်မှုများအကြောင်း ဆွေးနွေးခွင့်ရနိုင်ရန် မျှော်လင့်ကြောင်း၊ လက်ရှိ စီစဉ်ထားရှိမှုများကို ကျေနပ်အားရမှုရှိကြောင်းဖြင့်လည်း ၎င်းက ပြန်လည်ဖြေကြားသည်။

**သတင်း - ခင်ရတနာ**
**ဓာတ်ပုံ - မင်းမင်းလတ်**

ထို့အပြင် ကမ္ဘာ့စီးပွားရေးဖိုရမ် အရှေ့အာရှ၌ အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရှိခဲ့သည့် မြန်မာနိုင်ငံ၏ ပထမဆုံးအကြိမ်ပွဲ၌ မီဒီယာပြန်ကြားရေးများအား ဖြေကြားပေးနေသည့် ထိုင်းနိုင်ငံမှ Miss Phet က "ကျွန်မတို့အနေနဲ့ တက်ရောက်လာတဲ့ ကဏ္ဍအသီးသီးအလိုက် သတင်းထုတ်ပြန်မှုတွေကို အချိန်နှင့်တစ်ပြေးညီ ဖော်ပြအသိပေးသွားမှာ ဖြစ်ပါတယ်။ ဆွေးနွေးပွဲအသီးသီးကရရှိတဲ့ ရလဒ်တွေကို ပြည်တွင်းပြည်ပမီဒီယာတွေအနေနဲ့ သတင်းရယူနိုင်ပြီး အချက်အလက်တွေကိုလည်း www.wedorow .org မှာ ရယူနိုင်ပြီး




မီဒီယာစင်တာတွေကိုလည်း ဖွင့်လှစ်ထားရှိပေးထားပါတယ်" ဟု သတင်းအချက်အလက်ဆိုင်ရာ ဖော်ပြပေးမှုအား ရှင်းလင်းဖြေကြားသည်။

နယူးဇီလန်နိုင်ငံသား မစ်ဆူဘီရှိကော်ပိုရေးရှင်းမှ Mr Paul Gershu ကလည်း "ကျွန်တော်တို့အနေနဲ့ ဝင်ခွင့်ကတ်ပြားတွေကို *စာမျက်နှာ ၅ ကော်လံ ၁* ❐




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

### မှန်မှန်ကန်ကန်ရယူ မှန်မှန်ကန်ကန်ပေးဆပ်

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် မြို့ပြနှင့်ကျေးလက် ကွာဟမှုမရှိစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ် (၈)ရပ်ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အစိုးရသည် ကုလသမဂ္ဂထောင်စုနှစ်ရည်မှန်းချက်နှင့်အညီ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၅ခုနှစ်တွင် ဆင်းရဲနွမ်းပါးမှု ၂၆ရာခိုင်နှုန်းမှ ၁၆ရာခိုင်နှုန်းအထိ လျှော့ချနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရေးအတွက် သမဝါယမအသင်းအဖွဲ့ အဆင့်ဆင့်ထူထောင်ပြီး လိုအပ်သော ငွေကြေးအရင်းအနှီး၊ ပစ္စည်းအရင်းအနှီးနှင့်ဈေးကွက်တို့ကို ဖန်တီးပေးခြင်းဖြင့် ပုံမှန်ဝင်ငွေများရရှိလာပြီး ပညာရေး၊ ကျန်းမာရေးအတွက်ပါ လိုက်လျောညီထွေ ယှဉ်တွဲတိုးတက်လာနိုင်ပေသည်။ မြန်မာနိုင်ငံတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်နိုင်သည့် အခြေခံကောင်းများစွာ တည်ရှိပြီးဖြစ်သည်။ ရာသီဥတုကောင်းမွန်ခြင်း စိုက်ပျိုးမြေ အလုံအလောက်ရှိခြင်း၊ သဘာဝအရင်းအမြစ်ပေါကြွယ်ဝခြင်းတို့ကြောင့် ငွေကြေးအရင်းအနှီးများ ရရှိသည့်အခါ လုံ့လဝီရိယစိုက်ထုတ်၍ ကြိုးစားလုပ်ကိုင်ကြရမည်ဖြစ်သည်။

သမဝါယမဝန်ကြီးဌာနသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအတွက် ဦးတည်ချက်နှစ်ရပ်နှင့် လုပ်ငန်းစဉ်ငါးရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ လုပ်ငန်းစဉ်(၅)ရပ်တွင် တစ်ခုအပါအဝင်ဖြစ်သည့်အသေးစားငွေချေးလုပ်ငန်းကို ဆောင်ရွက်ရာတွင် ပြည်သူများအတွက် လတ်တလော သက်သာချောင်ချိမှု ရရှိစေသည်သာမက နောင် လေးနှစ် ငါးနှစ်အတွင်းတွင် ငွေချေးရန်မလိုအပ်တော့ဘဲ မိမိဘာသာရပ်တည်လာနိုင်သည်အထိ မျှော်မှန်းဆောင်ရွက်ပေးခြင်းဖြစ်သည်။ မိမိရရှိသော ချေးငွေများကို မိမိတို့၏လုပ်ငန်းတွင် မှန်မှန်ကန်ကန်ထိထိရောက်ရောက် အသုံးပြုရန်လိုအပ်ပြီး မှန်မှန်ပြန်ပေးဆပ်ရန် အရေးကြီးပေသည်။

သမဝါယမလုပ်ငန်းသည် နိုင်ငံ၏ ဒုတိယစီးပွားရေးမဏ္ဍိုင်ဖြစ်ပြီး သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ စက်မှုလယ်ယာစသည့် သမဝါယမအသင်းများထူထောင်ပြီး နိုင်ငံ၏စီးပွားရေးကို အထောက်အကူပေးရမည်ဖြစ်သည်။ အမေရိကန်၊ အိန္ဒိယ၊ ဂျပန်စသည့်နိုင်ငံများတွင် သမဝါယမအသင်းများသည် အောင်မြင်မှုများ ရရှိနေသည်ကို နမူနာယူပြီး မြန်မာနိုင်ငံတွင်လည်း အောင်မြင်မှုရရှိအောင် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

နိုင်ငံ၏ လူအများစုဖြစ်သော ကျေးလက်နေပြည်သူများ၊ မြို့ပြနေအခြေခံပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေးအတွက် သမဝါယမလုပ်ငန်းများ အောင်မြင်မှုရရှိရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ သမဝါယမလုပ်ငန်းများ အောင်မြင်မှုရခြင်းသည် နိုင်ငံတော်၏ စီးပွားရေးကို အထောက်အကူပြုလျက်ရှိရာ နိုင်ငံတကာမှ အောင်မြင်မှုများကို လေ့လာဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ပြည်တွင်းသတင်း

# ဗုဒ္ဓစွယ်တော်ရွှေကျောင်းဆောင်သုံးဆောင် လှူဒါန်းပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇွန် ၄**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့လှူဒါန်းမည့် ဗုဒ္ဓစွယ်တော်ပွားများပါဝင်သော ဗုဒ္ဓစွယ်တော် ရွှေကျောင်းဆောင်သုံးဆောင်ကို လွှဲပြောင်းလက်ခံ ပင့်ဆောင်မည့်အခမ်းအနားနှင့် ဗုဒ္ဓစွယ်တော်ပွားများ ပါဝင်သော ဗုဒ္ဓစွယ်တော်ရွှေကျောင်းဆောင်သုံးဆောင် လှူဒါန်းပွဲ အခမ်းအနားများ ကျင်းပရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၃ ရက် နံနက် ၁၀ နာရီက သာသနာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က ဗုဒ္ဓစွယ်တော်ပွားကို ပါဝင်သော ဗုဒ္ဓစွယ်တော် ရွှေကျောင်းဆောင်သုံးဆောင်အား မန္တလေး၊ ရန်ကုန်နှင့် နေပြည်တော်တို့တွင် အများပြည်သူ ကြည်ညိုနိုင်စေရန် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဗုဒ္ဓစွယ်တော်တိုက် ဆရာတော်မှ မြန်မာနိုင်ငံသို့ ပေးပို့လှူဒါန်းမည်ဖြစ်ကြောင်း၊ ယင်းဗုဒ္ဓစွယ်တော်ရွှေကျောင်းဆောင် သုံးဆောင်ကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်၊ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်နှင့် မန္တလေးမြို့ မဟာမြတ်မုနိဘုရားကြီးတို့၌ထားရှိ အပူဇော်ခံသွားမည်ဖြစ်ကြောင်း၊ ဗုဒ္ဓစွယ်တော် ရွှေကျောင်းဆောင် သုံးဆောင် လွှဲပြောင်းလက်ခံမည့်အခမ်းအနားကို ရွှေလီ၌ ကျင်းပမည်ဖြစ်ပြီး နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ဗုဒ္ဓစွယ်တော်ရွှေကျောင်းဆောင် လှူဒါန်းပွဲအခမ်းအနားများ ကျင်းပမည်ဖြစ်သဖြင့် မန္တလေး၊ ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့များနှင့် နေပြည်တော်ကောင်စီတို့အနေဖြင့် လိုအပ်သည်များ ကြိုတင်စီစဉ်ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေး၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

# ပန်းဆိုးတန်းသဘင်္ဘောဆိပ် အတက်/အဆင်း စနစ်ကျရန် လိုအပ်နေ

**ထင်သာမြင်သာပြုပြင်စရာ**

**ဒလ ဇွန် ၄**

ရန်ကုန်နှင့် ဒလကို ကူးလူးဆက်သွယ်ပေးနေသည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ကူးတို့သင်္ဘောများ ဆိုက်ကပ်ရာ ပန်းဆိုးတန်းလက်မှတ်ရုံနှင့် ကုန်ချပေါက်မှ တာဝန်ကျသူများ၏ ဆောင်ရွက်ပြုမူပုံများသည် ခရီးသွားပြည်သူများအတွက် အနှောင့်အယှက်များဖြစ်ပေါ်စေလျက်ရှိကြောင်း ခရီးသွားများက ပြောကြားသည်။

ပန်းဆိုးတန်းသင်္ဘော အတက်/အဆင်းတွင် အဆင်း၌ ခရီးသည်များကို ဝင်ခွင့်မပြုဘဲ လက်မှတ်ရုံပေါက်မှဝင်စေ၍ အဆင်းတွင် ကုန်ပစ္စည်းများပါသော ခရီးသည်များသာ ဆင်းခွင့်ပြုသော်လည်း လိုရင်လိုသလို ဆင်းခွင့်ပြုပြီး မလိုလျှင် တံခါးဆွဲပိတ်၍ပြုမူမှုများက စိတ်အနှောင့်အယှက်ဖြစ်စရာ ဖြစ်သည်ဟု ခရီးသွားများထံမှ သိရသည်။

တစ်ဖန် လက်မှတ်ရုံပေါက်မှ ဝင်ရာတွင် ဝင်ပေါက်ကို သံဆန်ခါနှင့် ပိုင်းကာ၍ ခရီးသည်များ မလွတ်မကင်း ဝင်ရောက်နေရမှုကြောင့် ခရီးသည်များ စိတ်အနှောင့်အယှက်ဖြစ်ရပြီး မေ ၂၀ရက် ညနေ ၃နာရီခွဲက ခရီးသည်ဝင်ပေါက်ကို သော့ခတ်ထားပြီး အတက်ခရီးသည်များရှင်း၍ သော့ဖွင့်ရာ အချိန်အတော်ကြာ သော့ဖွင့်၍မရဖြစ်ခဲ့ပြီး ဝန်ထမ်းများ၏ ပေါ့ဆမှုက ပြည်သူအထင်သေးစရာ ဖြစ်ခဲ့ရသည်။

ထို့ထက်ဆိုးသည်ကသင်္ဘောပေါ်မှ ခရီးသည်များဆင်းရာတွင် တစ်ခါတစ်ရံအဆင်းခရီးသည်များ ဆင်းနေချိန် သင်္ဘောကြိုးချည်ဝန်ထမ်းများက ခရာကိုတရှိုရှို မှုတ်ကြခြင်းပင်။ ခရာမှုတ်၍ အလုအယက် တိုးဝှေ့ပြေးလွှားဆင်းရမှုကြောင့် သက်ကြီးရွယ်အိုခရီးသည်များ၊ နာမကျန်း ခရီးသည်များအတွက် အန္တရာယ်ရှိနိုင်ပါသည်။

အများပြည်သူများနှင့် အမြဲတမ်းထိတွေ့ဆက်ဆံနေရသောဌာနမှ ဝန်ထမ်းများ၏ မထင်မှတ်၍သော်လည်းကောင်း၊ ကိုယ်ထင်သလိုပြုမူနေကြခြင်းသည်လည်းကောင်း၊ ဌာနနှင့်နိုင်ငံတော်အစိုးရအပေါ် ပြည်သူများ အထင်အမြင်လွဲမှားနိုင်ပါ၍ ပန်းဆိုးတန်းသင်္ဘောလက်မှတ်ရုံ (ကုန်ချပေါက်)မှ စနစ်မကျသည့် ပြုမူဆောင်ရွက်ချက်များကို ထိန်းသိမ်းကြပ်မတ်ပေးစေရန် ခရီးသွားများက လိုလားလျက်ရှိကြောင်း သိရသည်။

(၁၅၅)



## သတင်းပေးတိုင်ကြားပါရန်

မော်တော်ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ် (ဗီးတက်-Wheel Tax) အတုရောင်းချသူ၊ အတုပြုလုပ်သူ၊ ကိုင်ဆောင်သူများတွေ့ရှိပါက အောက်ပါဖုန်းနံပါတ်များသို့ သတင်းပေးတိုင်ကြားပါရန်နှင့် ဌာနဝန်ထမ်းများ ပါဝင်ပတ်သက်မှုတွေ့ရှိပါကလည်း ဖော်ထုတ်တိုင်ကြားပါရန် တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်-

| | |
|---|---|
| **ရုံးချုပ် ဖုန်း-၀၆၇-၄၀၅၃၅၉** | **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး ဖုန်း-၀၁-၅၆၂၇၅၇** |
| **နေပြည်တော်ရုံး-၀၆၇-၅၁၀၀၆၂** | **မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး ဖုန်း-၀၂-၇၁၈၇၀** |
| **ရှမ်းပြည်နယ်ရုံး(တောင်ကြီး) ဖုန်း-၀၈၁-၂၃၈၄၈** | **ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး ဖုန်း-၀၅၂-၃၀၀၄၆** |
| **တွဲဖက်ပြည်နယ်ရုံး(လားရှိုး) ဖုန်း-၀၈၂-၃၀၁၈၇** | **ပြည်နယ်ရုံး(မော်လမြိုင်) ဖုန်း-၀၅၇-၂၄၀၃၉** |
| **တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ) ဖုန်း-၀၈၄-၂၂၀၈၄** | **ပြည်နယ်ရုံး(ဘားအံ) ဖုန်း-၀၅၈-၂၁၁၆၁** |

(၅-၆-၂၀၁၃)

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# ဝင်ဘော်ကျေးရွာ ကိုယ့်အားကိုယ်ကိုး ကျေးရွာလျှပ်စစ်မီးလင်းရေးဖွင့်

**ပဲခူး ဇွန် ၄**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဘုရားကြီးမြို့ ဝင်ဘော်ကျေးရွာ ကိုယ့်အားကိုယ်ကိုး ကျေးရွာလျှပ်စစ်မီးလင်းရေးဖွင့်ပွဲ အခမ်းအနားကျင်းပရာ အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဘေဘီအုန်း တက်ရောက်သည်။

အခမ်းအနားတွင် ဝင်ဘော်ကျေးရွာမီးလင်းရေးအတွက် ဦးဆောင်သည့် ဝင်ဘော်ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တတေဇဝနှင့် တာဝန်ရှိသူများက ၁၆၀ KVA ထရန်စဖော်မာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ဝင်ဘော်ကျေးရွာနေ ပြည်သူများ၏ နေအိမ် ၁၂၄လုံးတွင် အိမ်သုံးမီတာများတပ်ဆင်ပေးခဲ့ပြီး တစ်ရွာလုံးနီးပါး မီးလင်းခွင့်ရရှိသဖြင့် ကျေးရွာနေပြည်သူများက တာဝန်ရှိသူများအား အထူးကျေးဇူးတင်ကြောင်း သိရသည်။

(သန့်စင်)

ဇွန် ၁ ရက်က ချင်းပြည်နယ် မင်းတပ်ခရိုင်ရဲတပ်ဖွဲ့မိသားစု စည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး မျိုးအောင်၏ ဇနီး ဒေါ်သီတာလွင်က မိသားစုဝင်များအား မီးဖိုချောင်သုံးပစ္စည်းပေးအပ်စဉ်။

မီးမီး(လှိုင်)




ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးတလျှောက်၊ (၁၁၄)မိုင်ယာဉ်ရပ်နားစခန်းနှင့် နယ်မြို့ကြီးများတွင် လူကြီးမင်းတို့၏ ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများကို ကြော်ငြာ
Billboard များတွင်ကြော်ငြာလိုပါက ဆက်သွယ်နိုင်ပါသည်။
အပိုင်ဝယ်ယူလိုသူ များလည်းဆက်သွယ်နိုင်ပါသည်။
MILKY WAY
Outdoor Advertising
09 420 276 999 09 730 33784 09 421 158 822
09 420 276 777 09 730 33783 09 542 1122

## ပြည်တွင်းသတင်း

▲ *ရှေ့ဖုံးမှ*

ကျွန်တော့်အနေနဲ့ အမေရိကန်ပြည်ထောင်စုရဲ့ ပညာရေးစနစ်ကို လေ့လာနိုင်ဖို့အတွက် ဂျွန်ဟော့ကင်းတက္ကသိုလ်ကို သွားရောက်ပြီး ပါမောက္ခများ၊ ကျောင်းသူ ကျောင်းသားများနဲ့ ရင်းရင်းနှီးနှီးတွေ့ဆုံ မိန့်ခွန်းပြောကြားခဲ့ပါတယ်။ ကျွန်တော့်ရဲ့ အမေရိကန်ပြည်ထောင်စု ခရီးစဉ်အတွင်းမှာ အကြောင်းအမျိုးမျိုးကြောင့် အမေရိကန်ပြည်ထောင်စုမှာ ရောက်ရှိနေကြတဲ့ မြန်မာမိသားစုများရဲ့ နွေးထွေးတဲ့ ကြိုဆိုမှုတွေကြောင့် ဝမ်းသာပီတိဖြစ်ရသလို ကျွန်တော်တို့ရဲ့ ပြုပြင်ပြောင်းလဲမှုများအပေါ် နားလည်စာနာမှုရှိကြတဲ့ အမေရိကန်ရောက် ကျွန်တော်တို့ရဲ့ ပြည်သူများကို အထူး ကျေးဇူးတင်ရှိပါကြောင်း အလေးအနက်ပြောကြားလိုပါတယ်။ တစ်ပြိုင်နက်တည်းမှာပဲ ဒီခရီးစဉ်နဲ့ပတ်သက်ပြီး ကျွန်တော်တို့ရဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအပေါ်မှာ မယုံကြည်နိုင်သေးတဲ့သူများက သံသယနဲ့ပြောဆို ဝေဖန် အပြစ်ရှာရေးသားခဲ့မှုများလည်း ကြုံတွေ့ခဲ့ရပါတယ်။ နိုင်ငံတစ်ခု ပြုပြင်ပြောင်းလဲမှုဖြစ်တိုင်းမှာ ဒီလိုသဘောထား ကွဲလွဲမှုတွေ၊ မယုံကြည်မှုတွေ၊ လက်မခံနိုင်မှုတွေ၊ အငြင်းပွားမှုတွေနဲ့ ဝိဝါဒကွဲပြားမှုတွေကို ကြုံတွေ့ရတာဟာ ဖြစ်ရိုးဖြစ်စဉ် သဘာဝကျတဲ့ ကိစ္စရပ်တွေပဲဖြစ်ပါတယ်။ ကျွန်တော့်အတွက်ကတော့ နိုင်ငံရေးလက်တွေ့ကျမှုများက ပိုမိုအရေးကြီးတယ်လို့ အလေးအနက် ခံယူထားပါတယ်။

ကျွန်တော်တို့ရဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ အောင်မြင်မှုများရရှိဖို့အတွက် မိမိတို့ မြန်မာနိုင်ငံဟာ ကမ္ဘာ့မိသားစုဝင်နိုင်ငံများနဲ့ ထဲထဲဝင်ဝင်ချိတ်ဆက်ရန်ဆိုတဲ့ကိစ္စရပ်က အလွန်အရေးကြီးပါတယ်။ လက်ရှိ ကျွန်တော်တို့ရဲ့ ကြိုးပမ်းလုပ်ဆောင်မှုများရဲ့ အောင်မြင်မှုအသီးအပွင့်တွေကို ကျွန်တော်တို့ရဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအပေါ် အားပေးထောက်ခံသူများကိုသာမက မယုံကြည်နိုင်သေးသူများ၊ သံသယရှိသူများနဲ့ ဆန့်ကျင်နေသူများပါ ခံစားရရှိမှာဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ကမ္ဘာ့မိသားစုအတွင်းမှာ မြန်မာနိုင်ငံဂုဏ်ကို ဂုဏ်သိက္ခာရှိတဲ့၊ တာဝန်သိတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ဖို့ ယခုလို တစိုက်မတ်မတ်ကြိုးပမ်းလုပ်ဆောင်နေရခြင်းဖြစ်တယ်ဆိုတာ အသိပေးပြောကြားလိုပါတယ်။

မေလ ၂၄ ရက်နေ့မှာလည်း မြန်မာနိုင်ငံအပေါ်မှာ အစဉ်တစိုက် အားပေးကူညီခဲ့တဲ့ ဂျပန်နိုင်ငံရဲ့ ဝန်ကြီးချုပ် ရှင်ဇိုအာဘေးဟာ နှစ်နိုင်ငံသမိုင်းမှာ ၃၆ နှစ်အတွင်း ပထမဦးဆုံးအကြိမ် ဝန်ကြီးချုပ်ခရီးစဉ်အဖြစ် လာရောက်ပြီး ကျွန်တော်တို့နိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအပေါ် ဂျပန်နိုင်ငံရဲ့ အားပေးထောက်ခံမှုကို ပြသခဲ့ပါတယ်။ ဂျပန်နိုင်ငံအနေနဲ့ ပေးအပ်လာမယ့် ကူညီထောက်ပံ့မှုတွေကိုလည်း ကြိုဆိုလက်ခံသွားမှာဖြစ်သလို ဒီအကူအညီများ အားလုံးကို ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများမှာသာ အသုံးပြုသွားမှာဖြစ်ပါတယ်။ အပြန်အလှန်အားဖြင့် ဂျပန်နိုင်ငံရဲ့စီးပွားရေးလုပ်ငန်းများဟာ ပွင့်လင်းလာမယ့် မြန်မာ့ဈေးကွက်အတွင်းမှာ ရင်းနှီးမြှုပ်နှံမှုများ၊ ကုန်သွယ်ရေး တိုးမြှင့်မှုအခွင့်အလမ်းများရရှိပြီး နှစ်ဦးနှစ်ဖက်မျှတတဲ့ အကျိုးကျေးဇူးများ ခံစားကြရမှာလည်း ဖြစ်ပါတယ်။

ယခုလို နှစ်နှစ်တာကာလအတွင်းမှာဖြစ်ထွန်းခဲ့တဲ့ မြန်မာနိုင်ငံနဲ့ နိုင်ငံတကာကူးလူးဆက်ဆံမှုများဟာဆိုရင် မြန်မာပြည်သူများ ကြိုးပမ်းအားထုတ်နေကြတဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် ထိုက်တန်တဲ့ နိုင်ငံတကာ ထောက်ခံမှုရရှိနေခြင်းကို တစ်နည်းအားဖြင့် ပြသနေခြင်းလည်း ဖြစ်ပါတယ်။

ယခုကျွန်တော်တို့ ကြိုးပမ်းလုပ်ဆောင်နေတဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများနဲ့ ပတ်သက်လို့ အနည်းငယ် ရှင်းလင်းပြောကြားလိုပါတယ်။ နိုင်ငံရေးနဲ့ တိုက်ရိုက်ချိတ်ဆက်နေတဲ့ အမျိုးသားစီးပွားရေး ပြန်လည်ပုံစံချ သတ်မှတ်မှုနဲ့ ပတ်သက်လို့ လိုအပ်တဲ့ အစီအမံများ၊ မဟာဗျူဟာများ၊ စီမံချက်များရေးဆွဲနေသည့်နည်းတူ တစ်တွဲတည်းလိုအပ်လာမည့် အင်စတီကျူးရှင်းများကို ပြောင်းလဲဖွဲ့စည်းခြင်း၊ အသွင်ကူးပြောင်းခြင်း၊ အသစ်ထူထောင်ရန် ပြင်ဆင်ခြင်းများကိုလည်း လုပ်ဆောင်နေရပါတယ်။ ကာလကြာရှည် ပြုလုပ်နိုင်ခြင်းမရှိခဲ့တဲ့ ကိစ္စရပ်တွေကို လုပ်ဆောင်ရတာဖြစ်တဲ့အတွက် ထင်ရှားမြင်သာရှိတဲ့ အပြောင်းအလဲတွေထက် ဆုပ်ကိုင်မှုပြနိုင်သည့် အပြောင်းအလဲများသည်လည်း အရှိန်အဟုန်တစ်ခုဖြင့် ရွေ့လျားနေတယ်ဆိုတာကိုလည်း မီးမောင်းထိုးပြလိုပါတယ်။ ဒီအပြောင်းအလဲများ ထင်ရှားမြင်သာရှိလာချိန်မှာ ကျွန်တော်တို့ အမျိုးသားစီးပွားရေးဟာလည်း အရှိန်အဟုန်ရလာမှာ ဖြစ်ပါတယ်။

တောင်သူလယ်သမားတစ်ဦးချင်းအတွက် စိုက်ပျိုးစရိတ်အထောက်အကူဖြစ်စေဖို့နဲ့ အသေးစားနဲ့ အလတ်စား လုပ်ငန်းရှင်များ အရင်းအနှီးစုဆောင်းရာမှာ အထောက်အကူဖြစ်စေဖို့အတွက် အသေးစားနဲ့အလတ်စား ချေးငွေများ ရရှိရန်ကိုလည်း ကျွန်တော့်အနေနဲ့ အာရုံစိုက်လုပ်ဆောင်လျက်ရှိပါတယ်။

ကျွန်တော်တို့ အစိုးရအနေနဲ့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ရည်သန်ပြီး ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများ လွတ်မြောက်ရေးအတွက် အစဉ်အမြဲအာရုံစိုက် လုပ်ဆောင်လျက်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ အမှန်တကယ်ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရတဲ့ နိုင်ငံရေးအကျဉ်းသား တစ်ဦးတစ်ယောက်မျှ အကျဉ်းထောင်ထဲတွင် ရှိနေစေလိုခြင်းမရှိပါဘူး။ သို့သော်လည်း ယခင်ခေတ်အဆက်ဆက်က ရှုပ်ထွေးခဲ့တဲ့ ရာဇဝတ်မှုနဲ့နိုင်ငံရေးပြစ်မှု မကွဲပြားတဲ့ ကိစ္စရပ်တွေကို စိစစ်ဆောင်ရွက်နေရတဲ့အတွက် အချိန်ယူလုပ်ဆောင်နေရတာဖြစ်တယ်။ ယခုအခါမှာ ထိုကိစ္စရပ်များကို ရှင်းလင်းနိုင်ဖို့အတွက် လက်ကျန်နိုင်ငံရေးအကျဉ်းသား စိစစ်ရေးကော်မတီကို ကျယ်ပြန့်တဲ့ ပါဝင်မှုနဲ့ ဖွဲ့စည်းပြီးဆောင်ရွက်နေပြီဖြစ်တဲ့အတွက် မကြာခင်မှာအမှန်တကယ်ယုံကြည်ချက်ကြောင့် အကျဉ်းကျခံရသူများအားလုံး လွတ်မြောက်တော့မှာဖြစ်ပါတယ်။ သို့သော်လည်း နိုင်ငံရေးနဲ့ရောယှက်ပြီး အကြမ်းဖက်မှုများ၊ လူသတ်မှုများ၊ မုဒိမ်းမှု အစရှိတဲ့ ရာဇဝတ်မှုတွေ ကျူးလွန်ခဲ့တဲ့သူတွေကတော့ ထိုက်တန်တဲ့အပြစ်ဒဏ်ကို ခံယူရမှာဖြစ်ပါတယ်။ ဒီကိစ္စကို ကျွန်တော်အမေရိကန်ပြည်ထောင်စုကို ရောက်ရှိစဉ်ကာလမှာသက်ဆိုင်ရာအစိုးရအဖွဲ့အစည်းတွေနဲ့ လွှတ်တော်ကိုယ်စားလှယ်များကိုလည်း ရှင်းလင်းပြောကြားခဲ့ရာမှာ ကျွန်တော်တို့နဲ့သဘောထားတူညီတယ်ဆိုတာကို တွေ့ရှိခဲ့ရပါတယ်။

ကျွန်တော်တို့ အစိုးရအနေနဲ့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကိုရှေးရှုတဲ့ စေတနာသက်သက်နဲ့ နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးကို လုပ်ဆောင်နေတာဖြစ်ပြီး အချိန်အတိုင်းအတာတစ်ခု ယူရတာကလွဲပြီး တခြားနိုင်ငံရေးအမြတ်ထုတ်လိုမှုမရှိကြောင်း အလေးအနက်ပြောကြားလိုပါတယ်။ ဒါကြောင့် ကျွန်တော်တို့အစိုးရ လက်ထက်မှာ လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့တဲ့ နိုင်ငံရေးနဲ့ ဆက်နွှယ်အကျဉ်းကျခံခဲ့ရသူများနဲ့ပတ်သက်လို့ ပုဒ်မ၄၀၁ ကို နိုင်ငံရေးလက်နက်တစ်ခုအနေနဲ့အသုံးချပြီး အရေးယူခြင်းပြုလုပ်ရန် အစီအစဉ်မရှိကြောင်း တစ်ပါတည်း ပြောကြားလိုပါတယ်။

ပဋိပက္ခဖြစ်ပွားခဲ့ရာဒေသဖြစ်တဲ့ မိတ္ထီလာမြို့မှာ တည်ငြိမ်အေးချမ်းရေးကို ဆက်လက်ထိန်းသိမ်းထားနိုင်ရေးအတွက် နိုင်ငံတော်သမ္မတရဲ့ ဥပဒေကဲ့သို့အာဏာတည်သော အမိန့်အမှတ်(၁/၂၀၁၃)အရေးပေါ်အခြေအနေ ကြေညာခြင်းကို လွှတ်တော်မှ အတည်ပြုပေးရန်အဆိုအား ပထမဆုံးအကြိမ် ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးကိုခေါ်ယူပေးတဲ့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

မေလအတွင်းမှာ ကျွန်တော်တို့ ပြည်သူများဟာ မဟာစင်မုန်တိုင်းသတင်းကြောင့် စိုးရိမ်ပူပန်မှုတွေ ဖြစ်ပေါ်ခဲ့ရပါတယ်။ ကျွန်တော်တို့အစိုးရအနေနဲ့ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီနဲ့ အမျိုးသားသဘာဝ ကာကွယ်စောင့်ရှောက်ရေးစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီများကို အလျင်အမြန် ဖွဲ့စည်းပြီး မုန်တိုင်းဝင်ရောက်နိုင်တဲ့ နေရာဒေသများက ဒေသခံများကို လူမျိုးဘာသာခွဲခြားခြင်းမရှိဘဲ လူသားချင်းစာနာမှုဆိုင်ရာ အရေးပေါ်ကာကွယ်စောင့်ရှောက်မှုများ ပြုလုပ်နိုင်ဖို့ ကြိုတင်ပြင်ဆင်နိုင်ခဲ့ပါတယ်။ ကော်မတီများအနေနဲ့ သက်ဆိုင်ရာ ဝန်ကြီးဌာနများ တပ်မတော်အင်အားစုများနဲ့ ပူးပေါင်းညှိနှိုင်းပြီး ကယ်ဆယ်ရေးလုပ်ငန်းစဉ်များကို အားသွန်ခွန်စိုက်ဆောင်ရွက်ခဲ့ကြပါတယ်။ ကျွန်တော်တို့ပြည်သူများ စိုးရိမ်ပူပန်ခဲ့သလို မုန်တိုင်းဒဏ်ကို ခံခဲ့ရခြင်းမရှိပေမယ့် ဘေးအန္တရာယ်တွေ ကြုံတွေ့လာတဲ့အခါမှာ ရင်ဆိုင်ကျော်လွှားနိုင်ဖို့အတွက် အစိုးရ၊ ပြည်သူနဲ့တပ်မတော်တို့ အကောင်းဆုံး ပူးပေါင်းလုပ်ဆောင်နိုင်တဲ့ အနေအထားရှိနေပြီဆိုတာ ဝမ်းမြောက်ဖွယ်ရာ တွေ့ရှိရပါတယ်။

ကျွန်တော့်အနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေး ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကိုလည်း တင်ပြလိုပါတယ်။ ပြီးခဲ့တဲ့ မေလ ၃၀ ရက်နေ့က ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်မှုမှာ သမိုင်းဝင် အပြောင်းအလဲတစ်ရပ်ဖြစ်ပြီး ပြည်သူများအားလုံးအတွက် ဝမ်းမြောက်ဝမ်းသာရှိကြရမယ့်နေ့ပဲ ဖြစ်ပါတယ်။ မေလ ၃၀ ရက်နေ့ ပြည်ထောင်စုငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့နဲ့ KIO တို့ဟာ ပစ်ခတ်တိုက်ခိုက်မှုတွေ လျှော့ချရပ်ဆိုင်းနိုင်ဖို့အတွက်နဲ့ ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ဖို့အတွက်နဲ့ ငြိမ်းချမ်းရေးသဘောတူညီချက် (၇) ချက်ကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှာ လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ ယခုလို လက်မှတ်ရေးထိုးနိုင်မှုဟာ နှစ်ပေါင်းခြောက်ဆယ်ကျော် ကြာခဲ့ပြီဖြစ်တဲ့ လက်နက်ကိုင်ပဋိပက္ခတွေ ရပ်ဆိုင်းနိုင်ဖို့အတွက် ကြီးမားတဲ့ခြေလှမ်းတစ်ရပ်ဖြစ်ပြီး မြန်မာနိုင်ငံသားအားလုံးအတွက် ဂုဏ်သိက္ခာကြီးမားတဲ့ အောင်မြင်မှုတစ်ရပ်ပဲ ဖြစ်ပါတယ်။ ထာဝရငြိမ်းချမ်းရေးအတွက် စိတ်ရင်းစေတနာမှန်ကန်စွာနဲ့ ကြိုးပမ်းခဲ့ကြတဲ့ ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းအဖွဲ့၊ တပ်မတော်နဲ့ KIO အဖွဲ့အစည်းမှ ခေါင်းဆောင်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများအားလုံးကို ကျေးဇူးတင်ရှိကြောင်းနဲ့ အထူးသဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြုလုပ်နေစဉ်အတွင်း ငြိမ်းချမ်းရေးရချင်ပြီဆိုတာကို လှိုက်လှိုက်လှဲလှဲ ထုတ်ဖော်ပြသခဲ့ကြတဲ့ ပြည်သူများကိုလည်း အလေးအနက်ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ ဘယ်နိုင်ငံမှာမှ မကြုံဖူးခဲ့တဲ့ အသွင်ကူးပြောင်းရေးလမ်းကြောင်းတစ်ရပ်ကို လျှောက်လှမ်းချီတက်နေရတာဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ များပြားလှတဲ့ မရေရာမသေချာမှုများ၊ ကြီးမားတဲ့ စိန်ခေါ်မှုများ၊ အဟန့်အတားများနဲ့ ပြည့်နှက်နေတဲ့ မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ဦးစီးပဲ့ကိုင်နေရာကနေ လုပ်ကိုင်နေရတဲ့ ကျွန်တော့်အနေနဲ့ ယခုအစိုးရသက်တမ်းကျန်ရှိနေသေးတဲ့ ကာလများမှာလည်း အစိုးရအဖွဲ့၊ လွှတ်တော်များ၊ နိုင်ငံရေးအင်အားစုများ၊ အရပ်ဘက်အဖွဲ့ အဖွဲ့အစည်းများ၊ တပ်မတော်နှင့် ပြည်သူလူထုတစ်ရပ်လုံးရဲ့ ပူးပေါင်းပါဝင်မှုကို အခြေခံပြီး မှန်ကန်တဲ့စေတနာနဲ့ မဆုတ်မနစ်လုပ်ဆောင်သွားရန် သန္နိဋ္ဌာန်ချထားကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

**မိဘပြည်သူများကျန်းမာကြပါစေ**

## နေပြည်တော် ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံသို့ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအတွက် အလှူငွေပေးအပ်

**နေပြည်တော် ဇွန် ၄**

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာ မွန်မွန်အောင်နှင့် ဗဟို အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် ဇွန် ၃ ရက် မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော် ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံသို့ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ခွဲစိတ်မည့်လူနာ ၃၀ အတွက် လှူဒါန်းငွေ ကျပ် ၃၀၀၀၀၀၀ ကို မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ မွန်မွန်အောင်က ပေးအပ်ရာ ခုတင် (၁၀၀၀) ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ် ဒေါက်တာကျော်မြင့်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်မှုဆောင်အဖွဲ့ဝင်များသည် ခွဲစိတ်ပြီးလူနာနှင့် ခွဲစိတ်မည့်လူနာများအား လှည့်လည်ကြည့်ရှုပြီး အားပေးစကားများ ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပလင်းတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

## သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ ရွှေရတုမြန်မာ့ကျောက်မျက်ရတနာပြပွဲ သတင်းကြေညာချက်

(၄-၆-၂၀၁၃)

၁။ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီသည် ရွှေရတုမြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမနှင့် မြန်မာ့ကျောက်မျက်ရတနာပြတိုက် (ရတနာဈေးအထပ်)တို့တွင် ၂၀၁၃ ခုနှစ် ဇွန် ၁၅ ရက်နေ့မှ ၂၇ ရက်နေ့အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ရတနာပြပွဲတွင် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် တင်ပြရောင်းချမည်ဖြစ်ရာ ၄-၆-၂၀၁၃ရက်နေ့အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ကျောက်စိမ်းအတွဲ ၉၆၅၇ တွဲ၊ ကျောက်မျက်အတွဲ ၂၆၉ တွဲ၊ ပုလဲအတွဲ ၂၃၄ တွဲ၊ ဈေးပြိုင်စနစ်ဖြင့် ကျောက်စိမ်းအတွဲ ၃၄၆ တွဲ၊ ကျောက်မျက်အတွဲ ၉၈ တွဲ၊ ပုလဲအတွဲ ၂၁ တွဲကို တင်ပြရောင်းချနိုင်ရန် လက်ခံရရှိပြီးဖြစ်ပါသည်။

၃။ ရတနာပြပွဲတက်ရောက်နိုင်ရန်အတွက် ပြည်တွင်း ပြည်ပရတနာကုန်သည်များ မှတ်ပုံတင်ခြင်းလုပ်ငန်းကို ရတနာပြပွဲအကြိုကာလမှ စတင်ဆောင်ရွက်လျက်ရှိရာ ၄-၆-၂၀၁၃ ရက်နေ့အထိ ပြည်ပရတနာကုန်သည် ၂၈၅ ဦးနှင့် ပြည်တွင်းရတနာကုန်သည် ၂၉ ဦးအတွက် မှတ်ပုံတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာပြပွဲ**
**ဗဟိုကော်မတီ**



နိုင်ငံတကာသတင်း

# ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန် ဂျပန်သို့ ချစ်ကြည်ရေးခရီးထွက်မည်

**ပါရီ ဇွန် ၄**

ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်သည် ဂျပန်နိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ တရားဝင်ချစ်ကြည်ရေးအလည်အပတ်ခရီးအဖြစ် ဇွန် ၆ ရက်မှ ၈ ရက်အထိ တိုကျိုမြို့သို့သွားရောက်မည်ဖြစ်ကြောင်း ပြင်သစ်သမ္မတရုံးက ဇွန် ၄ ရက်တွင် ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်၌ ဖော်ပြသည်။

ပြင်သစ်သမ္မတနှင့် ဇနီးတို့သည် ဂျပန်နိုင်ငံ၌ ဂျပန်ဘုရင် အကီဟီတိုနှင့် မိဖုရား မီချိကိုတို့အား တွေ့ဆုံရန် စီစဉ်ထားသည်။ တစ်ဖန် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့်လည်းတွေ့ဆုံကာ နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရန် ဆွေးနွေးကြမည်ဖြစ်သည်။

ပြင်သစ်သမ္မတသည် ဂျပန်နိုင်ငံတွင် လွှတ်တော်အမတ်များအား မိန့်ခွန်းပြောကြားမည်ဖြစ်ပြီး ပြင်သစ်နှင့် ဂျပန်စီးပွားရေးခေါင်းဆောင်များကိုလည်း မိန့်ခွန်းပြောကြားမည်ဖြစ်သည်။ ထို့အပြင် ဂျပန်လူငယ်များ၊ ယဉ်ကျေးမှုဝန်ထမ်းများနှင့်လည်း တွေ့ဆုံမည်ဖြစ်သည်။

တစ်ဖန် ဂျပန်အမျိုးသားပြတိုက်တစ်ခုနှင့် ပြင်သစ်-ဂျပန်နည်းပညာဆိုင်ရာဌာနသို့လည်း ပြင်သစ်သမ္မတက အလည်အပတ်သွားရောက်မည်ဖြစ်သည်ဟု ပြင်သစ်သမ္မတရုံးက ထုတ်ပြန်သော အစီရင်ခံစာ၌ ဆက်လက် ဖော်ပြထားသည်။



ထို့အပြင် ပြင်သစ်သမ္မတဟော်လန်နှင့် ဂျပန်ဝန်ကြီးချုပ် အာဘေးတို့သည် ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ်ပြုလုပ်ရန် စီစဉ်ထားကြောင်း ၎င်းအစီရင်ခံစာ၌ ထပ်မံဖော်ပြထားသည်။ **(ဆင်ဟွာ)**

# သူဌေးသူကြွယ်အများဆုံးရှိသော နိုင်ငံများစာရင်း ထုတ်ပြန်

**နယူးယောက် ဇွန် ၄**

ကမ္ဘာပေါ်တွင် သန်းကြွယ်သူဌေးများစွာရှိသော နိုင်ငံဒေသများတွင် အစ္စရေးနိုင်ငံသည် ထိပ်တန်း ၁၀ နိုင်ငံစာရင်း၌ ပါဝင်ကြောင်း ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲရေးနှင့် စီးပွားရေးဝန်ဆောင်မှု ကုမ္ပဏီအုပ်စုက ထုတ်ပြန်သည်။

နိုင်ငံ့လူဦးရေနှုန်း၏ အချိုးအရ သန်းကြွယ်သူဌေး အများဆုံးရှိနေသော နိုင်ငံများစာရင်းတွင် အစ္စရေးနိုင်ငံသည် နံပါတ် ၁၀ ချိတ်ကြောင်း၊ ၂၀၁၂ ခုနှစ် စာရင်းဇယားတွင် လူဦးရေ ရှစ်သန်းသာရှိသော အစ္စရေးနိုင်ငံသည် သန်းကြွယ်သူဌေးဦးရေ ၈၄၀၀၀ ရှိကြောင်း ၎င်းအုပ်စုက ဆိုသည်။

အဆိုပါ အုပ်စုကထုတ်ပြန်သော ကမ္ဘာ့ကြွယ်ဝမှု ၂၀၁၃ ခုနှစ် သတင်းထုတ်ပြန်ချက်တွင် သူဌေးသူကြွယ်အများဆုံးရှိသည့် နိုင်ငံသည် ကာတာနိုင်ငံဖြစ်ကြောင်း သိရသည်။ နိုင်ငံအတွင်းနေပြည်သူ ၁၄ ဒသမ ၃ ရာခိုင်နှုန်းသည် သန်းကြွယ်မိလျံနာသူဌေးစာရင်းဝင်ဖြစ်ကြောင်း၊ ကာတာလူဦးရေ နှစ်သန်းတွင် ၅၀၀၀၀ ခန့်သည် သန်းကြွယ်သူဌေးများဖြစ်ကြောင်း ဖော်ပြသည်။

ကာတာနိုင်ငံပြီးလျှင် စာရင်းတွင် ထိပ်ဆုံးမှပါဝင်သော နိုင်ငံများမှာ ဆွစ်ဇာလန်၊ ကူဝိတ်၊ ဟောင်ကောင်နှင့် စင်ကာပူနိုင်ငံများဖြစ်ကြောင်း ယင်းသတင်းထုတ်ပြန်ချက်တွင်ပါရှိသည်။ **(ဆင်ဟွာ)**

# အာဖဂန်နစ္စတန်နိုင်ငံ၌ ကံဆိုးသောမိသားစုတစ်စု လမ်းဘေးဗုံးဖောက်ခွဲမှုနှင့် ကြုံခဲ့ရ

**ကဘူးလ် ဇွန် ၄**

အာဖဂန်နစ္စတန်နိုင်ငံ ဖာရက်ပြည်နယ်အနောက်ပိုင်း၌ လမ်းဘေးဗုံးပေါက်ကွဲမှုတစ်ခုတွင် ဖခင်ဖြစ်သူနှင့် ကလေးသုံးဦးသေဆုံးခဲ့ပြီး မိခင်ဖြစ်သူမှာ ပြင်းထန်စွာဒဏ်ရာရရှိသွားသည်ဟု ပြည်နယ်အစိုးရ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားကြောင်း ဇွန် ၄ ရက်က ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါ ဗုံးပေါက်ကွဲမှုသည် လက်ချ်ဝါဂျူဝါရန်ခရိုင်အလယ်ပိုင်းမှ ကျေးရွာတစ်ရွာသို့ မိသားစုတစ်စု ကားမောင်းလာစဉ် ယင်းနေ့ ဒေသစံတော်ချိန် နံနက် ၇ နာရီခန့်က ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရသူနှင့် သေဆုံးသူများအား ကဘူးလ်မြို့ ဆေးရုံသို့ တင်ပို့ခဲ့ရပြီး အဆိုပါ ဗုံးဖောက်ခွဲမှုမှာ ယင်းဒေသ၌ လှုပ်ရှားနေသော တာလီဘန်များကြောင့်ဟု ဆိုသည်။

တာလီဘန်များသည် အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပစ်မှတ်ထားကာ လမ်းဘေးဗုံးဖောက်ခွဲမှုများ ပြုလုပ်သော်လည်း ၎င်းတို့၏ဆိုးရွားသော တိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံးဒဏ်ရာရမှုအများ အပြားရှိခဲ့သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်နှစ်ပတ်အတွင်း အာဖဂန်၌ တိုက်ခိုက်မှုများစွာတွင် အပြစ်မဲ့ပြည်သူ ၁၂၅ ဦး သေဆုံးခဲ့ရပြီး ၂၈၇ ဦးဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။ ဇွန် ၃ ရက်ကလည်း အလားတူ လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် လူခုနစ်ဦးပါသော မိသားစုတစ်စုတွင် အမျိုးသမီးလေးဦးနှင့် ကလေးနှစ်ဦး သေဆုံးခဲ့သောဖြစ်ရပ်တစ်ခု ကဘူးလ်မြို့အရှေ့ဘက် ကီလိုမီတာ ၉၀ အကွာတွင် ဖြစ်ပွားခဲ့သည်ဟုသိရသည်။ **(ဆင်ဟွာ)**

# ကမ္ဘာ့စီးပွားရေးဗဟို အာရှဒေသဖြစ်လာမည်

**ဗန်ကောက် ဇွန် ၄**

အနာဂတ်ကာလ၏ မဝေးတော့သည့်အချိန်တွင် ကမ္ဘာ့စီးပွားရေးဗဟိုအချက်အချာသည် အာရှဖြစ်လာမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်ဟောင်းဖြစ်သူက အင်တာဗျူး အမေးအဖြေတစ်ခုတွင် ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံ၏ ဝါရင့်နိုင်ငံရေးသမားတစ်ဦးဖြစ်ပြီး ထိုင်း-တရုတ်မိတ်ဖက်ဆက်ဆံရေးသင်္ဂဟအမှုဆောင်ဥက္ကဋ္ဌလည်းဖြစ်သူ ဒုတိယဝန်ကြီးချုပ်ဟောင်း ခွန်ဒပ်ဘာရန်စီက ဆင်ဟွာနှင့်အင်တာဗျူးတွင် ကမ္ဘာ့ရေးရာကို ယင်းသို့ ဖြေကြားသွားခြင်းဖြစ်သည်။

ကမ္ဘာ့ဘဏ္ဍာစီးပွားရေးသည် အရှေ့သို့ဦးတည်နေပြီဖြစ်ကြောင်း၊ စီးပွားရေးဗဟိုသည် အာရှဒေသဖြစ်လာမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

"လက်ရှိမှာအာရှရဲ့ အရေးပါမှုကို တစ်ကမ္ဘာလုံးက အကဲခတ်နေပါပြီ။ အာရှဒေသတစ်ခုလုံးကလည်း စီးပွားရေးအင်အားကြီး တရုတ်နိုင်ငံနဲ့ ဆက်ဆံရေးကို အလေးထားဆောင်ရွက်နေပါတယ်" ဟု ခွန်က ဆက်လက်ပြောကြားသည်။ **(ဆင်ဟွာ)**

# စင်ကာပူ၌ နေအိမ်ခန်းများတည်ဆောက်ဖြည့်ဆည်းမှု ၂၀၁၅ ခုနှစ်နောက်ပိုင်း လျှော့ချသွားမည်

**စင်ကာပူ ဇွန် ၄**

စင်ကာပူနိုင်ငံသည် ပြည်သူများ၏နေအိမ်ခန်းလိုအပ်ချက်များကို တိုးမြှင့်ဖြည့်ဆည်းပေးလျက်ရှိရာ ၂၀၁၁ ခုနှစ်ကတည်းက တဖြည်းဖြည်း နေအိမ်လိုအပ်ချက် လျော့နည်းလာလျက်ရှိပြီး ဈေးကွက်၌ နေအိမ်ခန်းများပိုလျှံမှုမှ ကာကွယ်ရန် ၂၀၁၅ ခုနှစ်နောက်ပိုင်း နေအိမ်ခန်းဖြည့်ဆည်းပေးမှုများ လျှော့ချသွားတော့မည်ဖြစ်ကြောင်း စင်ကာပူမီဒီယာများက ဇွန် ၄ ရက်တွင် ဖော်ပြသည်။

စင်ကာပူသည် ၂၀၁၁ ခုနှစ်တွင် ပြည်သူများ၏ နေအိမ်လိုအပ်မှုကို ဖြည့်ဆည်းပေးသည့်အနေဖြင့် အိမ်ခန်း ၂၅၀၀၀ ခန့်သာ ရောင်းချပေးခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် နေအိမ်ခန်းပေါင်း ၂၇၀၀၀ ထပ်မံရောင်းချပေးခဲ့သည်။ ထို့အတူ ယခုနှစ်တွင် နေအိမ်ခန်းပေါင်း ၂၅၀၀၀ ခန့်ရောင်းချပေးရန် စီစဉ်ထားသည်။



စင်ကာပူတွင် အိမ်ခန်းများဝယ်ယူမှုနည်းပါးလျက်ရှိရာ ရေရှည်တွင် ဆက်လက်ထိန်းထားနိုင်ဖွယ်ရာ မရှိကြောင်း စင်ကာပူနိုင်ငံ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးကျူဘွန်ဝမ်က ပြောကြားသည်။ သို့သော် မိမိတို့စိုးရိမ်စရာမရှိကြောင်း၊ တစ်ဦးချင်းနှင့် အဖွဲ့အစည်းများ အလိုက် အခန်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

စင်ကာပူ၌ တစ်နှစ်လျှင် အိမ်ခန်း ၂၅၀၀၀ တည်ဆောက်လျက်ရှိနေမှုအစား နှစ်စဉ်မိသားစုသစ် ၁၅၀၀၀ ခန့်အတွက် ဖြည့်ဆည်းပေးနိုင်ရန်အတွက်သာ တည်ဆောက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။ **(ဆင်ဟွာ)**

# ပက်ထရီရော့ဒုံးကျည်များနှင့် ဂျက်တိုက်လေယာဉ်များ အမေရိကန်က ဂျော်ဒန်နိုင်ငံသို့ ပေးပို့မည်

**ဝါရှင်တန် ဇွန် ၁**

အမေရိကန်နိုင်ငံသည် စစ်ရေးလေ့ကျင့်မှုတစ်ရပ်အတွက် ဂျော်ဒန်နိုင်ငံသို့ ပက်ထရီရော့ဒုံးကျည်စနစ်များနှင့် F16 ဂျက်တိုက်လေယာဉ်များဖြန့်ကြက်ရန်နှင့် စစ်ရေးလေ့ကျင့်မှုပြီးနောက် ယင်းဒုံးကျည်စနစ်များအပါအဝင် ဂျက်တိုက်လေယာဉ်များထားရှိရန်အစီအစဉ်အား ဆုံးဖြတ်ခဲ့ကြောင်း ဇွန် ၄ ရက်က ပရက်စ်တီဗွီသတင်းတစ်ရပ်၌ ဖော်ပြသည်။

အဆိုပါပူးပေါင်းစစ်ရေးလေ့ကျင့်မှုပြီးနောက် ဒုံးကျည်စနစ်များနှင့် ဂျက်တိုက်လေယာဉ်များကို ဂျော်ဒန်နိုင်ငံအတွင်း၌ ဖြန့်ကြက်ချထားမည့် အစီအစဉ်ကို အမေရိကန်နိုင်ငံ ကာကွယ်ရေးဝန်ကြီး ချပ်ဟာဂဲလ်က သဘောတူထောက်ခံခဲ့သည်ဟု ပင်တဂွန်အရာရှိများက ဇွန် ၃ ရက်တွင် ပြောကြားသည်။ နေတိုးတပ်ဖွဲ့သည် စစ်ဘေးစစ်ဒဏ်ခံနေရသော ဆီးရီးယားနိုင်ငံမြောက်ပိုင်း အိမ်နီးချင်း တူရကီနိုင်ငံသို့ ပက်ထရီရော့ဒုံးကျည်ခြောက်ခု ပို့ဆောင်ဖြန့်ကြက်ခဲ့ပြီးနောက် လအတန်အကြာတွင် ဂျော်ဒန်နိုင်ငံတောင်ပိုင်းဝန်းကျင်သို့ အဆိုပါဒုံးကျည်များ ဖြန့်ကြက်မည်ဖြစ်သည်။

အမေရိကန်နိုင်ငံသည် ဂျော်ဒန်နိုင်ငံသို့ တပ်ဖွဲ့ဝင် ၂၀၀ နှင့် တူရကီနိုင်ငံသို့ တပ်ဖွဲ့ဝင် ၄၀၀ ဖြန့်ကြက်ချထားပြီးဖြစ်သည်။ **(ပရက်စ်တီဗွီ)**







❒ *ရှေ့ဖုံးမှ*

သေသေချာချာစိစစ်ပြီး ဖိုရမ်တက်ရောက်သူတိုင်း စနစ်တကျနဲ့ ဝင်ခွင့်ရရှိဖို့ Security စင်တာကနေ စိစစ်လက်ခံ ဆောင်ရွက်ပေးနေပါတယ်။ အားလုံးကို ချိတ်ဆက်ပြီး စနစ်တကျနဲ့ဆောင်ရွက်ပေးနေပြီး ကျွန်တော့်အမြင်ပြောရရင် အခု နေပြည်တော်မှာ တကာမှ ခေါင်းဆောင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ကဏ္ဍအသီးသီးအလိုက် စွန့်ဦးတီထွင်သူများ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်းအင်အား ၁၀၀၀ ကျော် တက်ရောက်မည်ဖြစ်ကာ အမေရိကန်၊ ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ ဘရာဇီး၊ ကနေဒါ၊ ပြင်သစ်၊ ကမ္ဘောဒီးယား၊ ဒိန်းမတ်၊ နော်ဝေ၊ စီးပွားရေးလုပ်ငန်းရှင် ၁၅၀ ခန့် အပါအဝင် စုစုပေါင်း လူဦးရေ ၁၀၀၀ ကျော်ခန့် တက်ရောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အာရှဒေသ ဖွံ့ဖြိုးတိုးတက်ရေး လေ့လာစောင့်ကြည့်သူ Mr. Carl-kalapesi က ဖိုရမ်၏အဓိက ဆောင်ပုဒ်ဖြစ်သည့် အာလုံးအကျုံးဝင်ပေါင်း



(၂၂)ကြိမ်မြောက် ကမ္ဘာ့စီးပွားရေးဖိုရမ် အရှေ့အာရှအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နေသော တာဝန်ရှိသူများအား တွေ့ရစဉ်။

ကျင်းပမယ့် ကမ္ဘာ့စီးပွားရေးဖိုရမ် အရှေ့အာရှကနေ ကမ္ဘာတစ်ဝန်းလုံးအတွက် အကျိုးရှိစေမယ့် အချက်အလက်တွေနဲ့ မြန်မာနိုင်ငံအတွက် အရေးကြီးတဲ့ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်မှုတွေကို ရရှိစေနိုင်မယ့် တွန်းအားတစ်ရပ် ဖြစ်ပါတယ်” ဟု ပြန်လည်ဖြေကြားသည်။

ဇွန် ၅ ရက်၌ စတင်ကျင်းပတော့မည့် ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ နိုင်ငံ ဂျပန်၊ ကိုရီးယား၊ တရုတ်၊ ဂျာမနီ၊ ဟောင်ကောင်၊ အိုင်ယာလန်၊ အိန္ဒိယ၊ အီတလီ၊ အင်ဒိုနီးရှား၊ ကူဝိတ်၊ လာအို၊ မလေးရှား၊ မက္ကဆီကို၊ မွန်ဂိုလီးယား၊ နယ်သာလန်၊ နယူးဇီလန်၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ နိုင်ဂျီးရီးယား၊ အစ္စရေး၊ စင်ကာပူ အစရှိသည့် နိုင်ငံအသီးသီးတို့မှ နိုင်ငံ့ခေါင်းဆောင်အစိုးရအဖွဲ့ဝင်များ၊ စီးပွားရေးပညာရှင်များနှင့် မြန်မာနိုင်ငံမှ အစိုးရအဖွဲ့ဝင်များ စည်းရေးအတွက် သတ္တိရှိရှိ ပြုပြင်ပြောင်းလဲရေး၌ မြန်မာနိုင်ငံအပါအဝင် နိုင်ငံအသီးသီး ဝိုင်းဝန်းဆွေးနွေးကာ တိုးတက်သည့် လူ့အဖွဲ့အစည်း ဖြစ်ပေါ်လာစေရန်အတွက် ဖိုရမ်ကောင်းတစ်ခုဖြစ်လာနိုင်ကြောင်း ခန့်မှန်းပြောကြားသည်။

ပွင့်လင်းလာသည့် အခွင့်အရေးများနှင့် မြန်မာနိုင်ငံအတွက် ယခုကျင်းပမည့် ကမ္ဘာ့စီးပွားရေးဖိုရမ်မှ သည် မြန်မာလူထုတစ်ရပ်လုံးအတွက် အကျိုးကျေးဇူးများစွာရရှိကာ ကဏ္ဍအလိုက် အောင်မြင်တိုးတက်မှုရှိလာမည်မှာ သေချာကြောင်း အိုင်စီတီကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဝင်ရောက်ဆွေးနွေးရန် ပြင်ဆင်နေသည့် ဦးရှိန်းသူအောင်ကလည်း ပြောကြားခဲ့သည်။

(၂၂)ကြိမ်မြောက် ကမ္ဘာ့စီးပွားရေးဖိုရမ် အရှေ့အာရှအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကဏ္ဍအသီးသီး၏ အမြင်များနှင့် ဖော်ဆောင်နေမှုအချို့အား တင်ပြရင်း မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ်အဖြစ် ကျင်းပခွင့်ရရှိသည့် ကမ္ဘာ့စီးပွားရေးဖိုရမ် အရှေ့အာရှအား ကြိုဆိုလိုက်ပါသည်။

## (၂၂)ကြိမ်မြောက် အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်သို့တက်ရောက်ရန် ကိုယ်စားလှယ်အဖွဲ့များ နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် ဇွန် ၄**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၂၂)ကြိမ်မြောက် အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr.Keat Chhon ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ထိုင်းနိုင်ငံမှ သတင်းအချက်အလက်၊ ဆက်သွယ်ရေးနည်းပညာဝန်ကြီး H. E. Mr. Anudith Nakornthap ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် ယနေ့ ညနေ ၆ နာရီ မိနစ် ၄၀ တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိလာကြရာ နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသာအောင်ညွှန့်၊ ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းနိုင်နှင့်တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

နံနက်ပိုင်းနှင့်မွန်းလွဲပိုင်းကလည်း အရှေ့အာရှနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့များနှင့် စီးပွားရေးဆိုင်ရာ အဖွဲ့အစည်းများသည် နေပြည်တော်သို့ လေကြောင်းခရီးဖြင့် လည်းကောင်း၊ မော်တော်ယာဉ်များဖြင့် လည်းကောင်း ရောက်ရှိလာကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ခေတ္တတည်းခိုမည့် ဟိုတယ်များသို့ ပို့ဆောင်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## ၂၄ နာရီအတွင်း ကြိုးဆွဲချသေဆုံးမှု သုံးမှု တောင်ငူခရိုင်အတွင်းဖြစ်ပွား

**တောင်ငူ ဇွန် ၄**

တောင်ငူခရိုင် ထန်းတပင်မြို့နယ် အောင်သုခရပ်ကွက်တွင် ဇွန် ၁ ရက် နံနက် ၁၀ နာရီခွဲတွင် လူတစ်ဦး ကြိုးဆွဲချ သေဆုံးမှုဖြစ်ပွားခဲ့သည်။ သေဆုံးသူမှာ အောင်မြင့်လွင် (၄၂ နှစ်) အောင်သုခရပ်ကွက်နေသူဖြစ်ပြီး အမြင့် ၆ ပေ ၅ လက်မခန့်ရှိသည့် နေအိမ်ထုပ်တန်းမှ အရှည် ၉ ပေ ၆ လက်မခန့် ရှိ ပလတ်စတစ် အနီရောင်ကြိုးဖြင့် ကြိုးဆွဲချစဉ် ကြိုးပြတ်ပြီး နေအိမ်ကြမ်းပြင်ပေါ်တွင် မှောက်လျက် အနေအထားဖြင့် သေဆုံးကြောင်း သိရသည်။ အဆိုပါ ရက်တစ်ရက်တည်းမှာပင် ရေတာရှည်မြို့နယ် ဘိုးတော်ကုန်းကျေးရွာအုပ်စု အမှတ် (၁) ရပ်ကွက် မျိုးမြင့်အောင်၏ ပိတ်ထားသော ကွမ်းယာဆိုင်ထဲတွင် လှိုင်ဝင်း (၃၂ နှစ်)သည် ပလတ်စတစ်ကြိုး ငါးမူးလုံးခန့်ဖြင့် ကြိုးဆွဲချ သေဆုံးမှု ဇွန် ၁ ရက် ည ၈ နာရီခွဲခန့်က ဖြစ်ပွားခဲ့သည်။

ထို့အပြင် ဇွန် ၂ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၃၀ ခန့်တွင် ဖြူးမြို့နယ် ကင်ပွန်းချုံကျေးရွာအုပ်စု ပျဉ်းမပင်ကျေးရွာနေ ဦးတင်မြင့်(၆၃ နှစ်)သည် ဘုန်းတော်ကြီးကျောင်း ဂန္ဓကုဋိဘုရားကျောင်းဆောင်အတွင်းရှိ လျောက်တန်းတွင် အရှည် ၁၀ ပေခန့် ပလတ်စတစ်ကြိုးသုံးပင်လိမ်နီပြာရောင်ကြိုးကိုချည်လျက် လည်ပင်းညှိမည်းဒဏ်ရာဖြင့် ကြိုးဆွဲချသေဆုံးကြောင်း သိရသည်။ သေဆုံးသူများအား သက်ဆိုင်ရာမှ ဓမ္မတာတိုင်း သေဆုံးကြောင်း ဟုတ်မဟုတ် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ (၁၂၃)

**ပြည်တွင်းသတင်း**

# အနည်းဆုံးအခကြေးငွေဥပဒေ အာဏာတည်သည့်နေ့ရက် သတ်မှတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာအမှတ် ၅၂/၂၀၁၃**
**၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်**
**(၂၀၁၃ ခုနှစ်၊ ဇွန်လ ၄ ရက်)**

**၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေ အာဏာတည်သည့်နေ့ရက် သတ်မှတ်ခြင်း**

၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေသည် ၂၀၁၃ ခုနှစ်၊ ဇွန်လ ၄ ရက်၊ (၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်)နေ့တွင် ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေ ဥပဒေပုဒ်မ ၁၊ ပုဒ်မခွဲ (ခ)အရ စတင်အာဏာတည်သည်ဟု သတ်မှတ်လိုက်သည်။

**(ပုံ)သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**




**စာပေမြင့်မှ လူမျိုးတင့်မည်**



ဆောင်းပါး

# လေထုညစ်ညမ်းမှု

**အငြိမ်းစားပါမောက္ခချုပ်**
**ဦးဝင်းကြည်(သစ်တောတက္ကသိုလ်)**

လူသားများနှင့် သက်ရှိသတ္တဝါများ ရှင်သန်ရေးတွင် လေသည် အဓိကပဓာန အကျဆုံးဖြစ်ပြီး ယင်းလေသည်လည်းသန့်ရှင်းလတ်ဆတ်သောလေ (Fresh Air) ဖြစ်ရန် အလွန်အရေးကြီးပါသည်။ ထို့ကြောင့် လေထုညစ်ညမ်းမှု မဖြစ်စေရန် အလွန်အရေးကြီးပါသည်။ ကမ္ဘာ့ရာသီဥတုပြောင်းလဲဖောက်ပြန်မှု ဟန့်တားတိုက်ဖျက်ရေးသည် ကမ္ဘာ့နိုင်ငံအသီးသီးက ဝိုင်းဝန်းဆောင်ရွက်ကြရမည့် ပြဿနာကြီးတစ်ခု ဖြစ်လာပါသည်။ လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးသည်လည်း အစိုးရတိုင်း၊ နိုင်ငံသားတိုင်း၏ တာဝန်တစ်ရပ်ဖြစ်လာပါသည်။

ယခုအခါ ကမ္ဘာတစ်ဝန်း စက်ရုံ၊ အလုပ်ရုံများ၊ စက်တပ်ယာဉ်ယန္တရားများ၊ သတ္တုတူးဖော်ရေးလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်များပြားလာသည်နှင့်အမျှ ကမ္ဘာ့လေထုသည် သန့်ရှင်းမှု လျော့နည်း၍လာပါသည်။ လူနေထူထပ်ပြီး စက်ရုံများ၊ မော်တော်ယာဉ်များ ပေါများသည့် မြို့ကြီးများတွင် လေထုညစ်ညမ်းလျက်ရှိသည့် သတင်းများကို အဆက်မပြတ် ကြားသိနေရပါသည်။

လေထုညစ်ညမ်းမှုဖြစ်ရခြင်းမှာ လေထုအတွင်းသို့ ဓာတုပစ္စည်းများ (Chemicals)၊ အလွန်သေးငယ်သော အမှုန်များ (Particulates) နှင့် ဇီဝပစ္စည်းများ (Biological Materials) ရောက်ရှိလာခြင်းကြောင့်ဖြစ်ပြီး လေထုညစ်ညမ်းမှုကြောင့် လူသားများကို မအီမသာဖြစ်စေခြင်း၊ ရောဂါဘယဖြစ်စေခြင်း၊ သေဆုံးစေခြင်းနှင့် သီးနှံကဲ့သို့သော ဇီဝရုပ်များ (Living Organism) ကို ပျက်စီးစေခြင်း သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။

လေထုထဲရှိ ဝတ္ထု (substance) တစ်ခုသည် လူသားများနှင့် သဘာဝပတ်ဝန်းကျင်ကို ဥပဒ်ပေးပါက ယင်းကိုညစ်ညမ်းစေသည့်ပစ္စည်းကို (Pollutant)ဟုသတ်မှတ်သည်။ ယင်းပစ္စည်းများသည် အစိုင်အခဲအဖြစ်နှင့်သော်လည်းကောင်း၊ အရည်အဖြစ်နှင့်သော်လည်းကောင်း၊ အငွေ့အဖြစ်နှင့်သော်လည်းကောင်း တည်ရှိနိုင်သည်။ ယင်းတို့ကို အဓိက ညစ်ညမ်းပစ္စည်းများ (Primary Pollutants) နှင့် ဆင့်ပွားညစ်ညမ်းပစ္စည်းများ (Secondry Pollutants) ဟု နှစ်မျိုးခွဲခြားထားသည်။ ဆင့်ပွားညစ်ညမ်းပစ္စည်းများသည် တိုက်ရိုက်ထုတ်လွှတ်ခြင်းမဟုတ်ဘဲအဓိကညစ်ညမ်းပစ္စည်းများဓာတ်ပြုခြင်း (react) ဖြင့် ဖြစ်စေ၊ တုံ့ပြန်ခြင်း (interact) ဖြင့်ဖြစ်စေ ထွက်ပေါ်လာခြင်းဖြစ်သည်။ မြေပြင် အနီးတစ်ဝိုက်တွင်ရှိသော အိုဇုန်း ($O_3$) ဓာတ်ငွေ့များသည် ဆင့်ပွားညစ်ညမ်း ပစ္စည်းများစွာအနက် တစ်ခုအပါအဝင်ဖြစ်ပြီး ယင်းသည် မီးခိုးမြူများ (smog) ကို ဖြစ်ပေါ်စေသည်။ ညစ်ညမ်းပစ္စည်းများသည် သဘာဝအရသော်လည်းကောင်း၊ လူသားများ၏ လုပ်ဆောင်ချက်များကြောင့်သော်လည်းကောင်း ဖြစ်ပေါ်နိုင်သည်။ လူသားများ၏ လုပ်ဆောင်ချက်များကြောင့် ထွက်ရှိလာသော အဓိကညစ်ညမ်းပစ္စည်းများကို အောက်တွင်ဖော်ပြထားပါသည်။

(၁) **ဆာလ်ဖာဒိုင်အောက်ဆိုက်များ -** Sulphur Oxides ($SO_x$) ယင်းတို့တွင် ဆာလ်ဖာဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ($SO_2$) သည် အဓိကကျပြီး ယင်းဓာတ်ငွေ့ကို မီးတောင်များနှင့် စက်မှုလုပ်ငန်းမျိုးစုံမှ ထုတ်လွှတ်သည်။ ကျောက်မီးသွေး၊ ရေနံနှင့်ရေနံထွက်ပစ္စည်းများ (petroleum) တွင် ဆာလ်ဖာ (ကန့်) ပါဝင်သဖြင့် ယင်းတို့ လောင်ကျွမ်းသည့်အခါတွင်လည်း $SO_2$ ဓာတ်ငွေ့ကို ထုတ်လွှတ်သည်။

(၂) **နိုက်ထရိုဂျင်အောက်ဆိုက်များ** ($NO_X$) ယင်းတို့တွင် နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် ($NO_2$) ဓာတ်ငွေ့သည် အဓိကကျပြီး အပူချိန်အလွန် မြင့်မားစွာ လောင်ကျွမ်းသောအခါ $NO_2$ ကို ထုတ်လွှတ်သည်။ လျှပ်စစ်မုန်တိုင်းများကျရောက်သည့်အခါတွင်လည်း $NO_2$ ဓာတ်ငွေ့များ ထုတ်လွှတ်သည်။ နီညိုရောင်ရှိပြီး စူးရှသောအနံ့ရှိသည့် အဆိပ်ဖြစ်စေသည့် ၎င်းဓာတ်ငွေ့သည် လေထုညစ်ညမ်းမှုဖြစ်စေသော ပစ္စည်းများအနက် အရေးပါသည့် ဓာတ်ငွေ့တစ်ခုဖြစ်သည်။ $NO_2$ ကို အချိန်ကြာကြာ ရှူရှိုက်မိပါက ချောင်းဆိုးရင်ကျပ်နာ ဖြစ်ပွားနိုင်သည်။ အဆုတ်၏ လုပ်ငန်းစဉ်ကိုလည်း ယုတ်လျော့စေနိုင်သည်။ ထို့ပြင် ပန်းနာရင်ကျပ်ရှိသူများအား ပို၍ထိခိုက်လွယ်သည်။ ပန်းဝတ်မှုန်နှင့်ဓာတ်မတည့် (allergic) သူများအနေဖြင့် $NO_2$ ကို ရှူရှိုက်မိပါက allergic ပို၍ဖြစ်စေသည်။

(၃) **ကာဗွန်မိုနောဆိုက်ဓာတ်ငွေ့ -** (CO) -ယင်းသည် အရောင်နှင့် အနံ့မရှိသည့်အပြင် ယားယံမှုကို မဖြစ်စေသော်လည်း အဆိပ်ပြင်းသည့် ဓာတ်ငွေ့တစ်ခုဖြစ်သည်။ ၎င်းဓာတ်ငွေ့ကို သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေးနှင့် ထင်းလောင်စာများအပြည့်အဝ မီးမလောင်သည့်အခါတွင် (incomplete combustion) ထုတ်လွှတ်သည်။ အဆိုပါဓာတ်ငွေ့ကို မော်တော်ယာဉ်များ၏ အိတ်ဇောပိုက်များမှ အဓိကထုတ်လွှတ်သည်။

(၄) **အငွေ့ပျံလွယ်သည့် အော်ဂဲနစ်ဒြပ်ပေါင်းများ -** Volatic Organic Compounds (VOCs)-VOCsများတွင် အဓိက မီသိန်းဓာတ်ငွေ့နှင့် မီသိန်းမဟုတ်သောVOCsများ(Non-methane VOCs-NMVOCs) ဟု နှစ်မျိုးရှိသည်။ မီသိန်းဓာတ်ငွေ့သည် ကမ္ဘာကြီးပူနွေးမှုကို ဖြစ်စေရာတွင် အလွန်အရေးပါသည့် ဓာတ်ငွေ့ဖြစ်သည်။ NMVOC များအနက် ရနံ့မွှေးသော အရိုမက်တစ် (aromatic)၊ ဘင်နဇင်း (benzene)၊ တိုလင်း (toluene)နှင့် ဇိုင်လင်း (xylene)တို့သည် ကင်ဆာဖြစ်စေနိုင်သည်ဟု သံသယရှိကြပြီး ယင်းတို့နှင့် ကြာရှည်စွာ ထိတွေ့မှုများပါက သွေးကင်ဆာ (leukemia) ရောဂါဖြစ်စေနိုင်သည်။ 1,3-butadine သည်လည်း အန္တရာယ်များသော ဒြပ်ပေါင်းတစ်ခုဖြစ်သည်။

(၅) **အလွန်သေးငယ်သော ညစ်ညမ်းအမှုန်များ -** Particulates (also referred to as particulate matter-PM) -၎င်းညစ်ညမ်းအမှုန်များ (အစိုင်အခဲရော အရည်ပါ)သည် ဓာတ်ငွေ့များတွင် တွဲလွဲဆိုင်းနေကြသည်။ ယင်းအမှုန်များသည် မီးတောင်များမှ ထွက်သော အခိုးအငွေ့များ၊ ဖုန်မုန်တိုင်းများ (dust storm)တွင် သဘာဝအရပါဝင်ပြီး သစ်တောများနှင့် မြက်ခင်းကြီးများ မီးလောင်ရာတွင်လည်း ထွက်ရှိသည်။ လူတို့၏ လုပ်ဆောင်ချက်အနေဖြင့် စက်တပ်ယာဉ်ယန္တရားများ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် အခြားစက်ရုံများတွင် ရုပ်ကြွင်းလောင်စာများ သုံးစွဲရာတွင်လည်း ထုတ်လွှတ်သည်။ အချင်း ၂ ဒသမ ၅ မိုက်ခရိုမီတာနှင့် ယင်းထက်ငယ်သော ညစ်ညမ်းအမှုန်များကို "PM 2.5"ဟု လည်းကောင်း၊ အချင်း ၂ ဒသမ ၅မိုက်ခရိုမီတာထက်ကြီးပြီး အချင်း ၁၀ မိုက်ခရိုမီတာထက်ငယ်သော ညစ်ညမ်းအမှုန်များကို PM 10ဟု လည်းကောင်း သတ်မှတ်ခေါ်ဝေါ်သည်။ ၎င်းအမှုန်များ လေထုထဲတွင် များပြားနေပါက လူသားများ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သည်။ နှလုံးရောဂါ၊ အဆုတ်ကင်ဆာနှင့် အဆုတ်၏ လည်ပတ်မှုကို ပြောင်းလဲစေနိုင်သည်။

(၆) **အဆိပ်သင့်စေသော သတ္တုများ** (Toxic Metals)ယင်းတို့သည် ခဲ (lead)၊ ပြဒါး(quicksilver)နှင့် ယင်းတို့ပါဝင်သော ဒြပ်ပေါင်းများဖြစ်ကြသည်။

(၇) **အမိုးနီးယား -** Ammonia ($NH_3$)-၎င်းဓာတ်ငွေ့သည် စူးရှသော အနံ့ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများမှ ထုတ်လွှတ်မှုများသည်။

(၈) **အနံ့ဆိုးများ -** အမှိုက်နှင့်စွန့်ပစ်ပစ္စည်းများ၊ မိလ္လာနှင့်အညစ်အကြေးများနှင့် စက်မှုလုပ်ငန်းများမှ ထုတ်လွှတ်သည်။

(၉) **ရေဒီယို သတ္တုကြွညစ်ညမ်းပစ္စည်းများ** (Radioactive pollutants)-နျူကလီးယားဗုံး စမ်းသပ်မှုများနှင့်နျူကလီးယား ဓာတ်အားပေးစက်ရုံများမှစိမ့်ထွက်မှုများ ဖြစ်ပေါ်သည့်အခါ ရေဒီယိုသတ္တုကြွညစ်ညမ်းပစ္စည်းများကို လေထုအတွင်း ထုတ်လွှတ်သည်။

ဆင့်ပွားညစ်ညမ်းပစ္စည်းများတွင်မီးခိုးမြူနှင့်မြေပြင်အနီးတွင်ရှိသော အိုဇုန်းဓာတ်ငွေ့များပါဝင်သည်။

(၁) မီးခိုးမြူများ(Smog)- "smoke-မီးခိုး"နှင့်"fog-မြူ"စကားလုံးနှစ်ခုကို ပေါင်းစပ်ပြီး smog-မီးခိုးမြူဟု ခေါ်ဝေါ်ထားခြင်းဖြစ်သည်။ ရှေးယခင်ခေတ်ကာလက မီးခိုးမြူများသည် ကျောက်မီးသွေးများ မီးလောင်ကျွမ်းခြင်းမှ ထွက်ရှိသော မီးခိုးနှင့်ဆာလ်ဖာဒိုင်အောက်ဆိုက် ဓာတ်ငွေ့ပေါင်းစပ်ပြီး ဖြစ်ပေါ်ခြင်းဖြစ်သည်။ ယခုခေတ်တွင် ဖြစ်ပေါ်သော မီးခိုးမြူများမှာမူ မော်တော်ယာဉ်များ၊ စက်ရုံများမှထုတ်လွှတ်သည့် ဓာတ်ငွေ့များနှင့်ခရမ်းလွန်ရောင်ခြည်တို့ပေါင်းစပ်ပြီး ထွက်ရှိလာသော ဆင့်ပွားညစ်ညမ်းပစ္စည်းများနှင့်လေထုအတွင်းရှိ အဓိကညစ်ညမ်းပစ္စည်းများ ပေါင်းစပ်ပြီး အလင်းဓာတုအကျိုး (photochemical)အရ ထွက်ရှိလာခြင်းဖြစ်သည်။

(၂) မြေပြင်ရှိ အိုဇုန်းဓာတ်ငွေ့များ (Ground Level Ozone)-၎င်းဓာတ်ငွေ့များသည် နိုက်ထရိုဂျင်အောက်ဆိုက်များနှင့် အငွေ့ပျံလွယ်သော အော်ဂဲနစ်ဒြပ်ပေါင်းများ ဓာတ်ပြုခြင်းဖြင့် ထွက်ရှိလာခြင်းဖြစ်သည်။ ယင်းတို့သည် တြိုပိုစဖီးယားဟုခေါ်သော မြေပြင်အနီးရှိ လေထုလွှာတွင် အဓိကကျသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ လူတို့၏ လုပ်ဆောင်မှုများကြောင့် ဖော်ပြပါ လေထုအလွှာတွင် ၎င်းဓာတ်ငွေ့များ ပါဝင်မှုများသည့်အခါ လေထုညစ်ညမ်းမှုပစ္စည်းတစ်ခုဖြစ်လာသည်။

လေထု၏အရည်အသွေးကို သတ်မှတ်ရာတွင်နိုင်ငံအသီးသီးက အမည်အမျိုးမျိုးဖြင့် သတ်မှတ်ကြပါသည်။ လေထုအရည်အသွေးညွှန်းကိန်း - Air Quality Index(AQI)ဟုလည်းကောင်း၊ ဘုံလေထုအရည်အသွေး ညွှန်းကိန်း- Common Air Quality Index(CAQI)ဟုလည်းကောင်း၊ လေထုအရည်အသွေးကျန်းမာရေးညွှန်းကိန်း- Air Quality Health Index (AQHI) ဟုလည်းကောင်း၊ လေထုညစ်ညမ်းမှုညွှန်းကိန်း Air Pollution Index (API) ဟုလည်းကောင်း၊ ညစ်ညမ်းမှု စံညွှန်းကိန်း Pollutent Standards Index (PSI) ဟုလည်းကောင်း ခေါ်ဝေါ်ကြပါသည်။ လေထုအရည်အသွေးကို သတ်မှတ်ရာတွင် နိုင်ငံအများစုက ညစ်ညမ်းအမှုန်များ၊ မြေပြင်ရှိ အိုဇုန်းဓာတ်ငွေ့၊ ဆာလ်ဖာဒိုင်အောက်ဆိုက်ဓာတ်ငွေ့၊ ကာဗွန်မိုနောဆိုက်ဓာတ်ငွေ့နှင့် နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ၏ လေထုအတွင်းရှိနေသော ပမာဏများကို အဓိကတိုင်းတာပြီး သတ်မှတ်လေ့ရှိကြသည်။

ကနေဒါနိုင်ငံက လေထုညစ်ညမ်းမှုကို အဆင့် ၄ ဆင့်ဖြင့် သတ်မှတ်ပြီး AQHI ၁ မှ ၃ ကို ကျန်းမာရေးထိခိုက်နိုင်မှု အဆင့် ၁ (Low) ဟု သတ်မှတ်ထားကာ ကျန်းမာရေးအတွက် ကောင်းမွန်သောအခြေအနေအဖြစ် ထားရှိပြီးAQHI ၄ မှ ၆ ကို အဆင့် ၂ (Moderate) ဟု သတ်မှတ်ပြီး လူကောင်းများအနေဖြင့် ချောင်းဆိုးခြင်း၊ လည်ချောင်းယားယံခြင်း စသည်များကို မခံစားရပါက သာမန်လုပ်ရိုးလုပ်စဉ်အတိုင်း သွားလာလှုပ်ရှားနိုင်ကြောင်း၊ AQHI ၇ မှ ၁၀ ကို အဆင့် ၃ (High) ဟု သတ်မှတ်ပြီး အားသွန်ခွန်စိုက် လုပ်ရမည့်အလုပ်များ၊ ပင်ပန်းမည့်အလုပ်များကို ရှောင်ရှားကြရန်ဖြစ်ကြောင်း၊ AQHI ၁၀ ကျော်သွားပါက ($10^+$)အဆင့် ၄ ဟု သတ်မှတ်ထားပြီး ရောဂါအခံရှိသူများအနေဖြင့် အိမ်ပြင်ပတွင် ကာယလေ့ကျင့်ခန်းများလုပ်ခြင်း၊ ပင်ပန်းသောအလုပ်များလုပ်ခြင်းမှ ရှောင်ကြဉ်ကြရန်နှင့် ကျန်းမာရေးကောင်းသူများသည်လည်း ချောင်းဆိုးခြင်း၊ လည်ချောင်းယားယံခြင်းများကို ခံစားရပါက အိမ်ပြင်ပတွင် ပင်ပန်းသောအလုပ်များ၊ လေ့ကျင့်ခန်းများ မလုပ်ကြရန် သတိပေးထားကြောင်း ဖော်ပြထားပါသည်။

တရုတ်နိုင်ငံတွင်မူ လေထုညစ်ညမ်းမှုကို အဆင့် ၆ ဆင့်ဖြင့် သတ်မှတ်ပြီး AQI ၀ မှ ၅၀ ကို Excellent ၊ AQI ၅၁ မှ ၁၀၀ ကို Good ၊ API ၁၀၁ မှ ၁၅၀ ကို Lightly Pollutant ၊ ၁၅၁ မှ ၂၀၀ကို Moderately Pollutant၊ ၂၀၁ မှ ၃၀၀ ကို Heavily Polluted နှင့် API ၃၀၀၏ အထက်ကို Severely Polluted ဟု အသီးသီး သတ်မှတ်ထားပါသည်။ AQI ၃၀၀ထက် ကျော်လွန်ပါက ကျန်းမာရေးကောင်းသူများပင် ခံနိုင်ရည်ကျဆင်းနိုင်ကြောင်း၊ အိမ်ပြင်ပလှုပ်ရှားမှုများကို ရှောင်ရှားကြရန်နှင့် အသက်အရွယ်ကြီးသူများနှင့် မကျန်းမာသူများ အိမ်တွင်း၌သာနေထိုင်ကြရန်နှင့် လေ့ကျင့်ခန်းများ မပြုလုပ်ကြရန် သတိပေးထားပါသည်။

အီးယူအဖွဲ့ဝင်နိုင်ငံများအနေဖြင့် လေထုညစ်ညမ်းမှုကို အဆင့် ၅ဆင့်ဖြင့် သတ်မှတ်ပြီး CAQI- ၀ မှ ၂၅ ကို Very Low အဆင့်၊ ၂၅ မှ ၅၀ ကို Low အဆင့်၊ ၅၀ မှ ၇၅ ကို Medium အဆင့်၊ ၇၅ မှ ၁၀၀ ကို High အဆင့်နှင့် ၁၀၀၏အထက်ကို Very High အဆင့်အဖြစ် အသီးသီး သတ်မှတ်ထားပါသည်။ CAQI ကို သတ်မှတ်ရာတွင် ညစ်ညမ်းအမှုန် PM 10၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်နှင့် အိုဇုန်းဓာတ်ငွေ့များကို အဓိကထားသည်။ သို့သော် PM 2.5 ၊ CO နှင့် $SO_2$ တို့ကို တိုင်းတာထားသည့် ကိန်းဂဏန်းများရရှိပါက ထည့်သွင်းတွက်ချက်ပါသည်။

ဟောင်ကောင်က API ဖြင့် အဆင့် ၅ဆင့်ထားရှိပြီး API ၀မှ ၂၅ကို Low Level ၊ API ၂၆ မှ ၅၀ကို Medium Level ၊ API ၅၁မှ ၁၀၀ ကို High Level၊ API ၁၀၁ မှ ၂၀၀ ကို Very High Levelနှင့် API ၂၀၁မှ ၅၀၀ ကို Severe Level ဟု အသီးသီးသတ်မှတ်ထားပါသည်။

အမေရိကန်ပြည်ထောင်စုရှိ Environmental Protection Agency (EPA) က လေထုညစ်ညမ်းမှုကို အဆင့်ခြောက်ဆင့်ထားရှိပြီး AQI ၀မှ ၅၀ကို ကျန်းမာရေးအဆင့် Good (အစိမ်းရောင်) ဟု လည်းကောင်း၊ ၅၀ မှ ၁၀၀ ကို Moderate (အဝါရောင်)ဟုလည်းကောင်း၊ ၁၀၁ မှ ၁၅၀ ကို ထိခိုက်လွယ်သူများအတွက် ကျန်းမာရေးနှင့်မညီညွတ်သော အခြေအနေ- Unhealthy For Sensitive Groups (လိမ္မော်ရောင်)ဟု လည်းကောင်း၊ ၁၅၁ မှ ၂၀၀ ကို ကျန်းမာရေးနှင့် မညီညွတ်သောအခြေအနေ Unhealthy (အနီရောင်) ဟု လည်းကောင်း၊ ၂၀၁ မှ ၃၀၀ ကို ကျန်းမာရေးနှင့်မညီညွတ်သော အလွန်ဆိုးရွားသည့်အခြေအနေVery Unhealthy (ခရမ်းရောင်)ဟု လည်းကောင်း၊ ၃၀၁ မှ ၅၀၀ ကို အန္တရာယ်ရှိသောအဆင့် Hazardous (ကြက်သွေးရင့်ရောင်)ဟု လည်းကောင်း အသီးသီး သတ်မှတ်ထားပါသည်။

အမေရိကန်ပြည်ထောင်စုမှ EPA က မြေပြင်လေထုအတွင်းရှိ အိုဇုန်းဓာတ်ငွေ့ပါဝင်မှုနှုန်းကို ယခု လက်ရှိ ၇၅ ppb (parts per billion) မှ ၂၀၂၀ ပြည့်နှစ်တွင် ၆၅ ppb သို့လျှော့ချနိုင်မည်ဆိုပါက အရွယ်မတိုင်မီသေဆုံးသူ (premature death) ပေါင်း ၅၁၀၀မှ ၁၇၀၀သို့ လျှော့ချနိုင်မည်ဟု ခန့်မှန်းထားပါသည်။ ထို့အပြင် လူပေါင်း ၂၆၀၀၀ကို ပန်းနာရင်ကျပ်ဖြစ်မည့်ဘေးမှ ကာကွယ်ပေးနိုင်မည့်အပြင် ကျောင်းပျက်သူပေါင်း တစ်သန်းကျော်အထိ လျော့နည်းသွားနိုင်ကြောင်း ထုတ်ပြန်ခဲ့သည်။ ထို့အပြင် ယင်းအဖွဲ့၏ခန့်မှန်းချက်အရ မော်တော်ကားများမှ ဒီဇယ်အင်ဂျင်၏ နည်းပညာကိုသာ တိုးတက်အောင်ပြောင်းလဲနိုင်မည်ဆိုပါက အရွယ်မတိုင်မီသေဆုံးသူ ၁၂၀၀၀၊ နှလုံးရောဂါရသူ ၁၅၀၀၀၊ ပန်းနာရင်ကျပ်ဖြင့် ဆေးရုံသို့ အရေးပေါ်တင်ရသည့်ကလေး ၆၀၀၀ နှင့် အသက်ရှူကျပ်ခြင်းကြောင့် ဆေးရုံတင်ရသူ ၈၉၀၀ခန့် လျော့နည်းနိုင်ကြောင်း သိရပါသည်။

အီးယူကော်မရှင်၏ လေ့လာတွက်ချက်မှုများအရ လေထုညစ်ညမ်းမှုများကြောင့် အီးယူအဖွဲ့ဝင်နိုင်ငံများမှ လူများ၏ ပျမ်းမျှသက်တမ်း (Life Expectancy)ကို ၉ လအထိ လျော့နည်းစေကြောင်း၊ သေဆုံးမှုများတွင် ပန်းနာရောဂါ၊ အဆုတ်နှင့်နှလုံးရောဂါများကြောင့် ဖြစ်ကြောင်း သိရပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး(WHO)၏ ခန့်မှန်းချက်အရ လေထုညစ်ညမ်းမှုကြောင့် ကမ္ဘာပေါ်တွင် နှစ်စဉ်လူပေါင်း ၂ ဒသမ ၄ သန်းခန့် သေဆုံးလျက်ရှိပြီး ၎င်းတို့အနက် ၁ဒသမ ၅ သန်းသည် အမိုးအကာအတွင်းရှိ လေထု (indoor air)ညစ်ညမ်းမှုကြောင့်ဖြစ်ကြောင်း၊ အမေရိကန်ပြည်ထောင်စု၊ တောင်ကယ်လီဖိုးနီးယားပြည်နယ်ရှိ လော့စ်အိန်ဂျလိစ် ချိုင့်ဝှမ်းနှင့် စန်ဂျိုအာ ချိုင့်ဝှမ်းများတွင် လေ့လာမှုများအရ ထိုဒေသများတွင် နှစ်စဉ်လူပေါင်း ၃၈၀၀ခန့် အရွယ်မတိုင်မီ(သာမန်အသက်ထက် ၁၄နှစ်ခန့်စော၍) သေဆုံးလျက်ရှိကြောင်း၊ လေထုညစ်ညမ်းမှုသည် အမေရိကန်ဗဟိုအစိုးရက သတ်မှတ်ထားသည့် စံနှုန်းထက်များစွာကျော်လွန်နေခြင်းကြောင့်ဖြစ်ကြောင်း၊ ထိုဒေသများတွင် မော်တော်ယာဉ်တိုက်မှုများကြောင့် သေဆုံးသူပေါင်းမှာ တစ်နှစ်လျှင် ၂၀၀၀ပင်မရှိကြောင်း မှတ်သားရပါသည်။

ကူးစက်ရောဂါကာကွယ်ခြင်းဆိုင်ရာ သုတေသနပြုမှုများအရ ညစ်ညမ်းအမှုန်များပါဝင်သည့် လေကိုရှူရှိုက်ခြင်းနှင့် ဆက်နွှယ်သည့် နှလုံးရောဂါများကြောင့် နှစ်စဉ်အမေရိကန်လူမျိုး ၅၀၀၀၀၀ ခန့် သေဆုံးနေကြရကြောင်း၊ ၂၀၀၇ ခုနှစ်က လေ့လာမှုတစ်ခုအရ ပြင်ပလေထု(outdoor air)၏ ညစ်ညမ်းမှုသည် လေထု ၁ ကုဗမီတာတွင် ၁၀ မိုက်ခရိုဂရမ်ပိုမို၍များလာတိုင်း နှလုံးဖြင့် ဆက်နွှယ်သည့်ရောဂါများကြောင့် သေဆုံးသူ ၁၂ ရာခိုင်နှုန်းမှ ၁၄ ရာခိုင်နှုန်းအထိ တိုးမြင့်လာကြောင်း သိရပါသည်။

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်တက္ကသိုလ်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် ကျန်းမာရေးသက်ရောက်မှု အသက်မွေးဝမ်းကျောင်းများနှင့် စုပေါင်းသုတေသနပြုမှုများအရ ၂၀၁၀ ပြည့်နှစ်က ကမ္ဘာတစ်ဝန်း၌ လေထုညစ်ညမ်းမှုကြောင့် သေဆုံးခဲ့သူပေါင်း၃ ဒသမ ၂ သန်းခန့်ရှိကြောင်း၊ ထိုကဲ့သို့ သေဆုံးသူများအနက် တရုတ်နိုင်ငံမှ လူပေါင်း ၁ ဒသမ ၂ သန်းနှင့် အိန္ဒိယနိုင်ငံမှ ၆၂၀၀၀၀ ပါဝင်ကြောင်း ၃-၄-၂၀၁၁ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြထားသည့် သတင်းတစ်ပုဒ်အရ သိရပါသည်။

ယခုအခါ ကမ္ဘာပေါ်ရှိလူအများသည် လေထုအတွင်း မှန်လုံအိမ်ဓာတ်ငွေ့များ များပြားလာခြင်းကြောင့် ကမ္ဘာကြီးပူနွေးလာပြီး ရာသီဥတုများ ပြောင်းလဲဖောက်ပြန်သည့် သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်နေရသည့်အပြင် ရေထုညစ်ညမ်းမှု၊ လေထုညစ်ညမ်းမှုများနှင့် ဆက်နွှယ်သည့်ရောဂါများ၏ ဒဏ်ကိုပါ ခံစားနေရသည်။ ထို့ကြောင့် လူသားများ၏ အသက်သည် တစ်နေ့ထက်တစ်နေ့ ပို၍တန်ဖိုးရှိလာပါသည်။ အနာဂတ်မျိုးဆက်များ၏ ဘဝအရည်အသွေးကောင်းမွန်ရေးသည် စာရေးသူတို့၏ တာဝန်ယူတတ်မှုများနှင့် ရွေးချယ်သော ဆုံးဖြတ်ချက်များ မှန်ကန်မှုအပေါ်တွင် မူတည်လျက်ရှိပါသည်။ "အနာဂတ်မျိုးဆက်များအား စိမ်းလန်းစိုပြည်၍ ကျန်းမာသော ကမ္ဘာဂြိုဟ်ကြီးကို ပေးအပ်နိုင်ရေးအတွက် စာရေးသူတို့အားလုံး ဝိုင်းဝန်းကြိုးပမ်းကြပါစို့" ဟု တိုက်တွန်းနှိုးဆော်ရင်း ဇွန်လ ၅ ရက်နေ့တွင် ကျရောက်မည့် "ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့"ကို ကြိုဆိုဂုဏ်ပြုအပ်ပါသည်။ ။

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# ဖိလစ်ပိုင်အားကစားကော်မရှင်ဥက္ကဋ္ဌ ရစ်ချီဂါစီယာ၏ ဖွင့်ဟမှုအပေါ် စိုးရိမ်စရာမလို

လူလူမင်း

ယနေ့ အပြိုင်အဆိုင်တွေများလာနေသည်။ နိုင်ငံရေး၊ စီးပွားရေးသာမက လူမှုရေးနယ်ပယ်ဖြစ်သည့် အားကစားကဏ္ဍမှာပင် ပြိုင်ဆိုင်မှုအရှိန်အဟုန် မြင့်တက်မှုနှုန်းက ယခင်ကာလများနှင့် လုံးဝမတူခြားနားနေသည်။ အားကစား၏ မူလသဘာဝကပင် ယှဉ်ပြိုင်ရခြင်း၊ အပြိုင်အဆိုင် ကြိုးပမ်းရခြင်းဖြစ်ရာ ယခု ခေတ်ကဲ့သို့ ပြိုင်ဆိုင်မှုပြင်းထန်သည့် ကာလတွင် အားကစားနှင့် စပ်လျဉ်းသည့် အားပြိုင်မှုများသည်လည်း ပဋိပက္ခအသွင် မရောက်သည့်တိုင် တစ်ခါတစ်ရံတွင် ဝိရောဓိအသွင်ဆောင်လာသည့် အနေအထားသို့ ရောက်ရှိနေတတ်သည်။

အကြောင်းကား ဤသို့. . . .

၂၀၁၃ ခုနှစ် မေ ၂၉ ရက် (ဗုဒ္ဓဟူးနေ့)က www.irrawaddy.org နှင့် Philippine Star စာစောင်တို့တွင် ဖိလစ်ပိုင် အားကစားကော်မရှင် ဥက္ကဋ္ဌ ရစ်ချီဂါစီယာက သူ့အနေဖြင့် ယခုနှစ် မြန်မာနိုင်ငံ၌ ကျင်းပမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ တက်ရောက်မည် မဟုတ်ကြောင်းနှင့် အိမ်ရှင်နိုင်ငံက ၎င်းတို့၏ အားကစားသမားများ အသာစီးရစေမည့် အစီအမံများ ဆောင်ရွက်ခဲ့ခြင်းကြောင့် ဖြစ်ကြောင်း၊ ၂၀၁၁ ခုနှစ်က အင်ဒိုနီးရှားနိုင်ငံတွင် အားကစားပွဲစဉ် ၃၆ ပွဲ၌ ဖိလစ်ပိုင်တို့ အနိုင်ရခဲ့သည့် ပွဲစဉ် ၁၆ ခုကို မြန်မာနိုင်ငံ၌ ထည့်သွင်းထားခြင်းမရှိကြောင်း၊ ထို့ကြောင့် ဖိလစ်ပိုင်နိုင်ငံအနေဖြင့် ယခုဆီးဂိမ်းပြိုင်ပွဲတွင် ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မလေးရှားနှင့်စင်ကာပူတို့၏ နောက်တွင် အဆင့်(၆)နေရာကို ရရှိတော့မည် မဟုတ်ကြောင်း ပြောကြားခဲ့သည်ဟု သတင်းများ၌ ဖော်ပြခဲ့သည်။

ရစ်ချီဂါစီယာ၏ ဖွင့်ဟမှုမှာ အသစ်အဆန်းမဟုတ်ပါ။ ယခုနှစ် ဇန်နဝါရီလအတွင်း နေပြည်တော်၌ ကျင်းပခဲ့သော အရှေ့တောင်အာရှ အားကစားအဖွဲ့ချုပ်ကောင်စီ (SEAGF-Council) အစည်းအဝေးတွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ အားကစားနည်း ၃၃ မျိုး၊ ပွဲစဉ်အရေအတွက် ၄၆၀ ထည့်သွင်းကျင်းပရန် ဆွေးနွေးညှိနှိုင်းသဘောတူ အတည်ပြုခဲ့ပြီးနောက်ပိုင်းတွင်လည်း အလားတူ ပြောဆိုမှုမျိုး ပြုလုပ်ခဲ့ပြီး ယခုထပ်မံ ပေါ်ထွက်လာသဖြင့် သတင်းမီဒီယာများက ယခင်သတင်းတွင် ဖြည့်စွက်ခြင်းများဖြင့် ထပ်မံဖော်ပြ (Up Date) လုပ်ခဲ့ကြခြင်းဖြစ်သည်။

ရစ်ချီဂါစီယာ၏ ပြောဆိုမှုနှင့် ပတ်သက်ပြီး စိုးရိမ်ကြသဖြင့် မြန်မာမီဒီယာအချို့က ဖော်ပြနေကြသော်လည်း အမှန်တကယ်တွင် ၎င်း၏ ဖွင့်ဟမှုများမှာ စိုးရိမ်စရာမလိုဟု ဆိုချင်သည်။ အဘယ့်ကြောင့်ဟူမူ ယခုကဲ့သို့ နေပြည်တော်ဆီးဂိမ်းသို့ မတက်ရောက်ဘဲနေရန် ဆုံးဖြတ်သူမှာ သူတစ်ယောက်တည်း၏ သဘောထားကို ပြောကြားခြင်းဖြစ်သည်။ အခြားသော ဖိလစ်ပိုင်အားကစားကော်မရှင်အဖွဲ့ဝင် မည်သူကမျှ အလားတူ ဆန္ဒမပြု၊ ကော်မရှင်၏ သဘောထား ဆုံးဖြတ်ချက်လည်း မဟုတ်သောကြောင့်ပင်၊ မြန်မာနိုင်ငံ၏ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ မတက်ရောက်ဘဲနေရန်နှင့် သပိတ်မှောက်ရန် ဖိလစ်ပိုင်အစိုးရ၊ ဖိလစ်ပိုင် အားကစားဝန်ကြီးဌာန၊ ဖိလစ်ပိုင် အိုလံပစ်ကော်မတီ၊ ဖိလစ်ပိုင်အမျိုးသား အားကစားအဖွဲ့ချုပ်တို့ကဲ့သို့ တိုက်ရိုက်တာဝန်ရှိသော မည်သည့်အဖွဲ့အစည်း၊ အဖွဲ့ဝင်ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ကမျှ မဖွင့်ဟဘဲ ဖိလစ်ပိုင်အားကစားကော်မရှင်ဥက္ကဋ္ဌ တစ်ဦးတည်းကသာ ပြောနေခြင်းဖြစ်သည်။ ထို့ပြင် ဖိလစ်ပိုင် အားကစားကော်မရှင်အနေဖြင့် ဖိလစ်ပိုင်နိုင်ငံအတွင်း အားကစားကိစ္စများနှင့် သက်ဆိုင်သည့် အငြင်းပွားဖွယ် ကိစ္စများ၊ အပြန်အလှန်ယိုးစွပ်မှုများတွင် စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ကြပ်မတ်လမ်းညွှန်ရန်သာဖြစ်ပြီး နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် ပါဝင်စွက်ဖက်ခွင့်မရှိဟု သိရသည်။

ရစ်ချီဂါစီယာ၏ အဓိက စိတ်ခံစားချက်မှာ ဖိလစ်ပိုင်နိုင်ငံသည် မြန်မာနိုင်ငံ၏နောက်သို့ ရောက်ရှိသွားမည်ကို စိုးရွံ့နေခြင်းဖြစ်သည်ဟု ယူဆစရာဖြစ်နေသည်။ အကြောင်းမှာ မကြာသေးမီက ကျင်းပခဲ့သော အေအက်ဖ်စီ အာရှဖလားခြေစစ်ပွဲတွင် မြန်မာအမျိုးသမီးအသင်းက ခြေစစ်ပွဲအောင်ခဲ့ပြီး ဖိလစ်ပိုင်အမျိုးသမီးအသင်း ကျန်နေခဲ့ခြင်း၊ အေအက်ဖ်စီ ယူ-၁၄ ခြေစစ်ပွဲတွင် မြန်မာယူ-၁၄ အသင်း အရေးမလှသော်လည်း ဖိလစ်ပိုင်လူငယ်အသင်းကို အနိုင်ရခြင်းဟူသည့် အချက်များမှာ ၎င်းတို့၏ စိုးရွံ့စိတ်ကို ပိုမိုကြီးမားလာစေမည့် ထိုးနှက်ချက်များဟု ခန့်မှန်းရသည်။

ယခုကဲ့သို့ ရစ်ချီဂါစီယာ၏ ပြောဆိုမှုများနှင့် စပ်လျဉ်းပြီး မြန်မာနိုင်ငံ အိုလံပစ်ကော်မတီမှ တာဝန်ရှိသူတစ်ဦးက ဖိလစ်ပိုင်အိုလံပစ်ကော်မတီထံဆက်သွယ်ကာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအနေဖြင့်သာမက (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရေး ကော်မတီ (MYASOC) အနေဖြင့်ပါ အံ့အားသင့်၊ စိတ်မကောင်းဖြစ်ရကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နှစ်ပေါင်း ၄၄ နှစ်ကြာမှ အိမ်ရှင်အဖြစ် တတိယအကြိမ် လက်ခံကျင်းပခွင့်ရသည့်အတွက် အကောင်းဆုံး၊ အသန့်ရှင်းဆုံး၊ ချစ်ကြည်ရင်းနှီးမှု အပြည့်ဝဆုံး ပြိုင်ပွဲကြီးဖြစ်မြောက်စေရန် Green, Clean and Friendship ဟူသည့် ဆောင်ပုဒ်ကို ကြွေးကြော်ပြီး စီစဉ်ဆောက်ရွက်နေခြင်း ဖြစ်ကြောင်း၊ ယခုကဲ့သို့ ရစ်ချီဂါစီယာ၏ ပြောဆိုမှုက အိမ်ရှင်မြန်မာနိုင်ငံအတွက်သာမက အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအဖွဲ့ချုပ်ဝင် နိုင်ငံ ၁၁ နိုင်ငံ၏ ရေးရှူမှုများကိုလည်း ဖျက်လိုဖျက်ဆီးပြုရာရောက်ကြောင်း၊ အထူးသဖြင့် ချစ်ကြည်ရင်းနှီးမှု၊ နားလည်မှု၊ အပြန်အလှန် လေးစားမှု ပြည့်ဝစွာဖြင့် ကျင်းပရန် ရည်ရွယ်ထားသည့် (၂၇)ကြိမ်မြောက် SEA Games ပြိုင်ပွဲကြီး၏ Image ကိုပါ များစွာထိပါးစေကြောင်း၊ ယခုကဲ့သို့ ပြိုင်ပွဲဝင်အားကစားသမားများ အမည်စာရင်းပေးပို့ရန် စီစဉ်ဆောင်ရွက်နေချိန်နှင့် တိုက်ဆိုင်ပြီး အပြုသဘောမဆောင်သည့် ပြောဆိုခြင်းမျိုးကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအနေဖြင့် လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ဖိလစ်ပိုင်နိုင်ငံ အိုလံပစ်ကော်မတီအနေဖြင့်လည်း SEAGF Council အစည်းအဝေး ဆုံးဖြတ်ချက်များကို ပါဝင်ဆွေးနွေးသဘောတူလက်ခံပြီးဖြစ်ရာ အိုလံပစ်မိသားစုဝင်အချင်းချင်း အပြန်အလှန်လေးစားနားလည်မှုများနှင့်အတူ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ယခင်ပြိုင်ပွဲအစဉ်အလာများအတိုင်း အင်ပြည့်အားပြည့် ပါဝင်ယှဉ်ပြိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း ဆက်သွယ်ပြောကြားခဲ့သည်။

ဖိလစ်ပိုင်အိုလံပစ်ကော်မတီကလည်း မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရေးကော်မတီ (MYASOC) အဖွဲ့၏ သဘောထားကို မိမိတို့အနေဖြင့် အပြည့်အဝ သဘောပေါက်နားလည်ပါကြောင်း၊ Richie Garcia ၏ ယခုကဲ့သို့ ပြောဆိုမှုများ အတွက်လည်း များစွာအားနာပါကြောင်း၊ အိုလံပစ်မိသားစု ညီအစ်ကိုတော်များအကြား မည်သည့်ပြဿနာမျှ မရှိကြောင်း ပြန်လည်ပြောကြားခဲ့သည်။

ထို့အပြင် Richie Garcia အနေဖြင့် (၂၆)ကြိမ်မြောက် အင်ဒိုနီးရှား ဆီးဂိမ်းပြိုင်ပွဲတွင် ဖိလစ်ပိုင်က အဆင့်(၆)ရရှိပြီး မြန်မာနိုင်ငံက အဆင့်(၇)ရရှိခဲ့ရာမှ (၂၇)ကြိမ်မြောက် ပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် ဖိလစ်ပိုင်နိုင်ငံပေါ်သို့ ရောက်ရှိသွားမည်မှာ သေချာသလောက်ဖြစ်နေသဖြင့် စိုးရိမ်စိတ်လွန်ကဲနေခြင်းဟု ထင်မြင်ပါကြောင်း၊ ဖိလစ်ပိုင်အားကစားကော်မရှင်ဥက္ကဋ္ဌ တစ်ဦးအနေဖြင့် သူ့ဘက်ကဖြေရှင်းဖို့ အကြောင်းပြစရာတစ်ခုခုကို ရှာဖွေနေခြင်းသာ ဖြစ်မည်ဟု ယူဆပါကြောင်းနှင့် ဖိလစ်ပိုင်အိုလံပစ်ကော်မတီအနေဖြင့် SEA Games မိသားစုဝင်များနှင့်အတူ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အပြည့်အဝပါဝင်ယှဉ်ပြိုင်ရန် စီစဉ်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

သို့ဖြစ်ရာ ဖိလစ်ပိုင်အားကစားကော်မရှင်ဥက္ကဋ္ဌ ရစ်ချီဂါစီယာ၏ ဖွင့်ဟပြောဆိုမှုများမှာ မြန်မာနိုင်ငံအပေါ် ယှဉ်ပြိုင်လိုစိတ်ပြင်းပြနေသည့် သူ၏တစ်ကိုယ်တော်စိတ်ခံစားချက်များမှ ပွင့်ထွက်လာသည့် စိုးရိမ်စိတ်နှင့် ဖိလစ်ပိုင်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အောက်အဆင့်သို့ကျရောက်သွားပါက အားကစားကော်မရှင်ဥက္ကဋ္ဌ တစ်ဦးအနေဖြင့် အဖြေပေးအကြောင်းပြစရာ ထွက်ပေါက်ရှာနေခြင်းသာဖြစ်ကြောင်း၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်မြင်ပြီးမြောက်စွာ စည်စည်ကားကား ကျင်းပသွားနိုင်ရေးအတွက် အားတက်သရော ကြိုးစားအားထုတ်နေကြသည့် မြန်မာပြည်သူများအနေဖြင့် စိတ်ပျက်အားလျော့စရာမလို၊ ပူပင်ကြောင့်ကြစရာမရှိပါကြောင်း တင်ပြလိုက်ရပါသည်။



# အကြိမ်(၃၀)မြောက် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုအောင်လက်မှတ်နှင့် ဆုချီးမြှင့်ပွဲကျင်းပ

ပျဉ်းမနား ဇွန် ၄

ပျဉ်းမနားမြို့နယ် အဘိဓမ္မာပြန့်ပွားရေးအဖွဲ့က ဦးစီး၍ဖွင့်လှစ်သော အကြိမ် (၃၀) မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲ အောင်လက်မှတ်နှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဇွန် ၂ ရက် နံနက် ၈ နာရီခွဲက မင်္ဂလာဗျူဟာသာသနာ့ ဗိမာန်တော်ကြီး၌ ကျင်းပခဲ့သည်။

စက်ရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇောတိကက ငါးပါးသီလချီးမြှင့်ကာ မြို့နယ်အဘိဓမ္မာပြန့်ပွားရေး နာယကဆရာတော် ဘဒ္ဒန္တတေဇောသာရက ဩဝါဒချီးမြှင့်ခဲ့ပြီး ပျဉ်းမနားမြို့နယ်တာဝန်ခံ ဗိုလ်မှူးကြီးမြင့်အောင်သန်းက အဘိဓမ္မာပြန့်ပွားရေး ယဉ်ကျေးမှုသင်တန်းဆုချီးမြှင့်ခြင်းနှင့် ဆောင်ရွက်ချက်များကို တင်ပြလျှောက်ထားကာ မြို့နယ်အဘိဓမ္မာ ပြန့်ပွားရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ချိုက ယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ လျှောက်ထား တင်ပြသည်။ ထို့နောက် အကြိမ် (၃၀) မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့်များတွင် ဆုရရှိသော သင်တန်းသား သင်တန်းသူများအား တာဝန်ရှိသူများက အောင်လက်မှတ်နှင့်ဆုများ ချီးမြှင့်ခဲ့သည်။ **(အပေါ်ပုံ)** "ကျွန်တော်တို့အနေနဲ့ နိုင်ငံတော်ကမှ နှစ်စဉ် ဒီဇင်ဘာလ အတွင်းကျင်းပတဲ့ စာမေးပွဲကို ဝင်ရောက်ဖြေဆိုခဲ့က ၂၄ နှစ်ပြည့်ခဲ့ပြီ ဖြစ်ပါတယ်။ အဘိဓမ္မာတရားတော်တွေကို ဒီနေ့အထိ လူပုဂ္ဂိုလ်၊ သီလရှင် ၂၅၆၄ ဦး သင်ကြားပို့ချခဲ့ပြီးဖြစ်ပါတယ်။ ကလေးငယ်တွေကို ယဉ်ကျေး လိမ္မာစေရန် ၂၀၁၂ ခုနှစ်မှစတင်ပြီး အဘိဓမ္မာပြန့်ပွားရေးအဖွဲ့မှ ဦးစီးပြီး ယဉ်ကျေးလိမ္မာသင်တန်းတွေ ဖွင့်လှစ်သင်ကြားပေးခဲ့တာ ယခုနှစ်မှာ မြို့နယ် အတွင်းရှိ ဓမ္မာရုံပေါင်း ၁၅ ခုမှ ကျောင်းသား ကျောင်းသူပေါင်း ၁၇၆၅ ဦးကို သင်ကြားပေးခဲ့ပါတယ်။ သင်တန်းအတွက် နည်းပြဆရာ ဆရာမတွေကို ရန်ကင်းတောရဆရာဖြစ် မွမ်းမံသင်တန်းမှာ တက်ရောက်စေပြီး ကျောင်းသား ကျောင်းသူများကိုတစ်ဆင့် ပြန်လည်ပို့ချပါတယ်"ဟု မြို့နယ် အဘိဓမ္မာပြန့်ပွားရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ချိုက ရှင်းလင်းတင်ပြသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# Yangon Tourist Map အခမဲ့ ဖြန့်ချိ

ရန်ကုန် ဇွန် ၄

တစ်ရှိန်ထိုး တိုးတက်လာသော မြန်မာ့ခရီးသွား လုပ်ငန်းအတွက် ကမ္ဘာလှည့်ခရီးသွားများအား အခမဲ့ဝေငှသည့် Yangon Tourist Maps (YTM-15) ကို Design Printing Services (D.P.S) မှ အခမဲ့ ထပ်မံဖြန့်ချိနေပြီဖြစ်သည်။




Yangon Tourist Maps (YTM-15)တွင် ရန်ကုန်တစ်မြို့လုံးမြေပုံ၊ ရန်ကုန်မြို့တွင်းမြေပုံ၊ ကန်တော်ကြီးပတ်ဝန်းကျင်၊ အင်းလျားပတ်ဝန်းကျင်နှင့် မြန်မာပြည်မြေပုံတို့ကို မွမ်းမံထည့်သွင်းထားသည်။ နိုင်ငံခြားခရီးသွားများသာမက မြန်မာနိုင်ငံသားများအနေဖြင့် အဆိုပါ ခရီးသွားလမ်းညွှန် မြေပုံများ၏ အကူအညီဖြင့် ရန်ကုန်မြို့တွင်းရှိ စိတ်ဝင်စားဖွယ်ရာ နေရာများသို့ အချိန်ကုန်သက်သာစွာဖြင့် သွားရောက်လေ့လာနိုင်မည်ဖြစ်သည်။ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် နိုင်ငံတကာရှိ မြန်မာနိုင်ငံသံရုံးများသို့ ပေးပို့ဖြန့်ချိလျက်ရှိသည်။ ပြည်တွင်းသို့ ခရီးသည်အဓိကဝင်ပေါက်ဖြစ်သော ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၊ မန္တလေးလေဆိပ်နှင့် ပုဂံ-ညောင်ဦး လေဆိပ်များ၌ နိုင်ငံတွင်းသို့ ဝင်ရောက်လာသော ခရီးသည်အားလုံးကို နေ့စဉ်ဝေငှ ပေးလျက်ရှိသည်။ ထို့အပြင် www.dpsmap.com သို့ dpsmap @ gmail.com မှတစ်ဆင့် မြေပုံများကို အခမဲ့မှာကြားနိုင်ပြီး ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သော လုပ်ငန်းများ၊ ဧည့်လမ်းညွှန်များသည် ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် ကိုယ်စားလှယ် လွှဲစာပြသ၍ မြန်မာ့ခရီးသွားလုပ်ငန်း (ဆူးလေ)နှင့် Design Printing Services (D.P.S)Co.,Ltd. အမှတ် ၁၆၅-၁၆၇ ပထမထပ် ၃၅ လမ်း (အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့၌ ရုံးချိန်အတွင်း အခမဲ့ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မင်္ဂလာဒုံမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်း ဓာတ်တိုင်နှင့် အုတ်တံတိုင်းပြိုလဲ

ရန်ကုန် ဇွန် ၄

မင်္ဂလာဒုံမြို့နယ်အတွင်း ဇွန် ၂ ရက် မွန်းလွဲ ၁ နာရီခန့်က မိုးသည်းထန်စွာ ရွာသွန်းခဲ့သည်။ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပျဉ်းမပင်ကျေးရွာအုပ်စု ပြည်လမ်းရှိ UMH အထည်ချုပ်စက်ရုံ၏ မြောက်ဘက်အမြင့် ခြောက် ပေ အရှည် ၂၁၀ ခန့်အုတ်တံတိုင်းမှာ မြေနိမ့်ကျပြီး ပြိုလဲခဲ့သည်။

အုတ်တံတိုင်းပြိုလဲခြင်းနှင့်အတူ ရွာအတွင်းသို့ ဆက်သွယ်ထားသော သစ်သားဓာတ်တိုင်များပါ ထပ်မံလဲကျခဲ့သည်။ အုတ်တံတိုင်း ပြိုကျမှု၊ ဓာတ်မီးတိုင်များလဲကျမှုကြောင့် ရွာအဝင်လမ်းပိတ်သွားခဲ့သည်။

အခင်းဖြစ်နေရာသို့ ထောက်ကြန့်မီးသတ်တပ်ဖွဲ့မှ စခန်းတာဝန်ခံ ဒုတိယမီးသတ်ဦးစီးမှူး ဦးမြင့်ခိုင်၊ သန္တေအရန်မီးသတ်တပ်ဖွဲ့ဝင်များ ကျေးရွာနေပြည်သူများ၏ ဝိုင်းဝန်းရှင်းလင်းဆောင်ရွက်မှုကြောင့် ည ၈ နာရီခန့်တွင် ရွာလမ်းပြန်လည်ပေါက်ခဲ့သည်။ အုတ်တံတိုင်းပြိုကျမှုကြောင့် လူနှင့်အခြား ထိခိုက်မှုများမရှိကြောင်း သိရသည်။ **ကိုကြီးတင်**



ပျဉ်းမပင်ကျေးရွာအုပ်စုအတွင်း အထည်ချုပ်စက်ရုံ အုတ်တံတိုင်းပြိုကျမှုကို ရှင်းလင်းဖယ်ရှားစဉ်။

ပြည်တွင်းသတင်း

# အပြုသဘောဆောင် အကျိုးဖြစ်ထွန်းမှုများပေးနိုင်သည့် နိုင်ငံခြားသားများအပါအဝင် ပြည်ပရောက်နိုင်ငံသားဟောင်းများအတွက် အမြဲတမ်းနေထိုင်ခွင့်စနစ် မူဝါဒတစ်ရပ်ချမှတ်ထား




ဒုတိယသမ္မတ ဦးဉာဏ်ထွန်း မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲတမ်းနေထိုင်ခွင့်စနစ် စီမံခန့်ခွဲမှု ကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဇွန် ၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲတမ်းနေထိုင်ခွင့်စနစ် စီမံခန့်ခွဲမှု ကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲတမ်းနေထိုင်ခွင့်စနစ် စီမံခန့်ခွဲမှု ကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဖိတ်ကြားထားသူများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းက ယနေ့အချိန်သည် မိမိတို့နိုင်ငံ ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းရေးအတွက် ဘက်စုံထောင့်စုံမှ ပြုပြင်ပြောင်းလဲ တည်ဆောက်နေပါကြောင်း၊ အမျိုးသားရေးမျှော်မှန်းချက်သည် လွတ်လပ်ပွင့်လင်းပြီး အားလုံးပါဝင်သည့် နိုင်ငံရေးဖြစ်စဉ်နှင့်တန်းတူရည်တူ ယှဉ်ပြိုင်နိုင်ခွင့်ရှိသည့် စီးပွားရေးဖြစ်စဉ်များဖြင့် ဖွဲ့စည်းထားသော မြန်မာနိုင်ငံတော်သစ်(New Myanmar)ကို ကြိုးပမ်းတည်ဆောက်ရေးဖြစ်ကြောင်း၊ နိုင်ငံ၏ ရေရှည်အကျိုးစီးပွားအတွက် ခိုင်မာသော အခြေခံအုတ်မြစ်များ ရရှိစေရန် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို နိုင်ငံလိုအပ်ချက်များနှင့်အညီ အဆင့်ဆင့် တည်ဆောက်လျက်ရှိပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် အပြုသဘောဆောင် အကျိုးကျေးဇူးဖြစ်ထွန်းမှုများ ပေးနိုင်စွမ်းရှိသည့် နိုင်ငံခြားသားများအပါအဝင် ပြည်ပသို့ရောက်ရှိနေသည့် နိုင်ငံသားဟောင်းများအတွက် အမြဲတမ်းနေထိုင်ခွင့်စနစ် အကောင်အထည်ဖော်နိုင်ရန် မူဝါဒတစ်ရပ် ချမှတ်ထားပါကြောင်းဖြင့် အမှာစကားပြောကြားသည်။



ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာထွန်းရှင် အကြံပြုဆွေးနွေးစဉ်။ (သတင်းစဉ်)

ထို့အပြင် မိမိတို့နိုင်ငံတွင် ပြောင်းလဲတိုးတက်လာသော လူမှုစီးပွားဘဝဖြစ်စဉ်များ၊ နိုင်ငံတကာ အသိုက်အဝန်းနှင့် တိုးတက်ကောင်းမွန်သော ထိတွေ့ဆက်ဆံမှုများ၊ ဖွံ့ဖြိုးလာသည့် ဈေးကွက်စနစ်၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု၊ ထောက်ပံ့ကူညီမှုများနှင့်အတူ ပြည်တွင်းတွင် လူမှုစီးပွားပတ်ဝန်းကျင်ကောင်းများအား ပိုမိုအားဖြည့် ဖန်တီးရရှိလာစေရန်ရည်ရွယ်၍ မြန်မာနိုင်ငံတွင် နိုင်ငံခြားသားများ အမြဲတမ်းနေထိုင်ခွင့်စနစ်ကို အကောင်အထည်ဖော်နိုင်ရန် စဉ်ဆက်မပြတ်စီမံဆောင်ရွက်ခဲ့သည်မှာ အချိန်ကာလ အတိုင်းအတာတစ်ရပ်ရှိခဲ့ပြီဖြစ်ကြောင်း၊ ယခုအစည်းအဝေးသည် မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲတမ်းနေထိုင်ခွင့်စနစ် အကောင်အထည်ဖော်ရန် စီမံခန့်ခွဲမှုကော်မတီ၏ တတိယအကြိမ်အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ပထမအကြိမ်နှင့် ဒုတိယအကြိမ် အစည်းအဝေးများ၏ဆွေးနွေးမှုရလဒ်များအား သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ပေးပို့ပြီး အကြိမ်ကြိမ် အကြံပြုသဘောထားမှတ်ချက်များတောင်းခံ



ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အကြံပြုဆွေးနွေးစဉ်။ (သတင်းစဉ်)

ပြင်ဆင်ဆောင်ရွက်ခဲ့ကြောင်း၊ စီမံခန့်ခွဲမှုကော်မတီဝင် ဝန်ကြီးဌာနကိုယ်စားလှယ်များနှင့် အသေးစိတ်ထပ်မံဆွေးနွေးပြင်ဆင်ပြီး စတုတ္ထအကြိမ် မူကြမ်းအဖြစ် ရေးဆွဲထားပါကြောင်း၊ အစည်းအဝေး တက်ရောက်လာကြသူများအနေဖြင့် မိမိတို့၏လိုအပ်ချက်များကို ဖြည့်စွက်အကြံပြုခြင်း၊ ညှိနှိုင်းခြင်း၊ အတည်ပြုခြင်းတို့ကို ဝိုင်းဝန်းဆွေးနွေးကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးခင်ရီနှင့် လုပ်ငန်းကော်မတီအတွင်းရေးမှူးတို့က နိုင်ငံခြားသားအမြဲတမ်းနေထိုင်ခွင့်စနစ်အတွက် ရေးဆွဲပြင်ဆင်ဆောင်ရွက်ပြီးစီးမှုနှင့်ဝန်ကြီးဌာနအသီးသီး၏ သဘောထားများ ပြင်ဆင်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးဝဏ္ဏမောင်လွင်၊ ဒေါက်တာမြအေး၊ ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဦးကျော်လွင်နှင့် ဦးမောင်မြင့်၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြင်ဆင်ဖြည့်စွက်သင့်သည်များကို အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းက တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးညှိနှိုင်းပေးပြီး မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲတမ်းနေထိုင်ခွင့်စနစ်ပီပြင်စွာ ဖြစ်ပေါ်လာရေးအတွက် ဥပဒေကြောင်းဆိုင်ရာပြဋ္ဌာန်းမှုများ စနစ်တကျ ဆက်လက်ဆောင်ရွက်သွားကြရန်မှာကြားခဲ့သည်။ **(သတင်းစဉ်)**

# ၂၀၁၄ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ရန် မြန်မာနိုင်ငံအစိုးရ အသင့်ဖြစ်နေပြီ

**ရန်ကုန် ဇွန် ၄**

“မိမိ အမေရိကန်ပြည်ထောင်စုသို့ ပြန်ရောက်သည့်အခါ မြန်မာနိုင်ငံသည် လှပသည့်တိုင်းပြည်ဖြစ်ရုံသာမက စွမ်းအားအပြည့်ဖြင့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေပြီး နိုင်ငံတကာ အသိုက်အဝန်းတွင် နေရာမှန်ကို ပြန်လည်ရရှိရန် မျှော်လင့်ချက်အပြည့်ဖြင့် ကြိုးပမ်းနေသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်ကို အခြားသူများထံ သတင်းစကားပါးပေးမည်ဖြစ်ပါကြောင်း” ဖြင့် ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပသည့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း National Democratic Institute (NDI) ဥက္ကဋ္ဌ Ms. Madeleine Albright နှင့် အရပ်ဘက်အဖွဲ့အစည်းများ တွေ့ဆုံပွဲတွင် Ms. Madeleine Albright က ပြောကြားသွားသည်။

ငြင်းက ဆက်လက်ပြောကြားရာတွင် မြန်မာနိုင်ငံအစိုးရသည် ၂၀၁၄ ခုနှစ်တွင် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌရာထူးတာဝန်ထမ်းဆောင်ရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း၊ အသွင်ကူးပြောင်းမှုတိုင်းတွင် တစ်မူထူးခြားကြသော်လည်း ငြင်းတို့တွင် တူညီသည့် အပိုင်းများရှိကြကြောင်း၊ နိုင်ငံသားများနှင့် တိုင်းပြည်၏ အခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံရန် အချိန်ယူရမည်ဖြစ်ကြောင်း၊ အရေးအကြီးဆုံးနှင့် အချိန်အယူရဆုံးမှာ ယုံကြည်မှုတည်ဆောက်ရခြင်းပင်ဖြစ်ကြောင်း၊ ယုံကြည်မှုမရှိဘဲ အောင်မြင်သည့် ဒီမိုကရေစီတစ်ရပ် ဖြစ်မလာနိုင်ကြောင်း၊ မြန်မာနိုင်ငံ၏အနာဂတ်ကို မျှော်ကြည့်သည့်အခါ မျှော်လင့်စရာအကြောင်းခြင်းရာ များစွာရှိကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီသည် နုနယ်သေးသည် ဆိုသော်လည်း များစွာတိုးတက်လာခဲ့ပြီ ဖြစ်ကြောင်း၊ မြန်မာ့မြေသည် သဘာဝသယံဇာတများ ပေါကြွယ်လှပါကြောင်း၊ မြန်မာနိုင်ငံသည် ကမ္ဘာ့စီးပွားရေးတွင် အဓိကအရေးပါလာသည့် ဒေသ၏အစိတ်အပိုင်းတစ်ခုဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ပညာသင်ကြားခြင်းကို မြင့်မြင့်မားမား တန်ဖိုးထားသည့် ယဉ်ကျေးမှုလည်း ရှိပါကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။




အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း National Democratic Institute (NDI) ဥက္ကဋ္ဌ Ms.Madeleine Albright အရပ်ဘက်အဖွဲ့အစည်းများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အဆိုပါ အခမ်းအနားသို့ အမေရိကန်သံအမတ်ကြီး ဒဲရစ်မစ်ချယ်၊ လူမှုရေး၊ ဘာသာရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဒဂုံတက္ကသိုလ်နှင့် ရန်ကုန်တက္ကသိုလ် နိုင်ငံတကာဆက်ဆံရေး ပညာဌာနမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်များနှင့် စာနယ်ဇင်းများမှ အယ်ဒီတာများ၊ သတင်းထောက်များ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ကမ္ဘာ့စီးပွားရေးဖိုရမ်(အရှေ့အာရှ) တက်ရောက်ရန် ကမ္ဘာ့နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များရောက်ရှိ

**ရန်ကုန် ဇွန် ၄**

(၂၂)ကြိမ်မြောက် ကမ္ဘာ့စီးပွားရေးဖိုရမ်(အရှေ့အာရှ)ကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ဇွန် ၅ ရက်မှ ၇ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ လက်ခံကျင်းပသွားမည်ဖြစ်သည်။

**ပူးပေါင်းဆောင်ရွက်**

အဆိုပါဖိုရမ် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကဏ္ဍအသီးသီးမှ တာဝန်ယူနေကြသည့် ပြည်တွင်း ပြည်ပအဖွဲ့အစည်းဝင်များအားလုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်နေကြသည်မှာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်သည်။

ယင်းဖိုရမ်သို့ ကမ္ဘာ့နိုင်ငံပေါင်း ၅၆ နိုင်ငံမှ ထင်ရှားသည့် ပုဂ္ဂိုလ် ၄၁ ဦးအပါအဝင် ကိုယ်စားလှယ်စုစုပေါင်း ၉၀၀ ကျော် တက်ရောက်ကြမည်ဖြစ်ကာ အရှေ့အာရှ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြောင်းလဲမှုဆိုင်ရာများကို ဆွေးနွေးညှိနှိုင်းအဖြေရှာကြမည်ဖြစ်သည်။

**ကြိုဆိုနှုတ်ဆက်**

အဆိုပါ ကမ္ဘာ့စီးပွားရေးဖိုရမ်(အရှေ့အာရှ)သို့ တက်ရောက်ရန် ကမ္ဘာ့နိုင်ငံအသီးသီးမှ အကြီးအကဲများ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဘူတန်နိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ လေ့လာသူများသည် ယနေ့နံနက်ပိုင်းမှစ၍ ရန်ကုန်မြို့သို့ရောက်ရှိလာကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

# မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာယှဉ်ပြိုင်

**နေပြည်တော် ဇွန် ၄**

(၁၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ပျဉ်းမနား အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြကာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူလာရောက် ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

◆ *ကျောဖုံးမှ*

ကွေ့ပြခြင်း၊ ရဟတ်ယာဉ်ကိုထိုးစိုက်လျက် ရုတ်တရက်ထောင်တက်ပြီး နောက်ပြန်ကွေ့ပြခြင်း၊ ရဟတ်ယာဉ်ကို အရှိန်အဟုန်ဖြင့် ပျံသန်းလာပြီး လေထဲတွင် ရုတ်တရက် ရပ်တန့်သရုပ်ပြခြင်း၊ ရဟတ်ယာဉ်ကို လေထဲတွင်ရပ်လျက် ဦးစိုက်အနေအထားဖြင့် ကွေ့ပြခြင်း၊ ရဟတ်ယာဉ်ကို ဘေးတိုက်ပုခက်လွှဲပုံစံသရုပ်ပြခြင်း၊ Hovering ပြုလုပ်လျက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဒုတိယအကြိမ် အလေးပြုခြင်းတို့ကို ပျံသန်းသရုပ်ပြသည်။

၎င်းနောက် ရဲမာန်အုပ်ဖွဲ့ ဂျက်တိုက်လေယာဉ် ငါးစင်းမှ Arrowhead Formation (ခေါ်) မြားခေါင်းပုံစံပျံသန်းကာ နိုင်ငံတော်အလံအရောင်ကိုယ်စားပြု Smoke Trail များထုတ်လွှတ်၍ အုပ်ဖွဲ့ပျံသန်းပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အလေးပြုခြင်း၊ ယပ်တောင်ပုံစံခွဲထွက်၍ ပျံသန်းခြင်းတို့ကို သရုပ်ပြကြသည်။

ဆက်လက်ပြီး ရာဇာအုပ်ဖွဲ့ ဘက်စုံသုံး ဂျက်တိုက်လေယာဉ် လေးစင်းမှ ပျံသန်းမှုစွမ်းရည်ပြသကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးကြသည်။

လေယာဉ်/ရဟတ်ယာဉ် စွမ်းရည်ပြ ပျံသန်းမှုအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များက တပ်တော်ဝင်လေယာဉ်/ရဟတ်ယာဉ်များအား အမွှေးနံ့သာများပက်ဖျန်းပေးပြီး အမှတ်တရစုပေါင်း ဓာတ်ပုံရိုက်ကြသည်။ ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ပြုပြင်ပြီးစီးပြီးဖြစ်သည့် အမောင်းသင်ရဟတ်ယာဉ်နှစ်စင်းအား လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား စွမ်းရည်ပြ ပျံသန်းကြသည့် လေသူရဲများက ဂါရဝပြုနှုတ်ဆက်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များအား တပ်တော်ဝင်လေယာဉ်များဖြင့် တင်ဆောင်ကာ ရှုခင်းကြည့် ပျံသန်းပြသခဲ့ကြပြီး တပ်တော်ဝင် အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ရဲမာန်အုပ်ဖွဲ့ ဂျက်တိုက်လေယာဉ်ငါးစင်းမှ မြားခေါင်းပုံစံပျံသန်းကာ နိုင်ငံတော်အလံအရောင် ကိုယ်စားပြု **Smoke Trail** များထုတ်လွှတ်၍ အုပ်ဖွဲ့ပျံသန်းပြစဉ်။ (သတင်းစဉ်)

# မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာကိစ္စရပ်များ နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေး

**နေပြည်တော် ဇွန် ၄**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့နံနက် ၁၀ နာရီတွင် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr.Lim Kwan-Bin ဦးဆောင်သည့်အဖွဲ့အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော်နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးခင်မောင်ထွန်း၊ ဦးခင်စိုးနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



# သယံဇာတများကို တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် အကျိုးရှိရှိထုတ်ယူသုံးစွဲသွားရမည်

နေပြည်တော် ဇွန် ၄

**သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် ယနေ့နံနက် ၈ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ်ရှိ အမှတ်(၆) အထည်ချုပ်စက်ရုံ၌ ကျင်းပသည့် အထည်ချုပ်လုပ်ငန်း သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။**

အခမ်းအနားတွင် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်က အမှာစကားပြောကြားပြီး ဝမ်ပေါင်ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ မစ္စတာဂန်းရီက ဝတ်စုံများပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စက်ရုံအစည်းအဝေးခန်းမ၌ ကျေးရွာကိုယ်စားလှယ်များ ဒေသခံများနှင့်တွေ့ဆုံ၍ **(အောက်ယာပုံ)** ဒေသခံပြည်သူလူထု၏လူမှုစီးပွားဘဝအဆင်ပြေချောမွေ့စေရန် အဘက်ဘက်မှ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မိမိတို့သည် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့် ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာပါအတိုင်း သဘာဝပတ်ဝန်းကျင်ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြင့် အားနည်းချက်များမရှိအောင် နိုင်ငံတကာ၊ စံချိန်၊ စံညွှန်းများနှင့်အညီ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလည်း ရှိရမည်ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည် ဖြစ်ပါကြောင်း၊ နည်းပညာအရင်းအမြစ်၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဒေသဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်အစိုးရ၊ တိုင်းဒေသကြီးအစိုးရနှင့် ဒေသခံပြည်သူများ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီအနေဖြင့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာပါ ဆောင်ရွက်ပေးရမည့်လုပ်ငန်းများကို ပံ့ပိုးကူညီပေးသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက မိမိတို့အစိုးရအဖွဲ့သည် ပြည်သူတို့၏ လူမှုစီးပွားဘဝ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဒေသခံများအလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အကျိုးစီးပွားများအတွက် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် သယံဇာတများကို ထုတ်ယူသုံးစွဲရမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ဆောင်ရွက်ရာတွင် အားလုံး အကျိုးရှိစေရေးအတွက် ပြည်သူအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးများက အစုအဖွဲ့အလိုက် တွေ့ဆုံ ဆွေးနွေးမှုများအပေါ် ရှင်းလင်းဆွေးနွေးကြသည်။



လက်ပံတောင်းတောင်ဒေသအတွင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် သတ္တုတွင်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်က လက်ပံတောင်းတောင်ကြေးနီစီမံကိန်းသည် နှစ်ရှည်စီမံကိန်းဖြစ်သည့်အတွက် ရေရှည်တွင် နိုင်ငံတော်အကျိုး၊ ပြည်သူလူထုအကျိုးရှိရှိ ထုတ်ယူသုံးစွဲသွားရမည်ဖြစ်ပါကြောင်း၊ ထို့အတူ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ လူမှုပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးဦးလှထွန်းက ဒေသခံပြည်သူများနှင့် ဆွေးနွေးတိုင်ပင်ခွင့်ခံရသည့်အတွက် ရှေ့လုပ်ငန်းစဉ်များ ဖွံ့ဖြိုးတိုးတက်မည်ဟု ယုံကြည်ပါကြောင်း၊ သယံဇာတများကို တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အကျိုးရှိရှိ ထုတ်ယူသုံးစွဲသွားရမည်

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဆားလင်းကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်ပြီး စာရေးကိရိယာများနှင့် အားကစားပစ္စည်းများကို ထောက်ပံ့လှူဒါန်းကြသည်။

ယင်းနောက် ဆားလင်းကြီးမြို့နယ် ဆည်တည်း-ဇီးတော ကျေးရွာသစ်မူလတန်းကျောင်းနှင့် ဝက်မေ့-ကံတောကျေးရွာသစ် မူလတန်းကျောင်းတို့၌ကျင်းပသည့် ပန္နက်တင်အခမ်းအနားတွင် ပန္နက်တင်ပေးကြကာ ကျောင်းဝတ်စုံများနှင့် စာရေးကိရိယာများ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကုန်သွယ်မှုဆိုင်ရာ ရက်တိုသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ရှမ်းပြည်နယ်(မြောက်ပိုင်း) ရှမ်းပြည်နယ်တိုးတက်ရေးပါတီနှင့် ငြိမ်းချမ်းရေးအဖွဲ့များအတွက် ကုန်သွယ်မှုဆိုင်ရာ ရက်တိုသင်တန်းအမှတ်စဉ်(၃/ ၂၀၁၃) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါ ဝန်ကြီးရုံးစုပေါင်းခန်းမ၌ ကျင်းပပြုလုပ်သည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဖိတ်ကြားထားသူများ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်တိုးတက်ရေးပါတီနှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီတို့မှ သင်တန်းသားများ တက်ရောက်ကြသည်။



**ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ကြိုဆိုနှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီအဖွဲ့ဝင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက အဖွင့်အမှာစကားပြောကြားကာ သင်တန်းကို ဇွန်လ ၃ရက်မှ ဇွန်လ ၇ ရက်အထိ ဖွင့်လှစ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ကာဇက်စတန်နိုင်ငံသို့ သွားရောက်လေ့ကျင့်

**ရန်ကုန် ဇွန် ၄**

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်နိုင်ပွဲများ ရရှိနိုင်ရေးအတွက် ကာဇက်စတန်နိုင်ငံသို့ သွားရောက်ပူးတွဲလေ့ကျင့်ကြမည့် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်မှ နည်းပြချုပ် ဦးတင်မောင်ဖေ ဦးဆောင်သော လက်ဝှေ့လက်ရွေးစင် အားကစားသမားများသည် မေ ၃၁ ရက် ညက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားခဲ့သည်။

**လိုက်ပါသွား**

နည်းပြများနှင့်အတူ လက်ဝှေ့အားကစားသမားများအဖြစ် ရန်ကုန်မြို့တော်စည်ပင်မှ ထက်အောင်၊ ကျော်ကျော်လတ်၊ ကျော်ကျော်ထက်၊ ရဲနိုင်၊ ပြည်ထဲရေးမှ ဝေဖြိုးထွန်း၊ အောင်ကိုကို၊ အောင်ဆွေမွန်၊ ကာကွယ်ရေးမှ မောင်ငယ်၊ ကိုကိုဝင်းနှင့် ဝေလင်းအောင်တို့ လိုက်ပါသွားခဲ့သည်။

လက်ဝှေ့အားကစားအဖွဲ့အား မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးတင်လှိုင်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။ **(ဝဲပုံ)**

မြန်မာ့လက်ဝှေ့ အားကစားသမားများသည် ပြီးခဲ့သော ၂၀၁၂ ခုနှစ်ကလည်း တစ်ကြိမ်တစ်လတာ သွားရောက်လေ့ကျင့်ခဲ့ကြပြီး ယခု ၂၀၁၃ ခုနှစ်၌ ဒုတိယအကြိမ်အဖြစ် တစ်လနှင့် ဆယ်ရက်ကြာ ကာဇက်စတန်နိုင်ငံမှ လက်ဝှေ့အားကစားသမားများနှင့်အတူ ပြိုင်ပွဲများ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**တင်ဝင်းလေး**

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း



# မြန်မာ – အိန္ဒိယ ကုန်စည်ပြပွဲ ၂၀၁၃ မုံရွာ၌ ကျင်းပ

**မုံရွာ ဇွန် ၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့တော်ခန်းမ၌ မြန်မာ-အိန္ဒိယ ကုန်စည်ပြပွဲ ၂၀၁၃ (Myanmar India Trade Fair 2013) ဖွင့်ပွဲကို မေ ၂၈ ရက် နံနက် ၈ နာရီက ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ အိန္ဒိယနိုင်ငံ မဏိပူရပြည်နယ် ဝန်ကြီးချုပ် Mr.O.Ibobi Sing၊ အိန္ဒိယနိုင်ငံ နာဂလင်းနှင့် မီဆိုရမ်ပြည်နယ်တို့မှ တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ် Dr. Madan Mohan Sethi နှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံမှ ကုန်သည်ကြီးများ၊ စက်မှုလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံစက်မှုလုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ကုန်စည်ပြပွဲကို တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသာအေး၊ အိန္ဒိယနိုင်ငံ မဏိပူရပြည်နယ် ဝန်ကြီးချုပ် Mr.O.Ibobi Sing တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ ကုန်စည်ပြပွဲတွင် အိန္ဒိယနိုင်ငံမှ လယ်ယာသုံးစက်ပစ္စည်းများ၊ ကားအကျိုးဆောင် ကုမ္ပဏီများ၊ Mobile ဖုန်းနှင့်ဆက်စပ်ပစ္စည်းများ၊ မြန်မာစဥ့်ထည်ပစ္စည်းများ၊ တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များမှ ထုတ်ကုန်များ၊ သစ်တောထွက်ပစ္စည်းများနှင့် အခြားထွက်ကုန်များကို ပြသခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ အိန္ဒိယနိုင်ငံ မဏိပူရပြည်နယ်ဝန်ကြီးချုပ် Mr.O. Ibobi Sing နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ မြစန္ဒာခန်းမ၌ကျင်းပသော စစ်ကိုင်းတိုင်းဒေသကြီး စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် မဏိပူရပြည်နယ် ဝန်ကြီးချုပ် Mr.O.Ibobi Sing၊ နာဂလင်းပြည်နယ်ဝန်ကြီးနှင့် မီဇိုရမ်ပြည်နယ်ဝန်ကြီးတို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ဆက်လက်ပြီး မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်၊ အိန္ဒိယနိုင်ငံကုန်သည်များအသင်းဥက္ကဋ္ဌနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများက စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းများအကြောင်း ဆွေးနွေးကြသည်။

အဆိုပါဆွေးနွေးပွဲသို့ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ စက်မှုလုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်သည်ကြီးများ တက်ရောက်ကြသည်။

**ဆောင်ရွက်**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ အိန္ဒိယနိုင်ငံ မဏိပူရပြည်နယ်ဝန်ကြီးချုပ် Mr.O. Ibobi Sing နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ ဝင်းယူနတီဟိုတယ်ခန်းမ၌ နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းများ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးခဲ့ကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် တာဝန်ရှိသူများသည် မေ ၂၉ ရက် နံနက်ပိုင်းက မုံရွာမြို့ ဝင်းယူနတီဟိုတယ်ခန်းမ၌ အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ် Dr.Madan Mohan Sethi နှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ နှစ်နိုင်ငံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

# ကင်မရာထဲက ဂြိုဟ်သား ကြည့်ရှုသူများဖြင့် စည်ကား

**ပုသိမ်ကြီး ဇွန် ၄**

ပုသိမ်ကြီးမြို့မ မြရတနာရပ်ကွက်ရှိ အိမ်တစ်အိမ်တွင် ဂြိုဟ်သားရောက်နေသည်ဟူသော ကောလာဟလ ဇွန် ၂ ရက်က ပျံ့နှံ့ခဲ့ရာ နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ပုသိမ်ကြီးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ဆိုင်ကယ်များ၊ ကားများ၊ ခြေကျင်လာရောက်ကြသူများဖြင့် ကြည့်ရှုသူ ၅၀၀၀ ကျော်ခန့်အထိ ရှိခဲ့သည်။

**အထူးပြုလုပ်ချက်**

နည်းပညာနားလည်သူများက ယင်းသတင်းမှာ မဟုတ်မှန်ကြောင်း၊ အန်ဒရိုက်ဖုန်း Camera 360 အထူးပြုလုပ်ချက်များထဲမှ တစ်ခုသာဖြစ်ကြောင်း၊ အဆိုပါ ဆော့ဖ်ဝဲအတွင်းမှ ယူအက်ဖ်အို ၂၀၁၂ အထူးပြုလုပ်ချက်ဖြင့် ဓာတ်ပုံရိုက်ပါက အီးတီဂြိုဟ်သားပုံပူးတွဲပေါ်ကြောင်း၊ အခြားအထူးပြုလုပ်ချက်များအနေဖြင့် သရဲမပုံရိပ်ယောင်ကဲ့သို့သော ပြုလုပ်ချက်များကိုလည်း အသုံးပြုနိုင်ကြောင်း သိရသည်။ ကင်မရာ ဆော့ဖ်ဝဲလှည့်စားမှုကြောင့် အိုင်တီနည်းပညာ နားမလည်သည့်အပြင် ကောလာဟလကို ယုံကြည်သူများသည် ထင်ယောင်ထင်မှားဖြစ်ကာ အလုပ်ပျက်၊ အကိုင်ပျက်၊ အချိန်ကုန်လူပန်း၊ မောပန်းရုံသာ အဖတ်တင်ပြီး ဂြိုဟ်သားကို ဖုန်းဓာတ်ပုံအဖြစ်သာ မြင်ကြရသည်။ အချို့ အန်ဒရိုက်ဖုန်းများတွင် Camera 360 ထည့်သွင်းမရ၊ မပါဝင်သဖြင့် တချို့မြင်ရ၊ တချို့မမြင်ရသဖြင့် အထူးအဆန်းဖြစ်ကာ အဆိုပါ နေအိမ်တွင် လူအုပ်ကြီးဖြင့် အထူးစည်ကားခဲ့သည်။ **(အောက်ပုံ)** **အောင်ကျော်ထွန်း(ပုသိမ်ကြီး)**





# ဘာသာပေါင်းစုံ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးဆွေးနွေး

**ပျော်ဘွယ် ဇွန် ၄**

ပျော်ဘွယ်မြို့နယ် အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဘာသာပေါင်းစုံ ချစ်ကြည်ရင်းနှီးစွာ နေထိုင်ရေးတို့အတွက် ဘာသာပေါင်းစုံညီညွတ်ရေး တွေ့ဆုံဆွေးနွေးပွဲကို ဇွန် ၃ ရက် မွန်းလွဲ ၂ နာရီခွဲက ပျော်ဘွယ်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအစည်းအဝေးခန်းမ၌ကျင်းပရာအခမ်းအနားသို့ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တအာသဘနှင့်အဖွဲ့ဝင် ဆရာတော် သံဃာတော်များ၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးတင်ဦး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အစ္စလာမ်ဘာသာရေးခေါင်းဆောင်များနှင့် ဘာသာဝင်များ၊ ဟိန္ဒူဘာသာရေးခေါင်းဆောင်များနှင့် ဘာသာဝင်များ၊ ခရစ်ယာန်ဘာသာရေးခေါင်းဆောင်များနှင့် ဘာသာဝင်များ၊ နိုင်ငံရေးပါတီများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ မြို့ပေါ်ရှစ်ရပ်ကွက်မှအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ဦးဝိလာသက မြို့နယ်အတွင်း နေထိုင်ကြသော လူသားအချင်းချင်း မေတ္တာတရားရှေ့ထားပြီး ပေါင်းသင်းဆက်ဆံရေး၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ စသည့် ဗြဟ္မစိုရ်တရားလေးပါး၊ ခန္တီဟူသော သည်းခံခြင်းတရား စသည့် တရားတော်များနှင့်အညီ နေထိုင်ကြရေး၊ မိမိတို့ဘာသာ၏အဆုံးအမများနှင့်အညီ ချစ်ချစ်ခင်ခင်ရင်းရင်းနှီးနှီး ငြိမ်းချမ်းစွာ အတူတကွယှဉ်တွဲနေထိုင်ကြရေး စသောဩဝါဒများ မိန့်ကြားသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်းက နေရာအနှံ့အပြားတွင် ဖြစ်ပေါ်နေသော ပဋိပက္ခများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြို့နယ်လုံခြုံရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် ကောလာဟလများကို ယုံကြည်မှုမရှိရေး၊ ကောလာဟလထုတ်လွှင့်သူများကို သတင်းပေးပို့ရေးနှင့်တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဦး၊ မြို့မိမြို့ဖ ဦးခင်မောင်ဦး၊ အစ္စလာမ်ဘာသာဝင်များကိုယ်စား ဦးစိုးတင့်၊ ဟိန္ဒူဘာသာဝင်များကိုယ်စား ဦးမေရီဆင်းတို့က မိမိတို့ယုံကြည်ကိုးကွယ်သည့် ဘာသာတရား၏အဆုံးအမများ၊ ဆရာတော်ကြီးများ၏ ဩဝါဒများနှင့်အညီ ငြိမ်းချမ်းစွာ အတူတကွယှဉ်တွဲနေထိုင်သွားရေးတို့ကို အသီးသီးဆွေးနွေးကြပြီး မြို့နယ်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် ဦးဝိလာသက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(၄၄၀)**

# လေယာဉ်ကွင်းသစ်ဆောက်လုပ်ရန် ကလေးမြို့၌ မြေနေရာရှာဖွေ

**ကလေး ဇွန် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် လေယာဉ်ကွင်းသစ်ဆောက်လုပ်ရန်အတွက်မြေနေရာရှာဖွေတင်ပြမှုများကိုဆောင်ရွက်နေရာ ကလေးမြို့၏မြောက်ဘက် မိုင် ၃၀ အကွာ ကလေး-တမူးကားလမ်း၏ အနောက်ဘက် သုံးမိုင်ခန့်အကွာတွင် တည်ရှိသော ရာဇဂြိုဟ်ကျေးရွာတွင် လေယာဉ်ကွင်းသစ်ဆောက်လုပ်ရန်မြေနေရာများ လာရောက်တိုင်းတာနေကြောင်း ဒေသခံများကပြောကြားသည်။ ရာဇဂြိုဟ်ကျေးရွာတွင် လေယာဉ်ကွင်းသစ်ဆောက်လုပ်ရန်အတွက် ဦးစားပေး (၁) နှင့် (၂) ဟူ၍ ရွေးချယ်ရှာဖွေထားရာ ဦးစားပေး (၁)လေယာဉ်ကွင်းသည် ရာဇဂြိုဟ်ဆည်၏တောင်ဘက်သုံးမိုင်ခန့်အကွာ ရာဇဂြိုဟ်ကျေးရွာနှင့် ပေခြောက်ထောင်ကျော်၊ ခုံသာကျေးရွာနှင့် ပေသုံးထောင်ကျော်ခန့်အကွာတွင် တည်ရှိပြီး တောင်နှင့်မြောက်ဖောက်လုပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လေယာဉ်ကွင်းသစ်ကြီး၏ မြောက်ဘက်တွင်တည်ရှိသော တလုံးတောင်နှင့်ဆိုလျှင် မိုင်အားဖြင့်သုံးမိုင်ခန့်အကွာတွင်တည်ရှိ၍ အနောက်ဘက်မြွေတောင်ဖားတောင်နှင့် ဆိုလျှင်လည်း သုံးမိုင်ခန့်ကွာကြောင်း၊ အရှေ့ဘက်ရှိ ပတ်မတောင်နှင့်ဆိုလျှင် လေးမိုင်ခန့်အကွာတွင် တည်ရှိ၍ လေယာဉ်အတက်အဆင်းလည်း ကောင်းမွန်နိုင်ကြောင်း လေယာဉ်ကွင်းသစ်ကို ကူညီရှာဖွေသူ ဒေသခံ ဦးဝင်းကပြောကြားသည်။ လေယာဉ်ကွင်းသစ်ကြီးသာ အကောင်အထည်ပေါ်လာပါက ဒေသတွင်းမြို့နယ်များဖြစ်သော ကလေးမြို့၊ တမူးမြို့၊ ခမ်းပတ်မြို့များသည် ပိုမိုဖွံ့ဖြိုးတိုးတက်လာ၍ ဒေသတွင်းအိမ်နီးချင်းနိုင်ငံများနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်လာမည်ဖြစ်သည်။ အနောက်မြောက်ဘက်လမ်းမထက်တွင်တည်ရှိသော ကျေးရွာများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ရာဇဂြိုဟ်ကျေးရွာတွင် ဒုတိယကမ္ဘာစစ်အတွင်း အင်္ဂလိပ်တို့စစ်ပြေးလမ်းအဖြစ်ဖောက်လုပ်ထားခဲ့သော လေယာဉ်ကွင်းဟောင်းတည်ရှိကြောင်း၊ အင်္ဂလိပ်-ဂျပန် စစ်ဖြစ်သည့်အခါ ရိက္ခာပို့ကွင်းအဖြစ်ဆောင်ရွက်ခဲ့၍ အိန္ဒိယနိုင်ငံ အင်ဖားမြို့နှင့် ဆင်မလားမြို့များကို တိုက်ရိုက်ပျံသန်းခဲ့ခြင်းဖြစ်ကြောင်း ဒေသခံတို့၏ပြောပြချက်အရ သိရသည်။ **သျှင်နေမင်း**

# ခိုးယူသယ်ဆောင်လာသော ရှေးဟောင်းလက်ရာ သစ်သားအပိုင်းအစများ သိမ်းဆည်းရမိ

**မကွေး ဇွန် ၄**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်တွင် ရှေးဟောင်းလက်ရာ သစ်သားအပိုင်းအစများ၊ ပေစာများ ခိုးယူမှုကို မေ ၃၁ ရက် နံနက် ၈ နာရီက မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ အမှတ်(၃)ရပ်ကွက် အုပ်ချုပ်ရေးမှူး၊ ဂွန်းတောင်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ပူးပေါင်းအဖွဲ့သည် သတင်းအရ ကံမ-ပြည် ကူးတို့ဆိပ်ကမ်းမှ ပြည်မြို့သို့ထွက်ခွာမည့် အောင်စည်ဟိန်းရေယာဉ်ပေါ်သို့ တက်ရောက်ရှာဖွေခဲ့ရာ ရေယာဉ်ပေါ်တွင် ပီနံအိတ်ဖြင့်ထည့်ထားသော ရှေးဟောင်းလက်ရာများပါဝင်သည့် သစ်သားအပိုင်းအစ ၃၆ မျိုး၊ ရှေးဟောင်းဗုဒ္ဓဘာသာပေစာထုပ်ငါးထုပ်နှင့်အတူ ကံမမြို့နယ် ဂွန်းတောင်ကျေးရွာ အုပ်စု ကျောင်းစုရွာနေ ဦးခင်သိန်းနှင့်ဇနီး ဒေါ်အေးသွင်တို့ကို ရှာဖွေစစ်ဆေးတွေ့ရှိခဲ့သည်။

ဖော်ပြပါ ရှေးဟောင်းပစ္စည်းများသည် ကံမမြို့နယ် ဂွန်းတောင်ကျေးရွာအုပ်စု ကျောင်းစုရွာရှိ ဇေယျာသီရိဘုန်းတော်ကြီးကျောင်းမှ ခိုးယူလာသောပစ္စည်းများဖြစ်ကြောင်း သိရသည်။ **(ယာပုံ)**

**(မြို့နယ် ပြန်/ဆက်)**



# စာရေးကိရိယာများ လှူဒါန်း

**ဂန့်ဂေါ ဇွန် ၄**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် ဟံသာဝတီကျေးရွာအခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တွင် မေ ၂၇ ရက်က ကျောင်းအပ်နှံရေးနေ့ အခမ်းအနားနှင့် ကျောင်းသုံးဗလာစာအုပ်များ၊ စာရေးကိရိယာများ၊ စာရေးခုံများ လှူဒါန်းပွဲကျင်းပသည်။

**လက်ခံ**

အခမ်းအနားတွင် ကျေးရွာအုပ်ချုပ်ရေးမှူးက စာသင်ကျောင်းနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ပြောကြားပြီး ဟံသာဝတီကျေးရွာ မိဘပြည်သူများက ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်ဒါဇင် ၃၄၀ နှင့် စာရေးကိရိယာများ၊ ကျေးရွာပညာရေးနှင့် ကျန်းမာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ စာရေးခုံအစုံ ၂၀၀ ပြုလုပ်ရန် ငွေကျပ် ၃၁ သိန်းနှင့် ကျေးရွာရပ်မိရပ်ဖ ဦးထွန်းဝင်းက စာရေးခုံလေးစုံပြုလုပ်ရန် ငွေကျပ် ၆၄၀၀၀ ကို လှူဒါန်းခဲ့ရာ ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်မိုးဆွေက လက်ခံယူသည်။

အဆိုပါ ဟံသာဝတီကျေးရွာ အထက်တန်းကျောင်းခွဲသည် နိုင်ငံတော်၏ စီစဉ်ဆောင်ရွက်ပေးမှု၊ ကျေးရွာသူ ကျေးရွာသားတို့၏ စည်းလုံးညီညွတ်စွာ ကြိုးစားခဲ့မှုကြောင့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစ၍ အထက(ခွဲ) ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သိန်းစိုး(ကလေး)**

# နို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်ရေးဆွေးနွေး



**နေပြည်တော် ဇွန် ၄**

မြန်မာနိုင်ငံ၌ နို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်းများထုတ်လုပ်ခြင်းလုပ်ငန်းစီမံကိန်းအတွက် ကိုရီးယားသမ္မတနိုင်ငံ The Economic Development Cooperation Fund (EDCF) မှ အတိုးနည်း နှစ်ရှည်ချေးငွေ အမေရိကန်ဒေါ်လာသန်း ၃၀ အကူအညီပေးရေးကိစ္စများနှင့် စပ်လျဉ်း၍ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် Seoul နို့ထွက်ပစ္စည်းလုပ်ငန်းသမဝါယမအသင်း၏ အမှုဆောင်အရာရှိချုပ် Mr. Lee, Dong Young နှင့်အဖွဲ့တို့နှင့် ဇွန် ၃ ရက် နံနက် ၁၀ နာရီက အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။ (ယာပုံ)

**အထောက်အကူပြု**

ယင်းစီမံကိန်းသည် အနာဂတ်မျိုးဆက်သစ်များ နွားနို့သောက်သုံးမှုမြင့်တက်လာခြင်းဖြင့် ကာယ၊ ဉာဏစွမ်းရည်များ တိုးတက်လာစေရန် ဦးစားပေးဆောင်ရွက်လျက်ရှိသော နို့စားနွားမွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်နေအရွယ်ကလေးငယ်များအား အခမဲ့နို့တိုက်ကျွေးရေး အစီအစဉ်ကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည့် စီမံကိန်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရိတ်သိမ်းခြွေလှေ့စက်မောင်းနှင် ထိန်းသိမ်းမှုသင်တန်းဖွင့်

**မိတ္ထီလာ ဇွန် ၄**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနသည် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုလယ်ယာကူးပြောင်းရေးလုပ်ငန်းတွင် မဖြစ်မနေလိုအပ်လျက်ရှိသော စက်ကိရိယာကိုင်တွယ်ထိန်းသိမ်းမှု ကျွမ်းကျင်လုပ်သားများလေ့ကျင့်မွေးထုတ်ပေးလျက်ရှိသည်။ ကျေးလက်ဒေသနေတောင်သူများအား မိတ္ထီလာမြို့ရှိ စက်မှုလယ်ယာဗဟိုသင်တန်းကျောင်းတွင် အခမဲ့လေ့ကျင့်သင်ကြားပေးလျက်ရှိရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် တောင်သူ ၂၅၂ ဦး၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် တောင်သူ ၄၄၆ ဦးကို လေ့ကျင့်မွေးထုတ်ပေးခဲ့ပြီးဖြစ်သည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ရိတ်သိမ်းခြွေလှေ့မှုလုပ်ငန်းတွင် စက်မှုလယ်ယာကူးပြောင်းနိုင်ရေးအတွက် ရိတ်သိမ်းခြွေလှေ့စက်များ၊ ကိုင်တွယ်မောင်းနှင်ထိန်းသိမ်းမှုသင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးလျက်ရှိရာ ပထမအသုတ်သင်တန်းတွင် သင်တန်းသား ၁၀၀ လေ့ကျင့်မွေးထုတ်ခဲ့ပြီး လုပ်ငန်းခွင်၌ဝင်ရောက် လုပ်ကိုင်နေကြပြီဖြစ်သည်။

မိတ္ထီလာမြို့ စက်မှုလယ်ယာဗဟိုသင်တန်းကျောင်း သင်တန်းသားစုဝေးခန်းမ၌ ဇွန် ၃ ရက် နံနက် ၉ နာရီကဒုတိယသုတ်အဖြစ် ရိတ်သိမ်းခြွေလှေ့စက်မောင်းနှင်ထိန်းသိမ်းမှုသင်တန်း အမှတ်စဉ်(၂/၂၀၁၃)ဖွင့်ပွဲအခမ်းအနားကျင်းပရာ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင် တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားခဲ့သည်။

**တက်ရောက်**

သင်တန်းသို့ နေပြည်တော်ကောင်စီနယ်မြေမှ သင်တန်းသား ၂၂ ဦးအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၂ ခုမှ သင်တန်းသား ၁၂၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်လှိုင်**

# ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းလိုင်စင်နှစ်ခု ခွင့်ပြုပေးနိုင်ရေးအတွက် Tender Application များ ဖွင့်ဖောက်

**နေပြည်တော် ဇွန် ၄**

မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍတွင် ဈေးကွက်ယှဉ်ပြိုင်မှုပြုလုပ်ကာ တယ်လီဖုန်းသိပ်သည်းဆကို ၂၀၁၅-၂၀၁၆ တွင် ၇၅ ရာခိုင်နှုန်းသို့ ရောက်ရှိစေရန်နှင့် ပြည်သူအများက ဆက်သွယ်ရေး၊ ဝန်ဆောင်မှုများကို သင့်တော်သည့်နှုန်းထားဖြင့် ရရှိခံစားနိုင်စေရေး စသည့်ရည်မှန်းချက်များနှင့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်နှစ်ခု ခွင့်ပြုပေးနိုင်ရေးအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် ဆောင်ရွက်လျက်ရှိရာ Telecommunication Operator တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီအနေဖြင့် Tender Application များ ဖွင့်ဖောက်သည့် အခမ်းအနားကို ယနေ့ညနေ ၃ နာရီက ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ Telecommunication Operator တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာဆက်အောင်က အဖွင့်အမှာစကားပြောကြားပြီး အစီအစဉ်အရ နိုင်ငံတကာဆက်သွယ်ရေးကုမ္ပဏီ ၁၁ ခုမှ တင်သွင်းသည့် တင်ဒါလျှောက်လွှာများကို စိစစ်ပြီး ကော်မတီအနေဖြင့် လက်ခံအတည်ပြုသည်။ ယနေ့ကျင်းပပြုလုပ်သည့် Tender Application များ ဖွင့်ဖောက်သည့် အခမ်းအနားတွင် KDDI Corporation၊ Sumitomo Corporation၊ MICTDC နှင့် Al Construction တို့ပါဝင်သည့် လုပ်ငန်းစု၊ France Telecom Orange နှင့် Marubeni Corporation တို့ပါဝင်သည့် လုပ်ငန်းစု၊ Bharti Airtel နှင့် Palazio Ventures တို့ပါဝင်သည့် လုပ်ငန်းစု၊ Digicel Group၊ Quantum Strategic Partners နှင့် YSH Finance တို့ပါဝင်သည့်လုပ်ငန်းစု၊ MTN(Dubai)၊ M1 Telecom နှင့် Amara Communications တို့ပါဝင်သည့်လုပ်ငန်းစု၊ Singtel၊ Royal Myanmar Transport Co. (KBZ)နှင့် M-Tel တို့ပါဝင်သည့် လုပ်ငန်းစု၊ Qtel (Ooredoo)၊ Millicom International Cellular၊ Axiata Group၊ Telenor Mobile Communications၊ Viettel Group တို့မှ တင်ဒါလျှောက်လွှာများ တင်သွင်းခဲ့ကြပြီး တင်ဒါစိစစ်ရွေးချယ်ရေး ကော်မတီအနေဖြင့် တင်ဒါတင်သွင်းခဲ့သူများထဲမှ ရွေးချယ်ခံရသည့် ဆက်သွယ်ရေးကုမ္ပဏီနှစ်ခုကို ၂၀၁၃ ခုနှစ် ဇွန် ၂၇ ရက်တွင် ရွေးချယ်ထုတ်ပြန်ပေးသွားမည်ဖြစ်သည်။ အဆိုပါအခမ်းအနားသို့ Telecommunication Operator တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာဆက်အောင်နှင့် ကော်မတီအဖွဲ့ဝင်များ၊ Technical Team အဖွဲ့ဝင်များ၊ Tender Application တင်သွင်းသည့် နိုင်ငံတကာကုမ္ပဏီများမှ တာဝန်ရှိသူများ၊ Telecommunication Operator တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၏ အကြံပေးအဖြစ် ဆောင်ရွက်သော Roland Berger Strategy Consultants အဖွဲ့မှ အကြံပေးပညာရှင်များ၊ အိုင်တီယူမှ ကျွမ်းကျင်ပညာရှင် အကြံပေးပုဂ္ဂိုလ်အပါအဝင် စုစုပေါင်း ၅၀ခန့် တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)


## အမြန်ရောင်းမည်

သုဝဏ္ဏ၊ VIP ၊ ဆိတ်ငြိမ်ရပ်ကွက်၊ အသင့်နေထိုင်နိုင်သော နှစ်ထပ် RC တိုက်အသစ်၊ ခြံအကျယ် ပေ(၁၀၀×၆၀)၊ မျက်နှာစာနှစ်ဖက်ပါ၊ နှစ်ယောက်အိပ်ခန်းသုံးခန်း၊ ရိုးရိုးအိပ်ခန်း တစ်ခန်း၊ အဲကွန်း ရှစ်လုံး၊ ကြိုးဖုန်းတစ်လုံး၊ ပါဝါမီတာ၊ ဝန်ထမ်းမိသားစုနှစ်စု သီးသန့်နေထိုင်နိုင်သော အိပ်ခန်းနှစ်ခန်း၊ ရေချိုးခန်း၊ မီးဖိုခန်းပါသော ကားနှစ်စီးဆံ့ နှစ်ထပ်ကားဂိုဒေါင်၊ ခြံကျယ်ကျယ်နှင့် စိတ်အေးလက်အေးနေထိုင်လိုသူများအတွက် ပတ်ဝန်းကျင်ကောင်း၊ နေရာသန့်၊ အလွန်သက်သာသောဈေး။

(ကျပ်သိန်း ၅၇၀၀)

ဆက်သွယ်ရန်ဖုန်း - ၀၉-၅၁၇၈၉၇၉၊
၀၉-၄၃၀၂၂၈၂၈၊
- ၀၉-၅၅၀၄၀၇၁၊၀၁-၂၄၁၁၉၄၊
၀၁-၂၄၆၇၉၂

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ လက်ပန်ကျေးရွာအုပ်စုနေ ဦးဟာ၏သား ကျွန်တော် ဦးလင်းထိန် ၁၀/ကမရ(နိုင်)၀၂၇၅၁၂ နှင့် ဦးလင်းထွန်းတို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## RC 1, RUBC, BC

အငြိမ်းစားပါမောက္ခ၊ ကထိက၊ ဆရာ ဆရာမ
ကျောင်းသား ကျောင်းသူဟောင်းများ၏
ပညာအကျိုးပြု (ပညာဒါန)
၉-၁၀ တန်း (ဘာသာစုံ)တစ်လ ၁၈၀၀၀ိ/-တည်းသာ
**မဟာဗန္ဓုလလမ်းနှင့်လမ်း ၅၀ ထောင့်၊ (မှတ်တိုင်အနီး) ရန်ကုန်၊**
**ဖုန်း-၀၉-၇၃၀၀၈၇၁၉၊ ၀၉-၄၂၁၀၄၄၉၄၉**

**ဒေါ်ဆုမွန် မှတ်ပုံတင်အမှတ် ၁၂/ပဇတ(နိုင်)၀၃၂၅၀၉ကိုင်ဆောင်သူနှင့် အများသိစေရန်ကြေညာခြင်း**

ဒေါ်ဆုမွန် ၁၂/ပဇတ(နိုင်)၀၃၂၅၀၉သည် အမှတ် ၁၅၊ ရွှေမြယာအိမ်ရာ၊ မြယာကုန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် တည်ရှိသည့် Straits Mobile တွင် ၁-၁၀-၂၀၁၂ ရက်မှစတင်ပြီး အရောင်းဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ဒေါ်ဆုမွန်အနေဖြင့် ၁၃-၅-၂၀၁၃ ရက်မှစတင်၍ ရုံးသို့တက်ရောက်ခြင်းမရှိတော့ရုံသာမက ၎င်းတာဝန်ယူ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းပိုင်းများတွင်လည်း ငွေကြေးကွာဟမှုများရှိနေပါသဖြင့် Straits Mobile သို့ ကြော်ငြာပါသည့်ရက်မှ တစ်ပတ်အတွင်း လာရောက်ဖြေရှင်းပေးပါရန်နှင့် လာရောက်ဖြေရှင်းခြင်းမရှိပါက တရားဥပဒေအရ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဟိန်းထက်တင်
၁၂/အစန(နိုင်)၂၀၂၀၂၅






**အမည်ဖြည့်စွက်ခေါ်ပါရန်**

သံဖြူဇရပ်မြို့နယ်၊ ကျိုက္ခမီမြို့၊ အောင်သုခရပ်ကွက်၊အေးသာယာလမ်းနေ ဦးသိန်းလွင်၏သား မောင်ငြိမ်းချမ်းအား မောင်ငြိမ်းချမ်းလှိုင်ဟု အမည်ဖြည့်စွက် ခေါ်ဆိုပါရန်။

**အမည်ပြောင်း**

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ နတ်ကြီးချောင်ကျေးရွာနေ ဦးတင့်ဝေ၏သမီး ကျောင်းဝင်အမှတ် ၅၄၅၁ ဖြစ်သူ မသိမ့်သိမ့်သူ(ခ)မသဇင်ဖွေးအား သဇင်ဖွေးဟု ပြောင်းလဲခေါ်ပါရန်။

**အမည်ပြောင်းနှင့်ဖခင်အမည်မှန်**

ဦးလှုံကပ်ထန်-ဒေါ်နန်းခင်ထွေးဝါတို့၏သမီး နန်းမေအိဆက်အား နန်းငဲလေမိုင်ဟု ပြောင်းလဲခေါ်ပါရန်နှင့် ဖခင်အမည်မှန်မှာ ဦးလှုံကပ်ထန်ဖြစ်ပါသည်။

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ လက်ပန်ကျေးရွာအုပ်စုနေ ဦးလင်းထိန်(ခ) ဦးလင်းထွန်း၏သား မောင်ရှော့ပိုက် ၁၀/ကမရ (နိုင်)၀၉၈၆၇၆ နှင့် မင်းရှော့ပိုက်တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်ရှော့ပိုက်(ခ)မင်းရှော့ပိုက်**

## ပြည်တွင်းသတင်း

# ကျောက်တန်းမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်



**ရန်ကုန် ဇွန် ၄**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ကျန်းမာရေးကော်မတီက ကြီးမှူး၍ မြို့နယ်၊ ရပ်ကွက်များတွင် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်ခြင်းကို ဇွန် ၁ ရက် နံနက် ၈ နာရီက စ၍ အဆိုပါမြို့ပေါ်ရပ်ကွက် ကိုးရပ်ကွက်တွင် ကွင်းဆင်းဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ NGO အသင်းအဖွဲ့ဝင်များ ပူးပေါင်း၍ ရပ်ကွက်များသို့ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ဟောပြောပွဲများ ဆောင်ရွက်ခဲ့ပြီး ခြင်ခိုအောင်းနိုင်သော နေရာများတွင် ခြင်ဆေးဖျန်းခြင်း၊ ရေစည် ရေအိုးများတွင် အဘိတ်ဆေး ထည့်ပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၄-၆-၂၀၁၃ **ရွှေဈေး** (အောင်သမာဓိရွှေဆိုင်)

| | | |
|---|---|---|
| ၁၆ ပဲရည်(အခေါက်ရွှေ) | တစ်ကျပ်သား | ၇၀၉၀၀၀ |
| ၁၅ ပဲရည် | တစ်ကျပ်သား | ၆၆၇၃၀၀ |

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး** (သိမ်ဖြူငွေလဲကောင်တာ)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၉၄၈ ကျပ် |
| ဥရောပ | တစ်ယူရို | ၁၂၄၄ ကျပ် |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၆၁ ကျပ် |
| ထိုင်း | တစ်ဘတ် | ၃၂. ၆၅ ကျပ် |
| အိန္ဒိယ | တစ်ရူပီး | ၁၇. ၁၁ ကျပ် |
| တရုတ် | တစ်ယွမ် | ၁၅၇ ကျပ် |
| မလေးရှား | ရင်းဂစ် | ၃၁၄ ကျပ် |

**စက်သုံးဆီဈေးနှုန်းများ** (Max/Newday စက်သုံးဆီအရောင်းဆိုင်)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |
| ဒီဇယ် | တစ်လီတာ | ၈၆၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၈၆၀ ကျပ် |
| အောက်တိန်း ၉၅ | တစ်လီတာ | ၁၀၇၀ ကျပ် |
| ပရီမီယံဒီဇယ် | တစ်လီတာ | ၉၀၀ ကျပ် |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း** (သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၃၇၀၀ - ၅၅၀၀ ကျပ် |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၁၇၀၀ - ၃၀၀၀ ကျပ် |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၅၀၀၀ - ၉၀၀၀ ကျပ် |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၅၅၀၀ -၁၂၀၀၀ ကျပ် |
| ၅။ | ပုစွန်(ကျော့) | တစ်ပိဿာ | ၃၅၀၀ - ၈၀၀၀ ကျပ် |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၉၅၀၀ -၂၇၀၀၀ ကျပ် |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၀၀၀ -၁၈၀၀၀ ကျပ် |

**ခင်ရတနာ-စုစည်းသည်။**

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | | |
|---|---|---|---|
| ၁။ | နွေဆန် | တစ်အိတ် | ၁၇၀၀၀ |
| ၂။ | ပေါ်ကျွဲ | တစ်အိတ် | ၂၀၃၀၀ |
| ၃။ | ပေါ်ဆန်း | တစ်အိတ် | ၂၃၀၀၀-၂၉၀၀၀ |
| ၄။ | မြေပဲဆီ | တစ်ပိဿာ | ၃၉၀၀ |
| ၅။ | စားအုန်းဆီ | တစ်ပိဿာ | ၁၅၀၅ |
| ၆။ | ဆိပ်ဖြူကြက်သွန်နီ | တစ်ပိဿာ | ၄၀၀-၄၅၀ |
| ၇။ | ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၂၀၀-၁၈၀၀ |
| ၈။ | ကြူကုတ်ကြက်သွန်ဖြူ | တစ်ပိဿာ | ၁၄၅၀-၁၅၀၀ |
| ၉။ | အာလူး(အောင်ပန်း) | တစ်ပိဿာ | ၆၅၀-၇၈၀ |
| ၁၀။ | ဝါးခယ်မငရုတ်ရှည် | တစ်ပိဿာ | ၁၈၀၀-၁၈၅၀ |
| ၁၁။ | ဆင်ဖြူကျွန်းငရုတ်ပွ | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၁၂။ | သကြား | တစ်ပိဿာ | ၉၀၀-၉၇၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်သည်။

**ခင်ဆိုင်-စေ့ငုတင်ပြသည်။**

## အခမဲ့စေတနာကျောင်း ဖွင့်လှစ်

**ဆင်ပေါင်ဝဲ ဇွန် ၄**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် လူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်း ပညာရေးမြှင့်တင်မှု ကော်မတီက ကြီးမှူးဖွင့်လှစ်သော မြို့ဂုဏ်ဆောင် အခမဲ့စေတနာကျောင်းကို ဇွန် ၃ ရက်က အမှတ်(၃)ရပ်ကွက်အတွင်း၌ဖွင့်လှစ်ခဲ့ရာ ကျောင်းသားမိဘများ တက်ရောက်ကြသည်။

အဆိုပါကျောင်းတွင် နဝမတန်း၊ ဒသမတန်း ကျောင်းသား ကျောင်းသူ ၄၅ ဦး တက်ရောက်ပညာသင်ကြားရာ စေတနာရှင်ဆရာ ဆရာမများက ဘာသာစုံသင်ကြားပေးမည်ဟု သိရသည်။ **(၁၁၉)**

**သစ်ပင်စိုက်ပါတို့ကမ္ဘာ**

**သာယာလှပ စိမ်းမြမြ**

**အမြို့မြို့အနယ်နယ် ပျံ့သည့်သတင်းတာ မြန်မာ့အလင်း တွင် ကြော်ငြာပါ။**

**ဥတ္တရာသီ တောကိုမှီ၏**

### ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ရုံးချုပ်အခြေစိုက် မိုဘိုင်းဆက်သွယ်ရေးစခန်း

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မိုဘိုင်းဆက်သွယ်ရေးဌာနအတွက် လိုအပ်သော မိုဘိုင်းတယ်လီဖုန်းသုံးစွဲခြင်းမှတ်တမ်း(စာချုပ်)

(Carbon Less) ပုံစံစာအုပ် ၁၄၀၀၀ အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် စာအုပ်ပုံစံအား ၁၀-၆-၂၀၁၃ ရက်မှစတင်၍ အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ **တင်ဒါပုံစံပိတ်ရက်နှင့်အချိန်** - ၂၁-၆-၂၀၁၃ ရက်၊ ညနေ ၄း၃၀ နာရီ

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**
**အမှတ်(၇၄)၊ အရှေ့ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၅၀၀၀၀၀၄၉၊ ၀၉-၈၇၀၀၀၀၀**

### ကုန်းလမ်းပို့ဆောင်ရေးနှင့် အကျိုးတူဆောင်ရွက်လိုသည့် ပြည်တွင်း၊ ပြည်ပကုမ္ပဏီများသို့ အဆိုပြုလွှာများတင်သွင်းနိုင်ရန် အကြောင်းကြားခြင်း

ကုန်းလမ်းပို့ဆောင်ရေးနှင့် အကျိုးတူဆောင်ရွက်လိုသည့် ပြည်တွင်း၊ ပြည်ပကုမ္ပဏီများအား ၁၉-၆-၂၀၁၂ ရက်တွင် သတင်းစာမှကြော်ငြာပြီး အဆိုပြုလာသည့် ကုမ္ပဏီများအား တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ ၂၀၁၃ ခုနှစ် ဧပြီ ၂၃ ရက်နှင့် ၂၅ ရက်များတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှု စိစစ်ရေးအဖွဲ့ဖြင့် ကုန်းလမ်းပို့ဆောင်ရေးနှင့် အကျိုးတူဆောင်ရွက်မည့် ပြည်တွင်း၊ ပြည်ပကုမ္ပဏီများအား ထပ်မံ၍ ခေါ်ယူတွေ့ဆုံခဲ့ပြီး အဆိုပြုလွှာပုံစံများပေးအပ်ခြင်း၊ အကျိုးတူဆောင်ရွက်နိုင်မည့် မူဝါဒစည်းကမ်းများအားရှင်းလင်းခြင်း ဆောင်ရွက်ခဲ့ပါသည်။

အထက်ပါတွေ့ဆုံခဲ့သော ပြည်တွင်း၊ ပြည်ပကုမ္ပဏီများအနက် အဆိုပြုလွှာတင်သွင်းရန်ကျန်ရှိသောကုမ္ပဏီများနှင့် အချက်အလက်မပြည့်စုံသောကုမ္ပဏီများအနေဖြင့် အဆိုပြုလွှာများအား ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၇ ရက် နောက်ဆုံးထားပြီး ကုန်းလမ်းပို့ဆောင်ရေးရုံးချုပ်၊ နေပြည်တော်သို့ ဆက်သွယ်၍ပေးပို့နိုင်ရန် အကြောင်းကြားပါသည်။ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၈ ရက်မှစတင်၍ ကုန်းလမ်းပို့ဆောင်ရေးနှင့် အကျိုးတူလုပ်ငန်းရွေးချယ်ဆောင်ရွက်မှု အဆင့်ဆင့်ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ဖြည့်စွက်ဖော်ပြအပ်ပါသည်။

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန**
**ကုန်းလမ်းပို့ဆောင်ရေး**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၃)၊ မိတ္ထီလာမြို့မှ(၂၀၁၃-၂၀၁၄)ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် လမ်း၊ တံတားလုပ်ငန်းများဆောင်ရွက်ရန်လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ကျောက်အမျိုးအစား | အရေအတွက် |
|---|---|---|
| ပျဉ်းမနား-ပင်လောင်းလမ်း (မိုင် ၄၁/၅ မှ ၆၆/၃ အထိ) | ခွဲကျောက်ရွယ်စုံ | (၃၄၀)ကျင်း |

၁။ **တင်ဒါလျှောက်လွှာပိတ်ရက်** - ၁၉-၆-၂၀၁၃ ရက်၊ မွန်းတည့် ၁၂း၀၀ နာရီ
၂။ **တင်ဒါစိစစ်ရွေးချယ်မည့်အချိန်** - ၁၉-၆-၂၀၁၃ ရက်၊ မွန်းလွဲ ၁၃း၃၀ နာရီ
၃။ **စိစစ်ရွေးချယ်မည့်နေရာ** - ပျဉ်းမနား-ပင်လောင်းလမ်း၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၃)၊ ရှေ့တန်းစခန်းရုံး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်လောင်းမြို့။

၄။ တင်ဒါလျှောက်လွှာပုံစံများကို ဒုတိယအင်ဂျင်နီယာမှူးကြီးရုံး၊ လမ်းအထူးအဖွဲ့(၁၃)၊ မိတ္ထီလာ မြို့နှင့် ပျဉ်းမနား-ပင်လောင်းလမ်း၊ ရှေ့တန်းစခန်းရုံး၊ ပင်လောင်းမြို့တို့တွင် ၅-၆-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**လမ်းအထူးအဖွဲ့(၁၃)၊ မိတ္ထီလာမြို့**
**ဖုန်း-၀၆၄-၂၃၁၁၈၊ ၀၈၁-၅၄၄၉၈၊ ၀၉-၈၃၀၃၈၆၁**

### မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ထုတ်လုပ်သော ကာကွယ်ဆေးများ ထုပ်ပိုးသယ်ဆောင်ရာတွင် အသုံးပြုသည့် အောက်ပါလုပ်ငန်းသုံးပစ္စည်း (၂)မျိုးကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းအဆိုပြုလွှာ တင်သွင်းနိုင်ပါသည်-

(က) လှိုင်းတွန့်စက္ကူဘူး(ဌာနတံဆိပ်၊ စာသားများရိုက်ပြီး) (၅၀၀၀)လုံး
(လ ၁၀.၅" × န ၁၀.၅" × မ ၇.၅")

(ခ) လှိုင်းတွန့်စက္ကူကတ်ပြား (လ ၁၀" × န ၁၀") (၁၀၀၀၀)ခု

၂။ ဈေးနှုန်းအဆိုပြုလွှာပုံစံများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ရုံးအမှတ်(၃၆)၊ နေပြည်တော်တွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၂၁၉၊ ၀၉-၄၃၀၃၆၆၇၈တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

### အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်အတွင်းရှိ အထူးအဖွဲ့များ၊ လင်းခေးမြို့နယ်၊ မိုးနဲမြို့နယ်၊ မောက်မယ်မြို့နယ်၊ မိုင်းပန်မြို့နယ်၊ ကျိုင်းတောင်းမြို့နယ်ခွဲ၊ ဟိုမိန်းမြို့နယ်ခွဲများမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများ၌အသုံးပြုရန်လိုအပ်သော လမ်းခင်းကျောက်မျိုးစုံအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**အိတ်ဖွင့်တင်ဒါအမှတ်** **အမှတ်(၁)**

၁။ **လိုအပ်သောကျောက်မျိုးစုံ** - (၉၁၈၁)ကျင်း
၂။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၂-၆-၂၀၁၃ ရက်၊ (၁၆း၃၀)နာရီ
၃။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၃-၆-၂၀၁၃ ရက်၊ (၉း၀၀)နာရီ
၄။ **တင်ဒါတင်သွင်း/စိစစ်ရွေးချယ်မည့်နေရာ** - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လင်းခေးမြို့၊ ဖုန်း-၀၈၁-၈၇၀၁၂
၅။ အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်းစုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေး အထူးဇုန်(၂)၊ မြေကွက်အမှတ် ၁၅၈(တိုးချဲ့) မြေတစ်ယူနစ်နှင့် ၄င်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား မူလပိုင်ရှင် ဦးဌေးဝင်း ၁၂/ဗဟန(နိုင်)၀၄၇၆၈၄ ထံမှ ကျွန်တော် ဦးအောင်သူရဌေး ၁၃/တကန(နိုင်)၁၂၄၁၉၇ က အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတွင် ပိုင်ရှင်အမည်ပြောင်းလဲခွင့်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် မြေကွက်နှင့်ပတ်သက်သည့် ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်အတူ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်သူရဌေး**
**၁၃/တကန(နိုင်)၁၂၄၁၉၇**
**ဖုန်း-၀၉-၄၉၃၅၂၇၈၅**

### သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်မ၏သမီးကြီး မမြင့်မြင့်အေး(ခ)ဆီလီဝါမနီး ၁/မကန(ပြု)၀၀၀၆၄၇ သည် မိဘ၏ ဆိုဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင်အမျိုးမျိုးပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် သမီးအဖြစ်မှစွန့်လွှတ်လိုက်ပါသည်။ ၄င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**မိခင်-ဒေါ်တင်တင်အေး(ခ)ဒေါ်စီသား**
**အမှတ် ၆၃၊ ရှမ်းစုမြောက်၊ မြစ်ကြီးနားမြို့**

## ပြည်တွင်းသတင်း

# မိုးတွင်းကြံရောင်းမကုန် အမှိုက်ပုံမှာပုံ

**လှေလှ**

ကြံ. . .။ယနေ့စားသုံးနေသော ကြံကို နှစ်မျိုး မြင်တွေ့ဖူးသည်။ ကြံဝါ၊ ကြံနက်ဖြစ်သည်။ ငယ်စဉ်ကတည်းက တွေ့ဖူးသည်မှာ ကြံဝါကို ကြိတ်ကြံအဖြစ် အသုံးပြုကြပြီး ကြံရည်အဖြစ် သောက်ကြသည်။ ကြံအနက်ကိုမူ ဆစ်ပိုင်း၍ ကြံပန်းခိုင်၊ ကြံချောင်းအဖြစ် အရပ်ထဲတွင် လှည့်လည်ရောင်းချတတ်ကြသည်။

ယခုနောက်ပိုင်း ကြံရည်ဆိုင်များ၌ ကြံအနက်ကိုပါကြိတ်၍ အရည်ညှစ် ရောင်းချလာသည်ကို အတော်များများ တွေ့မြင်လာရသည်။

ကြည့်မြင်တိုင်မြို့နယ် ဗားကရာ သစ်သီးဝယ်ဒိုင်များအတွင်း ကြံဒိုင်ပေါင်း ၁၀ ဒိုင်မျှရှိသည်ဟု ဆိုသည်။ နေ့စဉ်နှင့်အမျှ ရေလမ်း၊ ကုန်းလမ်းမှ ကြံများ တစ်နွေလုံး အဆက်မပြတ်ဝင်လျက်ရှိနေသည်ကို လေ့လာတွေ့ရှိရသည်။

လေးလံသော ကြံရည်ကြိတ်စက်ကြီးများဖြင့် အထိုင်ချကာ ကြံရည်ဆိုင်များ ရောင်းချနေသကဲ့သို့ ယခုနှစ်၌ ပေါ့ပါးသော ဘက်ထရီတပ် ကြံရည်စက်အသေးလေးများကို လက်တွန်းလှည်းပေါ်တွင်တင်လျက် ရပ်ကွက်များအတွင်း တစ်လမ်းဝင် တစ်လမ်းထွက် အော်ရောင်းလာသည်ကို တွေ့ရသည်။



ပြီးခဲ့သော သီတင်းပတ်အတွင်းက ကမ်းနားဆိပ်သို့အဆင်း၌ မထင်မှတ်သော မြင်ကွင်းတစ်ခုကို တွေ့မြင်ခဲ့ရသည်။ အလွန့်အလွန်မှပင် အံ့အားသင့်ခဲ့ရသည်။ မြင်ကွင်းက ကြံဒိုင်တစ်ခုမှ ကြံဝါများကို သမ္ဗန်ပေါ်သို့ တင်နေသည်။ ဒါနှင့် ဘာမျှ အံ့ဩစရာမဖြစ်ခဲ့ပါ။ ပို့မည်နေရာကို မေးကြည့်ရာမှ ဒိုင်ပိုင်ရှင်က "အမှိုက်ပုံ"ဟု ဆိုသည်။ နားထဲမရှင်းဖြစ်သွား၍ နောက်တစ်ခေါက် ပြန်မေးကြည့်သည်။ "သြော်. . . အမှိုက်ပုံကိုပါဆိုမှ"ဟု ထပ်ပြော၍ အံ့ဩခြင်း အမှန်ဖြစ်ခဲ့ရသည်။

သူ့အဆိုက "ကြံဆိုတာက နွေမှာတော့ ငွေဖြစ်သလို မိုးရွာပြီဆိုတာနဲ့ ရှုံးတော့တာပါပဲ၊ လက်ထဲမှာ တစ်ပုံကြီးကျန်နေရင်တော့ အမှိုက်ပဲ" ဟု စကားစ ရလာခဲ့သည်။

နွေ၌ ဈေးကောင်းရတတ်သော်လည်း မိုးတစ်ပြိုက်နှစ်ပြိုက် စဝင်လာသည်နှင့် ကြံအရောင်းအဝယ် ချက်ချင်းပါးသွားတော့သည်။ ကြံမှာ ရာသီဥတုကိုချိန်၍ ရောင်းရသော ကုန်စည်တစ်မျိုးဖြစ်ရာ ဒိုင်မှ ဝယ်ယူမှု သိုလှောင်မှုများစွာ ချိန်ဆရကြောင်း၊ ပြီးခဲ့သော မေ ၁၇ ရက်က ကျောင်းကုန်းမှဝင်လာသော ကြံဝါများတွင် အတွင်းကြံသားများ အနီရောင်သန်းလာခြင်း၊ အဆစ်များနီလာခြင်းကြောင့် ရောင်းပန်းလုံးဝမရှိသည့်

**တင်ဝင်းလေး (ကြည့်မြင်တိုင်)**

အတွက် အရှုံးပြလာကြောင်း၊ နောက်သုံးလေးလ ထားရောင်းသော်လည်း စရိတ်စကနှင့် မထူးတော့ကြောင်း သိရသည်။

သမ္ဗန်ပေါ်သို့တင်နေသော ကြံအစည်းများမှာ အစင်းရေ ၃၆၀၀ ကျော်ရှိကြောင်း တန်ဖိုးအားဖြင့် ၁၀ ပင်တစ်စည်းလျှင် ငွေကျပ် ၂၅၀၀-၃၀၀၀မျှတန်ကြောင်း စိတ်မကောင်းဖွယ် ကြားသိရသည်။

ယင်းကြံများကို သမ္ဗန်ဖြင့် လှိုင်မြစ်ကမ်းနံဘေးရှိ . . . . ရပ်ကွက်ကွက်လပ်တွင် သွားရောက်စွန့်ပစ်မည်ဖြစ်ကြောင်းထပ်မံသိရသည်။ ထိုကြံများကို ဆစ်ပိုင်းခုတ်ဖြတ်၍ ရပ်ကွက်ထဲရှိ လမ်းဆိုင်များခင်းခြင်း၊ အချောင်းလိုက် ခြံဝင်းကာခြင်းများ ပြုလုပ်ရကြောင်း၊ ဝင်းထရံကာထားပါက သုံးလေးနှစ်မျှခံကြောင်း သိရသည်။

**သစ်ပင်စိုက်ပါ**
**ဒို့ကမ္ဘာ**
**သာယာလှပ**
**စိမ်းမြမြ**

## ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ကျင်းပ

**မြစ်ကြီးနား ဇွန် ၄**

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ မေ ၃၁ ရက် နံနက် ၉ နာရီက ကျင်းပရာ ကချင်ပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဦးညွန့်အောင် တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကြည်လွင်က ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။

**ကြည့်ရှု**

အခမ်းအနားအပြီးတွင် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အထိမ်းအမှတ် ဆေးလိပ် ဆေးရွက်ကြီး အန္တရာယ် သိကောင်းစရာပြသထားသည့် ပြခန်းကို အခမ်းအနား တက်ရောက်လာသူများက လိုက်လံကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**


## အများပြည်သူဝန်ဆောင်မှု မီဒီယာဥပဒေကြမ်း ရှင်းလင်းမှုဖိတ်ကြားခြင်း

အများပြည်သူဝန်ဆောင်မှု မီဒီယာဥပဒေကြမ်းနှင့်ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာနက စာနယ်ဇင်းများနှင့် ပြည်သူများအား ရှင်းလင်းတင်ပြသည့် အခမ်းအနားကို အောက်ပါအတိုင်း ပြုလုပ်မည်ဖြစ်ပါသဖြင့် စာနယ်ဇင်းသမားများနှင့် စိတ်ပါဝင်စားသူများ မည်သူမဆို တက်ရောက်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

**ရက်စွဲ** - ၈-၆-၂၀၁၃ ရက် (စနေနေ့)
**အချိန်** - နံနက် ၁၀ နာရီ
**နေရာ** - ဗဟိုပုံနှိပ်စက်ရုံ၊ အစည်းအဝေးခန်းမ၊ ၂၂၈-သိမ်ဖြူလမ်း၊ ရန်ကုန်မြို့

**ပြန်ကြားရေးဝန်ကြီးဌာန**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ပါလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည်/တည်နေရာ |
|---|---|---|
| 1 | ၂၇/မမ/CE | နေပြည်တော်ဘူတာတွင် အမှတ်(၁)(၂)လမ်းအား သံကူကွန်ကရစ် ကြမ်းခင်းလောင်းခြင်းလုပ်ငန်း၊(၂ x ၁၀၀၀') |
| 2 | ၂၈/မမ/CE | ရွှေညောင်ကွန်ကရစ် ဇလီဖားစက်ရုံတွင်<br>(က) စက်ရုံအဝင် ဂိတ်တဲ (၁)လုံး တည်ဆောက်ခြင်း၊(၈ ပေ x ၈ ပေ)<br>(ခ) Sleeper Stacking Yard သဲ-၉ လက်မထု ခင်းခြင်း၊(၄၂၀ ပေ x ၁၁၂ ပေ)<br>(ဂ) စက်ရုံအဝင် အုတ်သံပန်း ဂိတ်တံခါးနှင့် ဆိုင်းဘုတ်ပြုလုပ်ခြင်း၊ |
| 3 | ၂၉/မမ/CE | သီပေါ ကွန်ကရစ် ဇလီဖားစက်ရုံတွင်<br>(က) Clip Work Shop တည်ဆောက်ခြင်း၊(၁၈၀ ပေ x ၄၀ ပေ)<br>(ခ) Stirrup Production Work Shop တည်ဆောက်ခြင်း၊(၁၀၀ ပေ x ၄၀ ပေ)<br>(ဂ) Repairing House တည်ဆောက်ခြင်း၊(၆၀ ပေ x ၂၆ ပေ)<br>(ဃ) Batching Plant Ramp တည်ဆောက်ခြင်း၊(၈၈ ပေ x ၂၅ပေ)<br>(င) စက်ရုံဝင်းအတွင်း ကွန်ကရစ်ကားလမ်း(၂၄၁၃-ပေ) ခင်းခြင်းနှင့်ပင်မအလုပ်ရုံ Apron (၁၆၇၀-ပေ)ခင်းခြင်း။<br>(စ) ဂိတ်တဲ(၂)လုံး တည်ဆောက်ခြင်း(၈ ပေ x ၈ ပေ) |

တင်ဒါပိတ်မည့် နေ့/အချိန် - ၁၇.၆.၂၀၁၃( တနင်္လာနေ့ )(၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၃.၆.၂၀၁၃)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း -294352,291994

## စက်မှုဝန်ကြီးဌာန
## အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား (CIF, YGN) နိုင်ငံခြားငွေ (US $)ဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | တင်ဒါအမှတ် |
|---|---|---|---|
| (က) | Component Parts for Excavator(29 Tons) | 15 Sets | No.(1)HIE/13-14/CP/002 |
| (ခ) | Component Parts for Mini Excavator | 40 Sets | No.(1)HIE/13-14/CP/003 |
| (ဂ) | Component Parts for Bulldozer | 15 Sets | No.(1)HIE/13-14/CP/004 |
| (ဃ) | Pig Iron | 300 Tons | No.(1)HIE/13-14/RM/005 |
| (င) | Raw Material for Welding Electrode | 1 Lot | No.(1)HIE/13-14/RM/006 |

၂။ စက်မှုဝန်ကြီးဌာန၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား စက်ရုံအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | တင်ဒါအမှတ် |
|---|---|---|---|
| (က) | Component Parts for Combine Harvester(70HP) | 200 Sets | No.(1)HIE/13-14/CP/007 |
| (ခ) | Component Parts for Combine Harvester(85 HP) | 200 Sets | No.(1)HIE/13-14/CP/008 |
| (ဂ) | Engine for Bulldozer (217 HP/1800 rpm) | 5 Nos. | No.(1)HIE/13-14/Engine/009 |
| (ဃ) | Engine for Excavator (227 HP/1900 rpm) | 1 No. | No.(1)HIE/13-14/Engine/010 |

၃။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့်ပစ္စည်းများ၏ (Technical Specification)များ၊ အသေးစိတ်အချက်အလက်များနှင့်ပတ်သက်၍ ၅-၆-၂၀၁၃ရက်မှစတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်-

၄။ တင်ဒါများ နောက်ဆုံးထားပေးသွင်းရမည့်ရက်မှ ၂၀-၆-၂၀၁၃ရက် မွန်းတည့် ၁၂ နာရီဖြစ်ပါသည်။

**ထုတ်လုပ်မှုစီမံရေးဌာန၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း**
**စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၀)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၅၀၅၆၊ ၀၆၇-၄၀၅၁၇၁**

**ဩဂဲနစ်သစ်မွှေး**
**စိုက်နည်း၊ ပျိုးနည်း**
တအုပ်ဆိုင်တိုင်းတွင် ဝယ်ယူနိုင်ပါသည်။
ပျိုးပင်များ လိုသလောက်ဖြန့်ချိပေးနေပါသည်။
ဝင်းသစ်မွှေး 09-5117226

**ငှားမည်၊ ရောင်းမည်**
**Mini Bus** ၃၀ ယောက်စီး။
**ဦးဇော်သူမောင်**
ဖုန်း-၀၉-၄၂၀၀၄၉၁၂၃၊ ၀၉-၅၁၀၂၁၆၆

**ကားရောင်းမည်**
၂၀၀၇ မော်ဒယ်၊ တီဒါလာရီယို 1.5CC ၇င/--ကျပ်သိန်း ၁၄၀။
ဖုန်း-၀၉-၄၃၀၈၃၂၅၃၊ ၀၉-၄၃၀၅၀၈၇၇

# အမေရိကန်ပြည်ထောင်စုခရီး

**New York + Philadelphia + Washington D.C. + Corning + Niagara Falls + Boston+ Miami +Las Vegas + Grand Canyon + San Fransico + Los Angeles**

ရက်(၂၀)ခရီး၊ စက်တင်ဘာ(၂၀)ထွက်မည်။ တစ်ဦးလျှင် US$ 5550 တိတိ။

**Business Plus Travel and Tours Co., Ltd** 01 518147, 09 73194300, 09 73003527
အမှတ်(၁၄၁)၊ အခန်း(၉၀၃) ဗားဂရာကွန်ဒို၊ ဗားဂရာလမ်း၊ စမ်းချောင်း

## ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ဖလမ်း၌ မိုးရာသီ စုပေါင်း သစ်ပင်စိုက်ပျိုး

**ဖလမ်း ဇွန် ၄**

ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁ ရက်က ချင်းပြည်နယ် ဖလမ်းခရိုင် ဖလမ်းမြို့ အလွန်လိုရပ်ကွက် တစ်မိုင် ဘုန်းကြီးကျောင်းဝင်း ရေထိန်းဧရိယာအနီး၌ ကျင်းပသည်။



သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေးအတွက် ဧရိယာ ထိန်းသိမ်းရေးနှင့် လေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကို ရည်ရွယ်ပြီး ခါတော်မီပင်၊ ထင်းရှူးပင်၊ မက်ခေါက်ပင်နှင့် ချယ်ရီပင် စုစုပေါင်းအပင် ၂၀၀၀တို့ကို ဖလမ်းခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးတင့်ဦးဆောင်၍ ခရိုင်မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့ပေါ်လေးရပ်ကွက်နေပြည်သူများ စုစုပေါင်း အင်အား ၅၀၀ ခန့်တို့က စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

**(အပေါ်ပုံ) (ခရိုင်ပြန်/ဆက်)**

# သီပေါမြို့၌ အခြေခံရှမ်းစာပေသင်တန်းဆင်း

**သီပေါ ဇွန် ၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီက ကြီးမှူးကျင်းပသော အခြေခံရှမ်းစာပေ သင်တန်းဆင်းပွဲ အခမ်းအနားကို ဇွန် ၁ ရက် နံနက် ၉ နာရီက မြို့တော်ခန်းမ၌ကျင်းပရာ ရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီ ဥက္ကဋ္ဌ ဦးစိုင်းငို့ကွမ်းက သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ဆက်လက်၍ သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းထူးချွန်သူများကို ရှမ်းစာပေနှင့်ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ သင်တန်းကြီးကြပ်သူ ဦးစိုင်းလိတ်၊ ဦးစိုင်းထွန်းလှိုင်နှင့် တာဝန်ရှိသူများက တစ်ဦးချင်း ချီးမြှင့်ပေးအပ်ကြသည်။

အလားတူ အခြေခံရှမ်းစာပေ သင်တန်းဆင်းပွဲကို သီပေါမြို့နယ် နောင်တော်ကြီးကျေးရွာနှင့် ပန်မိတ်ကျေးရွာတို့တွင်လည်း ကျင်းပခဲ့ရာ သင်တန်းကြီးကြပ်သူများနှင့် တာဝန်ရှိသူများက သင်တန်းဆင်း လက်မှတ်များနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများကို သင်တန်းသားတစ်ဦးချင်းစီအား ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) စိုင်း(သီပေါ)**



# လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ပေးအပ်

**ကွန်ဟိန်း ဇွန် ၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် ကွန်ဟိန်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ပေးအပ်ပွဲအခမ်းအနားကို မေ ၃၀ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ထင်က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အတွင်းရေးမှူး မြို့နယ် မြေစာရင်းဦးစီးမှူး ဦးခိုင်ဇော်ဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးတို့က လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များ ပေးအပ်ကြရာ မြို့မကျေးရွာအုပ်စုကိုယ်စား မြို့မကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးရာလတ္တကလည်းကောင်း၊ လိုက်ကမ်ကျေးရွာအုပ်စုကိုယ်စား လိုက်ကမ်ကျေးရွာအုပ်စုအတွင်းရေးမှူး ဦးစိုင်းထွန်းကြာကလည်းကောင်း လက်ခံယူခဲ့ကြကြောင်းသိရသည်။

**(ခရိုင် ပြန်/ဆက်)**

# နွားများနယ်ကျော်သယ်ဆောင်မှုဖြင့် ဖမ်းဆီးအရေးယူ

**ဗန်းမော် ဇွန် ၄**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဗန်းမော်မြို့ စီအင်(၅)မိုင်ကျေးရွာ အနောက်တောလမ်းမ၌ ဗန်းမော်မြို့နယ်မှ မိုးမောက်မြို့နယ်သို့ ပို့ဆောင်မည့်နွားများကို ရှာဖွေဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ဇွန် ၁ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် သတင်းအရ ဗန်းမော်မြို့ မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ကျော်သီဟ၊ တကကျော်လှိုင်မြင့်၊ စီအင် (၅)မိုင် လုံခြုံမှုစစ်ဆေးရေးကင်းမှ ဒုရဲအုပ်ရန်နိုင်မြင့်၊ ခရိုင်မှုခင်း (အထူး)အဖွဲ့မှ တကသန်းဇော်ဝင်း၊ စီအင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမိတုန်လနှင့် ဦးဘရန်တောင်တို့အဖွဲ့က သွားရောက်စစ်ဆေးရာ မိုးမောက်မြို့နယ် သားသတ်လေလံရရှိထားသော ဦးနော်ဆန်းမှ ကိုယ်စားလှယ်လွှဲထားသော ကျော်မိုး(ခ)အဒူလာမန်ဦးဆောင်မောင်းနှင်လာသည့် ဗန်းမော်မြို့နယ်မှ မိုးမောက်မြို့နယ်သို့ နယ်ကျော်သယ်ဆောင်မည့် နွားထီး ၁၅ ကောင်၊ ကာလတန်ဖိုးငွေ ၄၅ သိန်းခန့်ရှိသည့် နွားများကို တွေ့ရှိရ၍ စစ်ဆေးရာ မြို့နယ် ကျော်သယ်ယူခွင့်ပြုမိန့် တစ်စုံတစ်ရာ မပါရှိဘဲ မောင်းနှင်သယ်ဆောင်လာကြောင်း စိစစ်တွေ့ရှိရသဖြင့် ရှာဖွေပုံစံဖြင့် ဖမ်းဆီးသိမ်းဆည်းခဲ့ကြောင်း သိရသည်။

၎င်းဖြစ်စဉ်နှင့် ပတ်သက်ပြီး မြို့နယ်ကျော် သယ်ယူခွင့် ခွင့်ပြုမိန့် တစ်စုံတစ်ရာ မပါရှိဘဲ နွားများအား မောင်းနှင် သယ်ဆောင်သူ ကျော်မိုး (ခ) အဒူလာမန် (၄၆နှစ်) မင်းလှရပ် နောင်ခိုအုပ်စု ဗန်းမော်မြို့နေသူကို မြို့မရဲစခန်းက အရေးယူ ဆောင်ရွက်နေကြောင်း သိရသည်။

**ဗစ်တာတင်ရွှေ**


## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းမှ အောက်ပါပစ္စည်း(၁၁)မျိုးအား မြန်မာကျပ်ငွေနှင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Electronic Fuel Injection System With Accessories | 1Set |
| (ခ) | Colour Printer A4 Laser | 1Set |
| (ဂ) | 10 KVA Step-Up Transformer All Auto (NIBBAN/ ECOPOWER) | 1Set |
| (ဃ) | Argon Welding Transformer KEP UD X(12000) | 1Set |
| (င) | Electronic digital theodolite with Standard Accessories (Including one Extra battery)(SOKKIA or NIKON) (Country of origin-Japan) | 1Set |
| (စ) | Flat head Aluminium tripod | 2Nos |
| (ဆ) | Automatic level with Standard Accessories (SOKKIA or NIKON)(Country of origin-Japan) | 1 No |
| (ဇ) | Aluminium staff (ft-m,3-Step) | 2 Nos |
| (ဈ) | Engineering survey chain (100ft) | 1 No |
| (ည) | Survey Steel tape (100ft) With tension measuring instrument | 1 No |
| (ဋ) | Prismatic compass | 1 No |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း မိတ္ထီလာမြို့တွင် ၃-၆-၂၀၁၃ရက်မှ ၁၄-၆-၂၀၁၃ရက်အထိ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ ၂၈-၆-၂၀၁၃ရက် ၁၁:၀၀နာရီနောက်ဆုံးထား၍ တင်ဒါများလက်ခံပြီး အိတ်ဖွင့်တင်ဒါဖွင့်ဖောက်ကြေညာခြင်းအား ၄င်းရက်၌ပင်တစ်ဆက်တည်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ အသေးစိတ် အချက်အလက်များအား အောက်ပါအတိုင်းဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဌာနမှူး ဖုန်း-၀၆၄-၂၄၅၄၆

ဌာနခွဲမှူး(စီမံ) ဖုန်း-၀၆၄-၂၄၅၄၅

---

တတ်တိုင်းသင်၍ သင်တိုင်းတတ်စေအံ့

## ဂုဏ်ထူးဦးသိန်းနိုင်

(ဝိဇ္ဇာ၊ တန်းစဉ်မြန်မာစာဂုဏ်ထူး)

"အမှန်တကယ်ကြိုးစား၍ကေန်ကေ ထူးချွန်လိုသူ တပည့်များအတွက် တကူးတက ဖွင့်ပါသည်။"

**အထူးစာစီစာကုံးတန်းခွဲ** (တစ်ခွဲတည်းသာ)

◆ တနင်္ဂနွေ နံနက် ၇:၀၀ မှ ၈:၃၀ (နှစ်စ နှစ်ဆုံး ကိုယ်တိုင် သင်သည်။)

**တက္ကသိုလ်ဝင်တန်းဂုဏ်ထူးအာမခံ သံမဏိတန်းခွဲ** (တစ်ခွဲတည်းသာ)

◆ တနင်္ဂနွေ နံနက် ၈:၃၀ မှ ၁၂:၀၀ (ဂုဏ်ထူး ဒေါ်စန်းမြင့်နှင့်အတူ)

◆ အပတ်စဉ် စာမေးပွဲ၊ လစဉ် စာမေးပွဲ မပြေမနေရစနစ်

**နှစ်ခွဲစလုံး ဇွန် ၉ ရက်၊ တနင်္ဂနွေနေ့တွင် ဖွင့်မည်**

**ဂုဏ်ထူး မြန်မာ**

"မြန်မာစာ ဂုဏ်ထူး" လိုချင်မှသာ တက်ပါ

၁၈၈(၃)ထပ်၊ ဆိပ်ကမ်းသာလမ်း(အလယ်)၊ ရန်ကုန်မြို့။ ဖုန်း ၃၇၅၅၀၉ ၊ ၃၇၂၂၃၇ ၊ ၀၉ ၅၀ ၁၂၆၁၁

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အောက်ပါယာဉ်စစ်ဆေးရေးစက်ကိရိယာနှင့် ဆက်စပ်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

Mobile Test Lane With Container Carrier Truck

(က) Mobile Test Lane Technical Specification

| | | |
|---|---|---|
| (၁) | Country of Origin | - Germany |
| (၂) | Test Lane Type | - Mobile Test Lane |
| (၃) | Operation | - With Power Generator And Computer Control Office Room With Air Conditioner |
| (၄) | Test Lane Container Size | - Length 20ft(6096mm) |
| (၅) | Condition | - Brand New |

(ခ) Container Carrier Truck Specification

| | | |
|---|---|---|
| (၁) | Country of Origin | - Europe(or)Japan |
| (၂) | Type | - Container carrier Truck(6x4) |
| (၃) | Model | - 2008 & Up |

**တင်ဒါပိတ်ရက်နှင့်အချိန်** - ၁-၇-၂၀၁၃ ရက် ၁၃:၀၀ နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် သတင်းစာပါ ကြေညာသည့်ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ညွှန်ကြားရေးမှူး(စီမံ)**
**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)**
**ရုံးအမှတ်(၂၉)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၅၃၆၀၊ ၀၆၇-၄၀၅၀၉၉**
**သံသုမာလမ်း၊ မြင်သာ၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၁-၅၇၀၉၃၅၊ ၀၁-၅၇၃၁၀၇**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ပုဂံမြို့၊ ကျန်စစ်သားရပ်ကွက်၊ မြေကွက်အမှတ်၊ ၁၁၂/၁၁၃ အကျယ်အဝန်း ၃ဒသမ ၅၄၄ဧကရှိ မြေနေရာတွင် ပေ(၄၃၀×၃၆၀) ခေတ်မီတစ်ထပ်ဈေးသစ်အား ဆောက်လုပ်ရန်အတွက် ဆောက်လုပ်လိုသည့် ကုမ္ပဏီအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရွေးချယ်သွားမည်ဖြစ်ပါသည်။

၂။ ဆောက်လုပ်လိုသည့်ကုမ္ပဏီများသည် ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သတ်မှတ်ထားသောဒီဇိုင်းပုံစံနှင့် ပါရှိရမည့်အခြေခံအဆောက်အအုံအတိုင်း တွက်ချက်တင်ပြရမည်ဖြစ်ပါသည်။ သတ်မှတ်ရက်၊ သတ်မှတ်အချိန်ကျော်လွန်သော လျှောက်လွှာများကို လက်ခံခြင်းပြုမည်မဟုတ်သည့်အပြင် အိတ်ဖွင့်တင်ဒါ တင်သွင်းခွင့်ပြုမည်မဟုတ်ပါ။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းသော ကုမ္ပဏီသည်၊ ကုမ္ပဏီဒါရိုက်တာစာရင်း(၂/၂၆) တင်ပြနိုင်ရမည်။ ကုမ္ပဏီတည်ရှိရာ ရဲစခန်း၏ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာပါရှိရမည်။ လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည့်စာရွက်စာတမ်းများနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းတင်ပြနိုင်ခြင်းမရှိသူအား အိတ်ဖွင့်တင်ဒါ တင်သွင်းခွင့်ပြုမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များအား ၁၀-၆-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့တွင် ရယူဆောင်ရွက်နိုင်ပြီး၊ အိတ်ဖွင့်တင်ဒါအား ၄-၇-၂၀၁၃ရက် (ကြာသပတေးနေ့) ၁၀နာရီအချိန်တွင် ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၌ ကျင်းပမည်ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါစည်းကမ်းများကို ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး ဖုန်းနံပါတ် ၀၆၁-၃၀၂၇၃၊ ၀၆၁-၆၁၁၃၅တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

---

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းမှ အရာရှိနေအိမ်နှစ်လုံးအား အုတ်ညှပ်နံရံပြုလုပ်ခြင်း၊ ကျောက်ပြား၊ မျက်နှာကြက်တပ်ဆင်ခြင်းနှင့် ဆေးသုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာမြို့တွင် ၃-၆-၂၀၁၃ရက်မှ ၁၄-၆-၂၀၁၃ရက်အထိ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ ၂၇-၆-၂၀၁၃ရက် ၁၁နာရီ နောက်ဆုံးထား၍ တင်ဒါများလက်ခံပြီး အိတ်ဖွင့်တင်ဒါဖွင့်ဖောက်ကြေညာခြင်းအား ၄င်းရက်၌ပင် တစ်ဆက်တည်း ဆောင်ရွက်သွားမည်ဖြစ်သည်။

၄။ အသေးစိတ်အချက်အလက်များအား အောက်ပါအတိုင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဌာနမှူး ဖုန်း-၀၆၄-၂၄၅၄၆

ဌာနခွဲမှူး(စီမံ) ဖုန်း-၀၆၄-၂၄၅၄၅

---

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်)၏ သံကန်အမှတ် T-206အတွင်းရှိ ဆီပျက်အနည်အနှစ်(၂၃၂,၁၈၅) ဂါလန်ကို မျက်မြင်အခြေအနေတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | **တင်ဒါပုံစံရောင်းချမည့်ရက်** | - | ၁၁-၆-၂၀၁၃ရက်မှ ၂၄-၆-၂၀၁၃ရက်အထိ (ရုံးချိန်အတွင်း) |
| ၃။ | **တင်ဒါပုံစံရောင်းချမည့်နေရာ** | - | (က) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ရုံးအမှတ်(၄၄)၊နေပြည်တော် (ခ) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ် ၇(က)၊ သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ |
| ၄။ | **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်** | - | ၂၅-၆-၂၀၁၃ရက် (အင်္ဂါနေ့) |
| | **အချိန်နှင့်နေရာ** | - | မွန်းတည့် ၁၂နာရီ၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော် |
| | **တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့်အချိန်** | - | ၂၅-၆-၂၀၁၃ရက် ၁၃:၀၀နာရီ |

၅။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၃၄၉၊ ၀၆၇-၄၁၁၁၂၂၊ ၀၆၇-၄၁၁၁၉၅တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ နေပြည်တော်**

# ကန်ကြီးထောင့်မြို့နယ် ကျိုက်လတ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းဖွင့်

**နေပြည်တော် ဇွန် ၄**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ကျိုက်လတ်ကျေးရွာ ကျောက်ချောလမ်းနှင့်အခြေခံပညာအထက်တန်းကျောင်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂ ရက် နံနက်၁၁နာရီက ကျင်းပရာ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဝင်းနိုင်နှင့်တာဝန်ရှိသူများက ကျောက်ချောလမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တာဝန်ရှိသူများက ကျိုက်လတ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြိတ်မြို့ မီးသတ်တပ်ဖွဲ့ ရှာဖွေကယ်ဆယ်ရေးတပ်စု သရုပ်ပြလေ့ကျင့်

**မြိတ် ဇွန် ၄**

မြိတ်ခရိုင် မီးသတ်ဦးစီးဌာနက ကြီးမှူး၍ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက တုံ့ပြန်ရန် စုဖွဲ့ထားသော မြိတ်မြို့ မီးသတ်တပ်ဖွဲ့ ရှာဖွေကယ်ဆယ်ရေးတပ်စု စုဖွဲ့သရုပ်ပြလေ့ကျင့်ခြင်းကို ဇွန် ၁ ရက် ည ၈ နာရီက မြို့နယ်မီးသတ်တပ်ဖွဲ့စခန်း၌ ကျင်းပသည်။

ရှာဖွေကယ်ဆယ်ရေးတပ်စု စုဖွဲ့သရုပ်ပြလေ့ကျင့်ခြင်းတွင် ရှေးဦးသူနာပြုစုနည်းများ၊ လူနာသယ်နည်းအမျိုးမျိုး၊ ရွက်ဖျင်တဲထိုးနည်း အမျိုးမျိုး၊ ကြိုးချည်နည်းများ၊ ကယ်ဆယ်ရေးသုံး ပစ္စည်းကိရိယာများကိုင်တွယ်အသုံးပြုနည်းများကို မြိတ်ခရိုင် မီးသတ်ဦးစီးဌာနမှူးဦးဇော်ဝင်းနှင့် သန္ဒေမီးသတ်တပ်ဖွဲ့ဝင်များကသင်ကြား လေ့ကျင့်ပေးကြသည်။ **(အပေါ်ယာပုံ)**



အဆိုပါ စုဖွဲ့သရုပ်ပြလေ့ကျင့်ခြင်းကို အပတ်စဉ် စနေနေ့နှင့် တနင်္ဂနွေနေ့များတွင် မြိတ်မြို့မီးသတ်တပ်ဖွဲ့ ရှာဖွေကယ်ဆယ်ရေးတပ်စု ၃၅ ဦးဖြင့် ဇူလိုင် ၇ ရက်အထိ စုဖွဲ့သရုပ်ပြလေ့ကျင့် သွားမည်ဖြစ်ကြောင်း သိရသည်။ **(မြိတ်ခရိုင် ပြန်/ဆက်)**

## ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ညောင်တုန်းမြို့၌ လျှပ်စစ်မီးအားကောင်းမွန်ရေး ထရန်စဖော်မာတပ်ဆင်

**ညောင်တုန်း ဇွန် ၄**

ညောင်တုန်းမြို့ ပန်းဧရာ အမှတ်(၉)ရပ်ကွက်နှင့်အမှတ်(၁၀)ရပ်ကွက် အတွင်းရှိ ပြည်သူများ လျှပ်စစ်ဓာတ်အားသုံးစွဲရာတွင် တည်ငြိမ်ကောင်းမွန်ပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ပုံငွေနှင့် ပြည်သူများ ပေါင်းစပ် ထည့်ဝင်ငွေတို့ဖြင့် လျှပ်စစ်ဓာတ်အားလိုင်း 11KV (11000 V) အားနှင့် ထရန်စဖော်မာ 315 KVA အသစ် တစ်လုံးကို ဗိုလ်ဗထူးလမ်းနှင့် ရွှေလင်းယုန်လမ်းဆုံတွင် တပ်ဆင်ဆောင်ရွက်ခြင်းလုပ်ငန်းများကို မေ ၂၅ ရက်က မြို့နယ်လျှပ်စစ် အင်ဂျင်နီယာ ဒေါ်လွင်မာမြင့်၏ ကြီးကြပ်မှု၊ ကျွမ်းကျင် လျှပ်စစ်ဝန်ထမ်းများ၏ ဆောင်ရွက်မှုဖြင့် ပြီးစီးပြီဖြစ်သည်။

"အရင်တုန်းက ထရန်စဖော်မာ အထိုင် ဓာတ်အားလိုင်းမရှိတော့ အများပြည်သူများအနေဖြင့် လျှပ်စစ်မီးသုံးစွဲခွင့်မရှိပါဘူး၊ လမ်းမီးတိုင်သာ ရှိပါတယ်။ အခုတော့ ထရန်စဖော်မာတစ်လုံး တပ်ဆင်ပေးပြီး လျှပ်စစ်လိုင်း မီးအားတွေရတော့ အများပြည်သူတွေ လျှပ်စစ်မီးသုံးစွဲခွင့်ရလာတော့ လျှပ်စစ်မီးသုံးစွဲသူ ကျောင်းသားများနှင့် ပြည်သူအများ ဝမ်းသာပီတိဖြစ်မိတာပေါ့" ဟု အမှတ်(၁၀) ရပ်ကွက်နေ ကျောင်းဆရာမတစ်ဦးက ပြောပြသည်။

"ယခုအခါ ထရန်စဖော်မာ 315 KVA အား အသစ်တစ်လုံး တပ်ဆင်ပေးခဲ့ခြင်းကြောင့် ပန်းဧရာ (၉)ရပ်ကွက်နှင့် (၁၀) ရပ်ကွက်များတွင် မြို့အင်္ဂါရပ်နှင့် ညီညွတ်ပြီး လျှပ်စစ်မီးအား ပိုမိုကောင်းမွန်လာပါတယ်" ဟု မြို့နယ်လျှပ်စစ်ဌာနမှ လိုင်းတာဝန်ခံ ဦးအေးဆွေက ပြောပြသည်။ ညောင်တုန်းမြို့တွင် ထရန်စဖော်မာ ၁၀လုံးဖြင့် လျှပ်စစ်ဓာတ်အား ပြည်သူများသို့ ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**



**ညောင်တုန်းမြို့နေ ပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ သုံးစွဲနိုင်ရေး အတွက် လျှပ်စစ် စွမ်းအားဝန်ကြီး ဌာနနှင့် ပြည်သူများ ထည့်ဝင်ငွေ တို့ဖြင့် တပ်ဆင် တည်ဆောက် ပေးထားသည့် လျှပ်စစ်ဓာတ် အားလိုင်းနှင့် ထရန်စဖော်မာကို တွေ့ရစဉ်။**


**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန လက်အောက်ရှိ တည်ဆောက်ရေးစီမံကိန်းများသို့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဒုတိယ (၃)လ (၂၀၁၃ခုနှစ် ဇူလိုင်လမှ စက်တင်ဘာလ)အတွင်း စီမံကိန်းစခန်း ဂိုဒေါင်အရောက် တည်ဆောက်ရေးပစ္စည်းများ၊ စက်ပစ္စည်းများ၊ စက်ယန္တရားများ သယ်ယူပို့ဆောင်ရေး လုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

| | | |
|---|---|---|
| **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | - | ၃၁-၅-၂၀၁၃ ရက် |
| **တင်ဒါပိတ်မည့်ရက်** | - | ၁၄-၆-၂၀၁၃ ရက် |
| **တင်ဒါပိတ်မည့်အချိန်** | - | ၁၆း၃၀နာရီ |

အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါဆိုင်ရာအသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်း နိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**စီမံကိန်းနှင့်လုပ်ငန်းဌာနခွဲ၊ ရုံးအမှတ် ၂၇၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၄၃၁၊ ဖက်စ်-၀၆၇-၄၁၀၄၃၁**



**အမည်ပြောင်း**

ဦးဇော်မင်းထိုက်-ဒေါ်ဖြူဝင်းတို့၏သမီး ဒုတိယတန်း(A) အမှတ်(၅) မင်္ဂလာဒုံ အထက်တန်းကျောင်းတွင် ပညာသင်ကြားနေသော မလင်းလင်းထွန်းအား ယနေ့မှစ၍ မလင်းလက်သံသာဟု ပြောင်းလဲခေါ်ပါရန်။ **မလင်းလက်သံသာ**



**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**တာချီလိတ်မြို့နယ်တရားမရုံး၌**
**၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၁၀**

ဦးလှမိုး **နှင့်** ဦးစိုးမောင်
**တရားလို** **တရားပြိုင်**

တောင်ကြီးမြို့၊ နယ်မြေ(၂)၊ ရတနာသီရိရပ်နေ ဦးစိုးမောင် ၁၃/တကန(နိုင်)၀၉၃၈၀၁ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ **တရားလို ဦးလှမိုး ၁၃/တကန(နိုင်)၁၃၉၉၉၂က မြေကွက်အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုမှု**ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဇွန် ၂၀ရက် (၁၃၇၅ခုနှစ် နယုန်လဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၄င်းပြင် သင်တို့သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် မေ ၃၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မိုးကျော်)**
**မြို့နယ်တရားသူကြီး**



**ယဉ်ကျေးမှုဝန်ကြီးဌာန**
**အနုပညာဦးစီးဌာန**
**အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)**
**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

၁။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)တွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ရေးလုပ်ငန်း၊ မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ဌာနပိုင်ပစ္စည်းများ ဝယ်ယူခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်လိုပါသည်-

- (က) တိုးချဲ့စာသင်ဆောင်တည်ဆောက်ခြင်းလုပ်ငန်း နှစ်ထပ် သံကူကွန်ကရစ် သွပ်မိုးအဆောက်အအုံ နှစ်လုံး
- (ခ) အသံသွင်းခန်း၊ အသံလုံနံရံကာရံခြင်းလုပ်ငန်း
- (ဂ) စိမ်းလန်းစိုပြည်ရေးအတွက် မြေယာပြုပြင်ခြင်းလုပ်ငန်း
- (ဃ) ကဇာတ်ရုံသုံးနှင့် ထုတ်လုပ်ဖျော်ဖြေရေး၊ လေ့ကျင့်သင်ကြားရေးသုံး ပစ္စည်းများ
- (င) စက်နှင့် စက်ကိရိယာတန်ဆာပလာပစ္စည်းများ
- (စ) ရုံးသုံးစက်ကိရိယာများ
- (ဆ) ရုံးသုံးပရိဘောဂပစ္စည်းများ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၅-၆-၂၀၁၃ရက်မှစတင်၍ နေ့စဉ် ရုံးချိန်အတွင်း အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)၊ ရွှေစာရံဘုရားလမ်း၊ အုန်းချောကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အမှတ်စဉ်(က)နှင့် (ခ)အတွက် အိတ်ဖွင့်တင်ဒါများကို ၂၅-၆-၂၀၁၃ရက် ၁၃း၀၀နာရီမှ ၁၄း၀၀နာရီအတွင်း၊ အမှတ်စဉ်(ဂ)နှင့် (ဆ)အထိ အိတ်ဖွင့်တင်ဒါများကို ၁၈-၆-၂၀၁၃ရက်၊ ၁၃း၀၀နာရီမှ ၁၄း၀၀နာရီအတွင်း အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)၊ တင်ဒါစိစစ်ရေးအဖွဲ့၏ရှေ့မှောက်တွင် လာရောက်တင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလအတွင်း တင်သွင်းခြင်းမရှိသော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

**အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)**
**ဖုန်း-၀၈၅-၄၀၁၈၃၊ ၀၉-၃၃၁၂၃၃၅၅၊ ၀၉-၃၃၁၂၃၃၅၃**



**ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၃ဃ/၇၉၁၇၆ ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းထက် ၅/အတန(နိုင်)၀၇၀၇၂၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရမည်းသင်း)**



**သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

ပြည်ခရိုင်၊ သဲကုန်းမြို့နယ်၊ ဝက်ပုတ်ဈေးတန်း၊စံပြကွက်သစ်နေ ကျွန်တော်ဦးကျော်ထွန်း၊ ကျွန်မဒေါ်စန်းငွေတို့၏သမီး မချောစုလှိုင် ၇/သကန(နိုင်)၀၉၂၇၂၃သည် မိဘ၏ သွန်သင်ဆုံးမမှုကို နာခံခြင်းမရှိဘဲ မိသားစု၏ဂုဏ်သိက္ခာကျဆင်းစေသော ခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များကို အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး မိမိသဘောဆန္ဒအလျောက်ပြုမူသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၄င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမျှ လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**
**ဦးကျော်ထွန်း ၇/သကန(နိုင်)၀၂၃၂၇၆**
**ဒေါ်စန်းငွေ ၇/သကန(နိုင်)၀၁၇၂၀၅**



**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မြင်းခြံခရိုင်တရားရုံး၌**
**၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁၂**

ဦးလှယုံ **နှင့်**
၁။ ဦးမောင်မောင်
၂။ ဦးသိန်းဝေ
၃။ ဦးငွေအောင်
၄။ ဦးမြင့်ငွေ
၅။ ဦးသန်းဇော်
၆။ ဦးဇော်နိုင်ဦး
၇။ ဒေါ်နီနီခိုင်
၈။ ကိုဝင်းဇော်နိုင်
၉။ ကိုမိုးမင်းဝင်း
၁၀။ မဝင်းဝင်းခိုင်
၁၁။ မမေစုနိုင်

**တရားလို** **တရားပြိုင်များ**

ရှမ်းပြည်တောင်ပိုင်း၊ လွယ်လင်ခရိုင်၊ မန်ဆန်မြို့နယ်၊ ကျေးသီးနေ အမှတ် ၅ တရားပြိုင် ဦးသန်းဇော် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးလှယုံက အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုနှင့်မြေပေါ်ရှိ အဆောက်အအုံတွင် လက်ရှိနေထိုင်သူ အမှတ်(၃) တရားပြိုင် ဦးငွေအောင်အားဖယ်ရှားနှင်ထုတ်ပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဇွန် ၂၇ရက် (၁၃၇၅ခုနှစ် နယုန်လပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် မေ ၂၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**သက်ထွန်း**
**ခရိုင်တရားသူကြီး**
**မြင်းခြံခရိုင်တရားရုံး**



**ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အေးချမ်းသာလမ်း၊ အမှတ်(၂၄) မြေကွက်တွင် (ဦးတင်လှိုင်)အမည်ဖြင့် တည်ရှိသည့်မြေနှင့်အိမ် အကျယ်အဝန်း ပေ(၂၀×၄၀)နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာချက်**

အထက်အမည်ပါမြေနှင့်အိမ် ပတ်သက်၍ ဒေါ်သိန်း ၁၂/မရက(နိုင်)၀၂၅၄၅၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနိုင်ထွဋ်လင်း (ဥပဒေဘွဲ့)၊ အထက်တန်းရှေ့နေ**
**ဖူးပွင့်စံစာချုပ်စာတမ်းနှင့် စီးပွားရေးဆိုင်ရာ ဥပဒေအတိုင်ပင်ခံ**
**အမှတ် ၉၉၊ ဒုတိယထပ်(ယာ) ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၂၁၀၂၂၇၇၄**

ပြည်တွင်းသတင်းနှင့်မှုခင်း

# ပြည်မြို့တွင် ခိုးရာပါဆိုင်ကယ်များနှင့်ဟန်းဆက်နှစ်လုံးကို ဖော်ထုတ်သိမ်းဆည်း

**ပြည် ဇွန် ၄**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့တွင် ပြည်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးနေဝင်း၏ အနီးကပ်ကြီးကြပ်မှုဖြင့် ပြည်ခရိုင် အထူးမှုခင်းနှိမ်နင်းရေးအဖွဲ့မှ ရဲအုပ်စိုးမင်း၊ ဒုရဲအုပ်လှမင်းနှင့် တပ်ဖွဲ့ဝင်များသည် ခိုး၊ ဆိုးနှိုက်ပြစ်မှုများ မဖြစ်ပေါ်စေရန် ပြည်မြို့ပေါ်ရပ်ကွက်များနှင့် ခရိုင်အတွင်းရှိ ကျေးရွာများ၌ မေ ၂၀ ရက်မှ ဇွန် ၁ အထိ လှည့်ကင်း၊ ရပ်ကင်း၊ ဝပ်ကင်းများ လျှို့ဝှက်စုံစမ်းဖော်ထုတ်ခဲ့ရာ ဆိုင်ကယ်ကိုးစီးနှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

ခိုးမှုကျူးလွန်သူဟု ယူဆရသော ဝိုင်းစု(ခ)ဇော်မျိုးဦး၊ နန်းစု(ခ)အောင်ဇော်ဦး၊ သန်းကျော်သူ၊ အငယ်လေး(ခ)အောင်ကိုမင်း၊ ကျော်မင်းခိုင်တို့ကို ခေါ်ယူစစ်ဆေးခဲ့ရာ ၎င်းတို့ထံမှ တရုတ်နိုင်ငံလုပ် Luojia 110 အနက်ရောင် ဆိုင်ကယ်တစ်စီး၊ Kenbo 125 (ပုံပြောင်း) အနက်ရောင်ဆိုင်ကယ်တစ်စီး၊ ထိုင်းနိုင်ငံလုပ် Revo 110 အပြာရောင်ဆိုင်ကယ်တစ်စီး၊ Wave 100 Honda ဆိုင်ကယ်တစ်စီး၊ Wave JLM 110 အနက်ရောင်ဆိုင်ကယ်တစ်စီး၊ တရုတ်နိုင်ငံလုပ် Kenbo 110 အနက်ရောင်ဆိုင်ကယ်တစ်စီး၊ တရုတ်နိုင်ငံလုပ် Zong Shen 110 အနက်ရောင်ဆိုင်ကယ်တစ်စီး၊ Revo Suzuki 110 အနက်ရောင်ဆိုင်ကယ်တစ်စီး၊ Feegon 125 အနက်ရောင်ဆိုင်ကယ် တစ်စီးနှင့် ZTE Handset ခဲပုပ်ရောင် SIM Card မပါ တစ်လုံး၊ Huawei Handset ခဲပုပ်ရောင် SIM Card ပါ တစ်လုံးကို ဖော်ထုတ်သိမ်းဆည်းရမိခဲ့သည်။

၎င်းတို့ ငါးဦးက သက်သေခံပစ္စည်းများနှင့်အတူ ပြည်မြို့အမှတ်(၁)ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကျော်ကျော်(ပြည်)**



**ခိုးမှုကျူးလွန်သူများအား သက်သေခံဆိုင်ကယ်များနှင့် အတူတွေ့ရစဉ်။**

# နယ်စပ်မှဆိတ်များ အဝယ်လိုက်နေ၍ ဈေးကောင်းရ ဆိတ်သားစားသုံးသူများ ဈေးကြီးနေ

**နတ်မောက် ဇွန် ၄**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်နှင့် နတ်မောက်မြို့နယ်တွင် နယ်စပ်မြို့ကြီးများမှ ဆိတ်အဝယ်လိုက်နေသဖြင့်ဆိတ်မွေးသူများဈေးကောင်းရနေပြီး ဆိတ်သားစားသုံးသူများ ဈေးကြီးပေးစားသုံးနေကြရကြောင်း၊ လိုင်စင်ဖြင့် အသားထုတ်လုပ်ရောင်းချသူများ ဈေးကြီးသော်လည်း ဆိတ်မွေးသူများထံမှ ဆိတ်များဝယ်ယူနေကြရကြောင်း သိရသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ လိုင်စင်စည်းကမ်းချက်နှင့်အသားထုတ်လုပ်ရောင်းချသူများက ဆိတ်သားအသားသက်သက် ငွေကျပ် ၈၀၀၀၊ အရိုးအသား ငွေကျပ်၅၀၀၀၊ ဆိတ်ကလီစာ ငွေကျပ် ၄၅၀၀နှုန်းဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ အလေးချိန်ခွင် အသားများသတ်မှတ်ချက် စံချိန်စံညွှန်းများနှင့်အညီစားသုံးသူများထံ ရောင်းချနေကြောင်း သိရသည်။

**(နတ်မောက်သား)**

# အမျိုးသားတစ်ဦး ကြိုးဆွဲချသေဆုံး

**ဗန်းမော် ဇွန် ၄**

ကချင်ပြည်နယ် ဗန်းမော်မြို့ နောင်ခိုရပ်ကွက် စည်ပင်သာယာလမ်း အိမ်တစ်အိမ်တွင် အမျိုးသားတစ်ဦး ကြိုးဆွဲချသေဆုံးသွားကြောင်း သိရသည်။

သေဆုံးသူဦးမောင်ထွန်း(၄၀နှစ်)သည် ၎င်း၏ နေအိမ် ထုပ်တန်းတွင် လက်တစ်လုံး အရွယ်ခန့်ရှိ ၁၀ ပေခန့် အဖြူရောင် နိုင်လွန်ကြိုးလည်ပင်းတွင်စွပ်ကာ ဒူးထောက်အနေအထားဖြင့် ပြင်ပဒဏ်ရာမရှိဘဲ သေဆုံးနေခြင်းဖြစ်သည်ဟု သိရသည်။

ဦးမောင်ထွန်း သေဆုံးမှုနှင့်ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ် မဟုတ် သိရှိနိုင်ရန် မြို့နယ်ရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၁၂၈)**

# ဗန်းမော်မြို့တော်ဝင်တည်းခိုခန်း လူသတ်မှုဖြစ်ပွား

**ဗန်းမော် ဇွန် ၄**

ဗန်းမော်မြို့ မင်းကုန်းရပ်ကွက် တော်ဝင်တည်းခိုခန်း၌ ဇွန် ၁ ရက် ညနေ ၆ နာရီခွဲက တော်ဝင်တည်းခိုခန်းပိုင်ရှင် ဦးထွန်းကြည်နှင့် အောင်ကျော်ညွန့်တို့ တည်းခိုခန်းကိစ္စနှင့်ပတ်သက်၍စကားများကြစဉ် ဦးထွန်းကြည်က အရိုးအသွားအရှည် ၂၈ လက်မတစ်ဖက်သွားဓားကိုင်ဆောင်ပြီး ကြိမ်းမောင်းသဖြင့် အောင်ကျော်ညွန့်က အိမ်ပေါ်သို့ တက်သွားပြီး အောင်ကျော်ညွန့်၏ ဇနီးမခင်ဥမ္မာထွန်း (၄၀နှစ်)က နေအိမ်အောက်ထပ်သို့ ဆင်းလာရာ အိမ်ရှေ့ အရောက်တွင် ဦးထွန်းကြည်က ဓားရှည်ဖြင့်ခုတ်သဖြင့် မခင်ဥမ္မာထွန်းတွင် ဝဲဘက်နားထင်မှပါးပြင်အထိ အရှည် ၅ လက်မခန့်ရှိပြတ်ရှဒဏ်ရာတစ်ချက်ရရှိခဲ့သဖြင့်ဆေးရုံသို့ ပို့ဆောင်ခဲ့ရာ ညနေ၆နာရီမိနစ် ၅၀တွင် သေဆုံးခဲ့သည်။

အောင်ကျော်ညွန့်က တရားလိုပြုတိုင်တန်းသဖြင့် ဗန်းမော်ရဲတပ်ဖွဲ့စခန်းက အမှုဖွင့်၍ ဦးထွန်းကြည် (၇၄ နှစ်) မင်းကုန်းရပ်ကွက် ဗန်းမော်မြို့အား ပြစ်မှုဆိုင်ရာဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ဆီမီးခုံ (နန်းရီ)**

## မွေးနေ့ဆုမွန်

တစ်ဦးတည်းသောသားချစ် ဒေါက်တာအောင်ဟိဏ်းကျော်၏ ဇွန် ၅ရက်တွင်ရောက်ရှိသော မွေးနေ့မှစ၍ သက်ရှည်ကျန်းမာစိတ်ချမ်းသာ၍ လိုရာဆန္ဒ ‘‘တ’’တိုင်း ရလျက် တိုးတက်အောင်မြင် ပျော်ရွှင်ပါစေ။

**မေမေကြည်(ဒေါ်ကြည်ကြည်အေး)**
**မေမေစိန်(ဒေါက်တာစိန်စိန်အောင်)**
**ပါမောက္ခ(ဌာနမှူး)**
**မုံရွာတက္ကသိုလ်**

## (၁၀)နှစ်ပြည့် မွေးနေ့ဆုတောင်း

ချစ်ရသော တစ်ဦးတည်းသော သားလေး **မောင်ဘုန်းမြင့်သူ** ၏ ၅-၆-၂၀၁၃ရက်တွင် ကျရောက်သည့် (၁၀)နှစ်ပြည့် မွေးနေ့မှသည် နှစ်ပေါင်းများစွာတိုင်အောင် ဖေဖေ၊ မေမေနဲ့အတူ နိုင်ငံအကျိုး၊ သာသနာ့အကျိုး သယ်ပိုးနိုင်ပြီး ထူးချွန်ထက်မြက်သော သားကောင်းရတနာလေး ဖြစ်ထွန်းပါစေလို့ ဆုမွန်ကောင်းတောင်းလျက်-

**ဘိုးဘိုး၊ ဘွားဘွား၊ ဦးဦး၊ အန်တီ**
**ဖေဖေ ဗိုလ်ကြီးကံချွန်(ငြိမ်း)**
**မေမေ ဒေါ်ကော့ဂျာ**

## ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဝေဘာဂီ၊ မြေကွက်အမှတ် ၂၈၃၊ မြေကွက်တည်နေရာအမှတ် ၂၈၃၊ ၈/ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ် ဒေါ်သင်းသင်းခိုင်(ခ)အေးမျိုးလွင် ၁၂/လမန(နိုင်)၀၂၁၄၆၅ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဇနီး ဒေါ်သင်းသင်းခိုင်(ခ)အေးမျိုးလွင် ကွယ်လွန်သဖြင့် ဦးသိန်းလွင် ၁၂/လမန(နိုင်)၀၉၀၉၁၁က ခင်ပွန်းတော်စပ်ကြောင်းကျမ်းကျိန်လွှာ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မွေးနေ့ဆုမွန်တောင်း

**ဖေဖေ၊ မေမေချစ်တဲ့ လိမ္မာသောသားကြီး**

**မောင်ကောင်းခန့်ကျော်** အဋ္ဌမတန်း ACA ဘော်ဒါဆောင် မြောက်ဥက္ကလာ ၅-၆-၂၀၁၃ရက်မှာ ကျရောက်တဲ့ (၁၃)နှစ်ပြည့် မွေးနေ့မှစ၍ နောင်နှစ်ပေါင်းများစွာ မွေးနေ့တိုင်းမှာ ပျော်ရွှင်၍ နိုင်ငံအကျိုး၊ ပြည်သူ့အကျိုး၊ သာသနာအကျိုးကို ထမ်းဆောင်နိုင်သော သားကောင်းရတနာတစ်ဦး ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

**သားကြီးကိုချစ်တဲ့**
**ဖေဖေ-ဦးလှိုင်ဝင်း**
**မေမေ-ဒေါ်သီသီအေး(သီသီမြိတ်ပုလဲရောင်းဝယ်ရေး)**
**မမ-မေသီရိလှိုင်**
**ညီလေး-မောင်ဇာနည်ထွန်း**

## ကန့်ကွက်နိုင်ပါကြောင်း

မကွေးမြို့၊ အောင်မေတ္တာ(ဂ)၊ ကွင်းအမှတ် ၁၆၅၅၊ အုတ်ဖိုဦးပိုင်အမှတ် ၆၉၉၊ ဧရိယာ ဝဒသမ ၀၉၇ဧကရှိမြေကွက်သည် ဦးအောင်မြင့် ၈/အမန(နိုင်)၁၃၅၉၇၃ အမည်ဖြင့် ရရှိထားသော မြေကွက်ဖြစ်ပါသည်။

ယခုအခါ အဆိုပါမြေကွက်ကို ကျွန်တော်ဦးဝေလင်း ၈/စလန(နိုင်)၀၈၉၀၆၂ က လက်ရောက်ဝယ်ယူခဲ့ပြီး ဖြစ်ပါသည်။ ဦးအောင်မြင့်အမည်ပေါက်မှ ဦးဝေလင်း အမည်သို့ အမည်ပြောင်းမှတ်ပုံတင်စာချုပ် ချုပ်ဆိုမည်ဖြစ်သဖြင့် ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ထက်ကျော်လွန်ပါက အမည်လွှဲပြောင်းခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**ဦးဝေလင်း ၈/စလန(နိုင်)၀၈၉၀၆၂**
**ဖုန်း-၀၉-၄၀၁၅၃၆၁၅၇**

## D.S.A 13th INTAKE မှ သူငယ်ချင်းများနှင့် မိသားစုဝင်များ

၇-၆-၁၉၆၇ရက်တွင် အမိစစ်တက္ကသိုလ်၌ စတင်ခြေချပြီး တိုင်းပြည်တာဝန်များ၊ တပ်မတော်တာဝန်များကို ထမ်းဆောင်ခဲ့ကြသည်မှာ D.S.A 13th အတွက် ၇-၆-၂၀၁၃ရက်တွင် နှစ်ပေါင်း (၄၆)နှစ်တိတိ ပြည့်ခဲ့ပါပြီ။ (၄၆)နှစ်တာကာလအတွင်း အသက်ပေးလှူသွားသည့် သူငယ်ချင်းများ၊ ကွယ်လွန်သွားပြီဖြစ်သော သူငယ်ချင်းများကိုရည်စူး၍ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ပုဂံမြို့၊ လောကနန္ဒာကျောင်းတိုက်ရှိ သံဃာတော်အပါး ၇၀အား ၇-၆-၂၀၁၃ရက်တွင် နေ့ဆွမ်းကပ်လှူပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ ကောင်းမှုကုသိုလ် ရယူပါမည်။ သူငယ်ချင်းများနှင့် မိသားစုဝင်များမှ အမျှပေးဝေ သာဓုခေါ်ဆိုနိုင်ကြပါရန်နှင့် ကြွရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

**၈၅၄-စိန်ဝင်း(မင်းသား)**
**ဖုန်း-၀၉-၅၀၇၇၉၂၉**


Since 1986 KMD Computer Centre

ISO 9001:2008 Cert. No. 683184

University of Greenwich(UK)၏ ပထမနှစ်ကွန်ပျူတာ Diploma သင်တန်း

တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်ပြီးသူတိုင်းတက်ရောက်နိုင်ပါသည်။

| KMD (မြေနီကုန်း) | KMD (49 Street) |
| --- | --- |
| 8 June 2013 (Sat & Sun) 7:00am - 2:00pm | 28 June 2013 (Mon to Fri) 11:00am - 2:30pm |

KMD (မြေနီကုန်း) - 331, Pyay Rd., Myaynigone, Sanchaung Tsp. Tel: 527436, 534170, 502233.

KMD (49 Street)- No.75, 49 Street (Middle Block),Pazundaung Tsp. Tel: 01- 700895, 381035, 391286, 391287.


## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်း-၂၀)**
**ပြင်ဦးလွင်ခရိုင်တရားရုံး နယ်တရားမရုံး၌**
**၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၂၇ (ပြင်ဦးလွင်)**

၁။ ဦးအောင်သိန်း **နှင့်** ၁။ ဦးခင်မောင်လင်း
၂။ ဒေါ်ခင်လှသင်း ၂။ ဒေါ်နီနီသန်း
**တရားလိုများ** **တရားပြိုင်များ**

၁။ ဦးခင်မောင်လင်း၊ ၂။ ဒေါ်နီနီသန်း (အတူနေလင်မယား)၊ ရပ်ကွက်ကြီး(၆)၊ အာအေဗွီအိုင်ကွက်ပြင်ရပ်၊ ပြင်ဦးလွင်မြို့(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက တရားဝင်မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဇွန် ၂၄ရက် (၁၃၇၅ခုနှစ် နယုန်လပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် မေ ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ဒေါ်ချစ်ချစ်**
**ခရိုင်တရားသူကြီး**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# ကမ္ဘာလှည့်ခရီးသွားများ လေ့လာနိုင်သည့် သမိုင်းဝင် ကျိုက်ပွန်လေးမျက်နှာဘုရား



**ပဲခူး ဇွန် ၄**

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဘုရားပွဲတော်များ တစ်လပြီးတစ်လ တစ်ရာသီပြီး တစ်ရာသီ နောက်ဆုံး ကဆုန်လဆန်းမှ လပြည့်ကျော် တစ်ရက်နေ့အထိ ဘုရားပွဲတော်ကျင်းပသည်။ ပဲခူးမြို့ဥဿာမြို့သစ်ရှိ သမိုင်းဝင် ကျိုက်ပွန်ဘုရားကြီးလေးဆူဘုရား ပွဲတော်အကြောင်း တင်ပြလိုသည်။

ရန်ကုန်မြို့မှ ပဲခူးမြို့အထိ ဥဿာကားလိုင်း၊ ရန်ကြီးအောင်ကားလိုင်းများဖြင့် တစ်နာရီ၊ တစ်နာရီခွဲမျှ စီးလျှင်ကျိုက်ပွန်ဘုရားသို့ရောက်လေ၏။ ပဲခူးမြို့ ဥဿာမြို့သစ်အဝင် ပဲခူး ကျိုက်ပွန်ဘုရားကြီးမှာ ပဲခူးမြို့ အနောက်တောင်ဘက် ၂ မိုင် ၆ ဖာလုံအကွာ ပဲခူး-ရန်ကုန် ကားလမ်းမကြီး၏ အနောက်ဘက် ၃ဖာလုံကျော်ခန့်တွင် တည်ရှိပြီး ဥဿာမြို့သစ် ဧရိယာအတွင်း၌ရှိသည်။

ဘုရားကြီး တည်ထားကိုးကွယ်သည့်နှစ်က ခရစ်သက္ကရာဇ် ၁၄၇၆ ခုနှစ် (မြန်မာသက္ကရာဇ်၈၃၇ခုနှစ်)ဖြစ်၍ဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူကြကုန်သော ဘုရားလေးဆူ ကိုယ်စားရုပ်ပွားတော်လေးဆူနှင့်တကွ မကိုဋ္ဌစေတီတော် အတောင် ၈၀ တို့ကို တည်ဆောက်ထားသော ရှေးဟောင်းရုပ်ပွားတော်ကြီးများ တင့်တယ်စွာ စံပယ်နေသည်ကိုဖူးမြော်ရသည်ကား ပီတိဖြစ်စရာဆုတောင်းပြည့်လှသည်။ **(ယာပုံ)**

တည်ဆောက် ကိုးကွယ်သည့် ဘုရားဒါယကာကြီးမှာ ဓမ္မစေတီမင်းကြီးဖြစ်ပြီး ဟံသာဝတီဘုရားဒါယိကာမကြီး ရှင်စောပု၏ သမက်တော်ဖြစ်သည်။ ၎င်းမင်းကြီးသည် အုတ်ပန်းရန်အတတ် ဗိသုကာပညာတတ်မြောက်သူဖြစ်သည်။ ရုပ်ပွားတော် ရုပ်လုံးဖော်ရာတွင် ပခုံးတော်များ၊ လက်မောင်းတော်များ၊ မေးရိုးတော်များ၊ နားရွက်တော်များအတွင်း၌ ကျွန်းဘောင်ကြီးများ ထည့်သွင်း ရုပ်လုံးဖော်မှုက လက်ရာမြောက်လှ၏။ ရုပ်ပွားတော်ကြီးများ ကျောမှီရာ မကိုဋ္ဌတော်အတွင်း အုတ်များစီရာတွင် ရှစ်လက်မ၊ လေးလက်မ လေးမြောင့် အလျား နှစ်ပေခန့်ရှိ ဂဝံကျောက်တုံးများကို နှစ်ပေခြားခန့် အကွက်ကျ အဆင့်လိုက်အဆင့်လိုက် ထောင်လျက် ထည့်သွင်းထားပြီးလျှင် အုတ်များကို ချုပ်ထိန်းထားမှုက ရှေးဗိသုကာများ၏ လက်ရာမြောက်ပညာရပ်များကိုယနေ့အထိထူးခြားစွာ ဖူးမြော်နေရဆဲပင် ဖြစ်သည်။

ကျိုက်ပွန်ဘုရားကြီးတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်မှုများက ခုနစ်လသာ ကြာမြင့်လေသည်။ အမတ်ဒါန်နှင့် လူပေါင်းတစ်သောင်းဖြင့် မင်းကြီးကိုယ်တိုင် ကြီးကြပ်ခဲ့သည်။ သက္ကရာဇ် ၈၃၈ ခုနှစ် ကဆုန်လဆန်း ၁၄ရက်(စနေနေ့)တွင် ပြီးစီး၍ ကဆုန်လပြည့်နေ့တွင် သံဃာတော်အပါး ၄၀၀ ပင့်၍ အနေကဇာတင်တော်မူသည်။ ဓမ္မစေတီမင်းကြီးကိုယ်တိုင်ထီးတော်တင်လှူ၍ ပွဲတော်ကျင်းပခဲ့သည်။ ယနေ့တိုင် ကျိုက်ပွန်ဘုရားလေးဆူပွဲတော် ကျင်းပခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သည်။

ယနေ့ဘုရားဖူးလာ ပရိသတ်များတွင် နိုင်ငံခြားသားများလည်း ပါဝင်လျက်ရှိရာ ကုသိုလ်စိတ် ပွားရသည်။ ၎င်းဘုရားလေးဆူသမိုင်းဖြစ်စဉ်ကို ကျောက်စာ၌ တွေ့မြင်နိုင်သည်။ သမိုင်းထူးခြားသည့် ကျိုက်ပွန်လေးမျက်နှာဘုရား လေးဆူကို ဘုရားဖူးများ စိတ်ဝင်စားစွာ လာရောက်လေ့လာဖူးမြော်ကာကြည်ညို သဒ္ဓါစိတ်ပွားများနိုင်ရန် ရေးသားလိုက်ပါသည်။

**ကျော်မြင့်သန်း(လမ်းမတော်)**

## သီပေါမူလွန်မှ အလယ်တန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်ဖွင့်

**သီပေါ ဇွန် ၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့အမှတ်(၁)အမကမူလွန်မှ အလယ်တန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်း ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို ဇွန် ၁ ရက် နံနက် ၉ နာရီက အဆိုပါကျောင်း၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်က အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ညွန့်လူက ကျောင်းအဆင့် တိုးမြှင့်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တိုးမြှင့်စာသင်ခန်းအတွက် လိုအပ်မည့် ပရိဘောဂများ ပြင်ဆင်နိုင်ရန် ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် တာဝန်ရှိသူများ ညှိနှိုင်းဆွေးနွေးကြပြီး အလယ်တန်းကျောင်း(ခွဲ) အဆင့်မြှင့်ဆိုင်းဘုတ်ကို စုပေါင်းစိုက်ထူကြကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## မြို့နယ်အဆင့် ကလေးဗဟိုပြု ချဉ်းကပ်နည်းဖြင့် သင်ကြားရေးသင်တန်းဆင်း

**ကျောင်းကုန်း ဇွန် ၄**

၂၀၁၃-၂၀၁၄ ပညာသင်နှစ် မြို့နယ်အဆင့် ကလေးဗဟိုပြုချဉ်းကပ်နည်းဖြင့် သင်ကြားရေးသင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၂၃ ရက် နံနက် ၁၁နာရီက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ အထက(၁) ပညာဗိမာန်ခန်းမ၌ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဒုလက်ထောက်ညွှန်ကြားရေးမှူး ဆရာကြီး ဦးတင်ဦးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်းတို့က ပြောကြားသည်။

အဆိုပါသင်တန်းတွင် ဗဟိုအဆင့်နည်းသင်တန်းနည်းပြလေးဦး၊ တိုင်းအဆင့် သင်တန်းနည်းပြ ၄၁ဦးတို့က ကျောင်းကုန်းမြို့နယ်အတွင်းရှိ မူလတန်းပြ ဆရာ ဆရာမ၊ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၅၇၇ဦးတို့ကို မေ ၁၂ရက်မှ မေ၂၃ရက်အထိ သင်တန်းဖွင့်လှစ် သင်ကြားပို့ချခဲ့ကြောင်း သိရသည်။ **(ဝဇ၁)**

## ငွေချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

**၂၀၁၂ ခုနှစ် တရားမကြီးမှုအမှတ်-၃၆၉**

ဒေါ်လှလှဝင်း(ခ)ဒေါ်ရှိုင်းနားစ်ဘေဂမ် **နှင့်** ၁။ဒေါ်စဖီယွန်းနီဆားဘေဂမ်
၂။ဒေါ်အဂျီးဗွန်းဆာဘေရမ်
၃။ဦးရွှေခင်(ခ)ဦးမိုဟာမက်
၄။ဟာဂျီဦးမိုဟာမက်အလီ
၅။ဦးမိုဟာမက်စူလေမန်
၆။ဟာဝါဘီ
၇။မရီယံဘီ
၈။ကိုနေမျိုးအောင်
၉။ကိုညီညီ
၁၀။မသဲသဲ
၁၁။ဒေါ်ဖာသီမာဘီ(ခ)ဒေါ်လှမြင့်
၁၂။ဒေါ်နုဒွန်းနီဆာဘေဂမ်(ခ)ဒေါ်လှဝင်း
၁၃။ဦးစလင်း(ခ)ဦးစိုးဝင်း
၁၄။ဒေါ်နီလူဖွာဘေဂမ်(ခ)ဒေါ်လှမေ

**တရားလို** **တရားပြိုင်များ**

တရားပြိုင်(၂)ဒေါ်အဂျီးဗွန်းနီဆာဘေရမ်၊ အမှတ် ၃၁၊ သုံးလွှာ၊ ဗိုလ်မိုးလမ်း၊ မြေနီကုန်းတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ တရားပြိုင်(၃) ဦးရွှေခင်(ခ)ဦးမိုဟာမက်၊ အမှတ် ၃၆၅၊ ဓနတိကလမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ တရားပြိုင်(၄) ဟာဂျီဦးမိုဟာမက်အလီ၊ တရားပြိုင်(၅) ဦးမိုဟာမက်စူလေမန်၊ တရားပြိုင်(၆) ဟာဝါဘီ၊ တရားပြိုင်(၇)မရီယံဘီ၊ တရားပြိုင်(၈) ကိုနေမျိုးအောင်၊ တရားပြိုင်(၉) ကိုညီညီ၊ တရားပြိုင်(၁၀) မသဲသဲ၊ အမှတ် ၄၅/အေ၊ (ရွှေမြိုင်မဆလာစက်)(မြေညီ)၊ ရန်ကုန်အင်းစိန်လမ်းမ၊ ကမာရွတ်မြို့နယ်၊ တရားပြိုင် (၁၂) ဒေါ်နုဒွန်းနီဆာဘေဂမ်(ခ)ဒေါ်လှဝင်း၊ အမှတ် ၄၁၊ (ခုနစ်လွှာ၊ ဘယ်) ရန်ကင်းလမ်း၊ မြေနီကုန်းမြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ် (ယခင်နေရပ်လိပ်စာများ) (ယခုနေရပ်လိပ်စာမသိသူတို့) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက အမွေပုံစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဇွန် ၂၈ရက် (၁၃၇၅ခုနှစ် နယုန်လပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် မေ ၂၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(ဝင်းမြိုင်)
**ဒုတိယခရိုင်တရားသူကြီး**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## အများသိစေရန်ကြေညာချက်

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါက်တာဦးစိုးမင်း ၁၀/မလမ(နိုင်)၁၃၃၄၉၆ နှင့် ဒေါ်ခင်ဥမ္မာ ၁၃/လရန(နိုင်)၀၁၈၄၅၅တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသောကြောင့် ၂၅-၁၀-၂၀၁၀ရက်က စစ်ကိုင်းတိုင်းဒေသကြီး တရားရုံးတော်၏ တွဲဖက်တိုင်းတရားသူကြီး ဦးဝင်းမြင့်ထံတွင် အသိသက်သေများရှေ့မှောက်၌ တရားဝင်အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခဲ့ပြီး လင်မယားနှစ်ဦးပိုင်ပစ္စည်းများ (ပစ္စည်းခန်း)ကိုလည်း စာချုပ်စာတမ်းဖြင့် နှစ်ဦးသဘောတူခွဲဝေခဲ့ကြပြီး ဖြစ်ပါသည်။

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲ၊ ပစ္စည်းခွဲဝေကြပြီးဖြစ်သည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါက်တာဦးစိုးမင်းနှင့် ဒေါ်ခင်ဥမ္မာတို့သည် လုံးဝ (လုံးဝ) ပတ်သက်မှုမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါက်တာဦးစိုးမင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးညွန့်လင်း LL.B** | **ဒေါ်အေးအေးသက် LL.B** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၇၁၅၀)** | **(စဉ်-၈၂၁၅)** |

**ဘုတာလမ်း၊ ဆူးလေကုန်းရပ်၊ မုံရွာမြို့၊**
**ဖုန်း-၀၉-၂၁၃၀၄၀၆၊ ၀၉-၄၇၀၅၄၆၀၈**


ပညာမြင်းမိုရ်၏ စည်းကမ်း၊ ပညာ၊ အစဉ်အလာကို စုံစမ်းပြီးမှ အပ်နှံပါ။ ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်အမှတ် ကက-၁၃/၀၉/၀၁၆



**ပညာမြင်းမိုရ်**
ပုဂ္ဂလိကအထက်တန်းကျောင်းနှင့် ကျောင်းသား/သူသီးသန့်အဆင့်မြင့်ဘော်ဒါ

**၅-တန်းမှ ၁၀-တန်းအထိ**
၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ကြို အ ပ် လ က် ခံ ပါ ပြီ ။

❖ ကျောင်းကြီးတက်ရန်မလို၊ကျူရှင်တက်ရန်မလိုတစ်နေရာတည်းတွင်ပြီးပြည့်စုံသည့်ကျောင်း
❖ နေ့တက်သင်တန်းဘော်ဒါကြိုက်နှစ်သက်ရာ ရွေးချယ်အပ်နှံနိုင်ပါသည်။
❖ နေ့တက်သင်တန်းအား လစဉ်ကြေးဖြင့် လက်ခံပေးပါသည်။
❖ လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်အပ်နှံမှ စိတ်ချရပါလိမ့်မယ်။

**တန်းခွဲသစ် ဇွန်လဆန်းစပြီ။**



❖ ပုဂ္ဂလိကအထက်တန်းကျောင်း - အမှတ်(၃၈/၄၀)၊ သီရိဂုဏ်အိမ်ရာ၊ ဝေဇယန္တာလမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
❖ ပညာမြင်းမိုရ်ကျောင်းသားဆောင် - ၂၉၇၊ ဂန့်ဂေါရိပ်သာလမ်း၊ သီရိဂုဏ်အိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
❖ ပညာမြင်းမိုရ်ကျောင်းသူဆောင် - ၃၁၊ သီရိဂုဏ်အိမ်ရာ၊ ဝေဇယန္တာလမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

Ph : 09 73004720, 09 5001158, 09 5002947, 01-562830

ဂရိတ်ဝေါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး



တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - 1012YR004967

ဓမ္မတာလာစဉ် နာကျင်ကိုက်ခဲခြင်း၊ သွေးသားမမှန်ခြင်း ဝေဒနာများအတွက်

မီးယပ်အကိုက်အခဲပျောက် **မြဲကေရီ** အသားလှနုပျိုဆေး (အမှတ်တံဆိပ်)

နှစ်ပေါင်းများစွာကတည်းကပင် နှစ်ခြိုက်စွာ သုံးစွဲလျက်ရှိသော ဆေးဖြစ်ပါသည်။ လစဉ်လတိုင်းမှာ ဓမ္မတာလာစဉ် ခါးကိုက်၊ ဗိုက်အောင့်၊ မအီမသာစသည့် နာကျင်ကိုက်ခဲခြင်း ဝေဒနာများကို ယခုနာ ယခုသောက် ခဏလေးနှင့် သက်သာပျောက်ကင်းစေပါသည်။ ဆေးတောင့် (၃) တောင့် မှ (၅) တောင့်ထိသောက်ပါ။

တိုင်းရင်းဆေးပညာဦးစီးဌာန၊ ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက(စာနယ်ဇင်း) ၀၀၁ / ၀၁၁၂

ကြော်ငြာ

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈)၊ လူနေရပ်ကွက်အမှတ် (၈)၊ မြေကွက်အမှတ်-၇၀၃-B (ခ)၊ နှစ် (၆၀) မြေငှားဂရန်မြေ အလျား (၂၀ပေ × ၆၀ပေ)၊ ဧရိယာ (၀. ၀၂၉) ဧကရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ သာကေတမြို့နယ်၊ (၈) ရပ်ကွက်၊ ရွှေအုတ်ဂူ (၅) လမ်း၊ အမှတ်-၇၀၃ (က) ဟုခေါ်တွင်သည့် အဆောက်အအုံကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးထွန်းတင် (၁၂/သကတ (နိုင်) ၀၅၂၉၇၉) ထံမှ ဝယ်ယူလက်ဝယ်ပိုင်ဆိုင်ခဲ့သူ ဦးကျော်သိန်း (၁၁/ကဖန (နိုင်) ၀၇၀၇၅၈) ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း ခိုင်မာသော စာရွက်စာတမ်းအထောက်အထား (မူရင်း) များနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးလှသိန်း (ဥပဒေအကျိုးဆောင်ရှေ့နေ)
အမှတ် (၉၇)၊ ၁၀၁-လမ်း၊ ဖို့မြေရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

**ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကွင်းအမှတ်(၆၇၂)၊**
**မြေကွက်အမှတ်(A.43, A.44, A.57, A.58)မြေကွက်များ၊**
**မြေကွက်ပေါ်ရှိ အဆောက်အအုံများနှင့်ပတ်သက်၍**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဦးသန်းဝင်း ၁၂/ကမတ(နိုင်)၀၁၂၂၇၇၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကွင်းအမှတ် ၆၇၂၊ အောင်ချမ်းသာ ၄၊ အေးသာယာရပ်ကွက်၊ ဆုထူးပန်လမ်း၊ မြေကွက်အမှတ်(A.43, A.44, A.57, A.58)ဟု ခေါ်တွင်သော တစ်ဆက်တစ်စပ်တည်းရှိမြေကွက်များနှင့် ယင်းမြေကွက်များပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ်တိုက်သုံးလုံးနှင့် နှစ်ထပ်တိုက်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိနေထိုင်ပိုင်ဆိုင်သူများထံမှ ကျွန်ုပ်အမှုသည်က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေများပေးချေထားပြီး ဖြစ်ပါသည်။ ထို့အပြင် ကျွန်ုပ်အမှုသည်က ၂၀-၈-၂၀၁၂ရက်စွဲပါ စရန်ပေးစာချုပ်နှင့်အညီ ကျန်ငွေများကိုပေးချေရန် အသင့်ဖြစ်နေသော်လည်း အပိုင်ရောင်းသူများက မြေပုံ၊ မြေရာဇဝင်ပေးအပ်ရန်၊ ကျန်ငွေလက်ခံရန်၊ အရောင်းအဝယ်ပြုသောမြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံများကို လက်ရောက်ပေးအပ်ရန်နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန်ကိစ္စများကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျက်ရှိသဖြင့် စရန်ပေးစာချုပ်ပါ ကတိကဝတ်များ၊ ပဋိညာဉ်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် အသိပေးအကြောင်းကြားထားပြီး ဖြစ်ပါသည်။

သို့ပါ၍ ကျွန်ုပ်အမှုသည်က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေများပေးချေထားသော အထက်ပါမြေကွက်နှင့် အဆောက်အအုံများကို ထပ်မံရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ပေါင်နှံခြင်း၊ လှူဒါန်းခြင်း၊ အာမခံအဖြစ်တင်သွင်းခြင်းအပါအဝင် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုရန်နှင့် လိုက်နာခြင်းမရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးသန်းဝင်း** | **ဦးသိန်းဝင်း (မြန်အောင်)** |

**LL.B, D.B.L, D.M.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၉၄၆)**
**ဒေါ်ဖြိုးဝေဝေထွန်း**
**အထက်တန်းရှေ့နေ (စဉ်-၃၂၉၀၃)**
**အမှတ် ၆၂၊ ပထမထပ်၊ Winner Firm၊**
**အခန်း(၁၁)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ နဝရတ်လမ်းသွယ်၊ အိမ်အမှတ် (FF/၁၆-၁၇)နေ ဦးအောင်ကျော်သက်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ဦးသိန်းဇော် အမည်ပေါက်သည့် အရှေ့လားသော် ဦးရှားညို၏ ခြံမြေ၊ အနောက်လားသော် လမ်း၊ တောင်လားသော် လမ်း၊ မြောက်လားသော်-ဦးနေတိုး၏ခြံမြေအတွင်း တည်ရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရေငယ်ကျေးရွာ၊ ရပ်ကွက်ကြီး(၁၁)၊ ကွင်းအမှတ်(၆၈၀)၊ ကွင်းအမည် (ပြင်)၊ ဦးပိုင်အမှတ်(N-၃၁+N-၁၂/၂၊က)၊ မြေပေအကျယ် (ပေ ၂၀၀+၂၀၆ပေ+ပေ၄၄၀+ပေ၄၈၀)မြေဧရိယာအားဖြင့် (၂ဒသမ ၅၈ဧက)ခန့်ရှိမြေနှင့် အကျိုးခံစားခွင့်များအားလုံးကို ဦးအောင်မြင့်မှ ရောင်းချပိုင်ခွင့်ရှိသည်ဟု တာဝန်ခံလွှဲပြောင်းရောင်းချသောကြောင့် ဦးအောင်ကျော်သက်က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများ၊ တရားရုံး တားဝရမ်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူများမရှိပါက အရောင်းအဝယ်ကိစ္စအား ဦးအောင်ကျော်သက်မှ ဥပဒေနှင့်အညီ ဆက်လက်ပြီးဆုံးတိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ကျော်သက်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၁၂၈၊ ၈လမ်း၊ ၇ ကွက်၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၉-၂၀၄၅၈၇၅၊၀၉-၄၇၂၁၅၉၀၂၊၀၈၅-၂၃၂၄၁**

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နေ ဦးအေးသိန်း-ဒေါ်မြသန်း
(သိန်းနိုင်ထွေး၊ ငါးပုစွန်လက်ကားရောင်းဝယ်ရေး)တို့၏ သားထွေး

**ဒေါက်တာသိန်းနိုင်ထွေး (M.B.,B.S)(Ygn),IDCS(NCC,UK)**

**နှင့်**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နေ ဦးမင်းနိုင်(မြို့နယ်စာရင်းစစ်အရာရှိ၊ ငြိမ်း)-
ဒေါ်စီစီထွန်း(အထပြ-ငြိမ်း)တို့၏ တစ်ဦးတည်းသောသမီး

**ဒေါက်တာစီလေးနိုင် (M.B.,B.S)(Ygn)**

**(လက်ထောက်ဆရာဝန်၊ ပြည်သူ့ဆေးရုံ-မင်းဘူးမြို့)**

တို့သည် ၁-၆-၂၀၁၃ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများ၏ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် ဒေါက်တာသိန်းနိုင်ထွေး-ဒေါက်တာစီလေးနိုင်**

## ဝယ်လိုသည်

- ကားအပ်ပြီးစလစ်၊
- စ၊ဆမှ လ၊ သ၊ အ အထိ အပ်ကား

**ဖုန်း-၀၉-၄၄၈၀၀၇၃၇၇**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ပသ/၁၉၁၃ (Honda C 90) ယာဉ်လက်ဝယ်ရှိသူ ဦးသန်းလှိုင် ၁၄/ပသရ(နိုင်)၀၄၇၈၁၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊မြေကွက်အမှတ် ၃၀၅/က၊ မြေကွက်တည်နေရာအမှတ် ၃၀၅/က၊ သူရ ၃လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးသောင်းရွှေအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးသောင်းရွှေ ကွယ်လွန်သဖြင့် ဒေါ်ခင် ၁၂/ဥကတ(နိုင်) ၀၂၄၂၉၁က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် ကိုယ်စားလှယ် လွှဲစာအမှတ် ၆၄၇၂(၂၆-၄-၁၃)ဖြင့် လွှဲအပ်ခံရသူ အထွေထွေကိုယ်စားလှယ် ဒေါ်ခင်မိုးတင့် ၁၂/ဥကတ(နိုင်)၀၂၅၃၁၉က မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ဃ၊ မြေကွက်အမှတ် ၃၁၃၊ မြေကွက်တည်နေရာအမှတ် ၃၁၃၊ နှယ်နီ ၇ လမ်း၊ (ဃ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဒေါ်ရွှေခင် ၁၂/ဥကမ(နိုင်)၀၃၂၃၀၉ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် မိခင်ဒေါ်ရွှေခင် ဖခင်ဦးသန်းစိန် ကွယ်လွန်သဖြင့် ဒေါ်တင်ဝင်း ၁၂/ဥကမ(နိုင်)၀၈၈၈၀၆၊ ဦးသန်းဝင်း ၁၂/မရက(နိုင်)၀၃၀၁၀၈၊ ဦးကြည်ဝင်း ၁၂/တမန(နိုင်)၀၁၇၀၃၉၊ ဒေါ်ခင်သိန်းဝင်း ၁၂/ဥကမ(နိုင်)၀၁၁၈၄၉၊ ဦးအောင်ဝင်း ၁၂/ဥကမ(နိုင်)၀၃၂၃၀၇၊ ဦးစိုးဝင်း ၁၂/သဃက(နိုင်)၀၀၅၇၅၄၊ ဦးမြတ်ထွန်း ၁၂/ဥကမ(နိုင်)၀၁၃၄၃၂တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်းကြေညာချက်

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးတင့်ဆန်း ၁၄/မမန(နိုင်)၀၂၈၆၀၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးတင့်ဆန်းက ရွှေအာရှသမဝါယမအသင်းလီမိတက်၏ ၈-၆-၂၀၀၃ရက် ဒါရိုက်တာအဖွဲ့ အစည်းဝေးဆုံးဖြတ်ချက်အရ ဗိုလ်တထောင်မြို့နယ်၊ (၄၇လမ်းနှင့် ၄၈လမ်းကြား) အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းကြားရှိ ဆောက်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်နိုင်ရန် ဦးဝင်းစိန် Asia Express (Ygn) Co.,Ltd. ထံသို့ ၁-၉-၂၀၀၅ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာကို ပေးအပ်ခဲ့ပါသည်။ ယခုအခါ ကိုယ်စားလှယ်စာလက်ခံထားသူ ဦးဝင်းစိန်ဘက်က အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းအပေါ် ၁-၉-၂၀၀၅ရက် ချုပ်ဆိုသောစာချုပ်ပါအတိုင်း အပြည့်အဝလိုက်နာ ဆောင်ရွက်မှုမရှိခြင်း၊ အကျိုးမြတ်အဖြစ် သဘောတူပေးရမည့် တိုက်ခန်း ၁၀ခန်းကို ယနေ့ထက်တိုင် လက်ရောက်အပ်နှံမှုမရှိခြင်းများကြောင့် ဤကြော်ငြာသည့်ရက်မှစ၍ ကိုယ်စားလှယ်လွှဲစာကို ရုပ်သိမ်းလိုက်ကြောင်း ကြေညာပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးတင့်ဆန်း၏ကိုယ်စားလှယ်လွှဲစာဖြင့် ဦးဝင်းစိန်ဘက်က လုပ်ပိုင်ဆောင်ရွက်ခွင့်မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးမြင့်သောင်း** | **ဦးကိုကိုဦး** | **ဦးစိန်မြင့်** |
| **စဉ်-၄၀၄၄** | **စဉ်-၈၈၄၆** | **စဉ်-၁၀၉၁၆** |

**တရားလွှတ်တော်ရှေ့နေများ** **အထက်တန်းရှေ့နေ**
**အမှတ် ၂၀၃၊ သုံးလွှာ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ၁၅-၅-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ တရားလွှတ်တော်ရှေ့နေ ဦးအေးမြင့်၏ကြေညာချက်ကို အမှန်အတိုင်းဖြေရှင်းခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သော ဒေါက်တာခင်ရွှေ၏ကိုယ်စားလှယ်စာရသူ ဦးမြင့်ဇော် ၁၂/လကန(နိုင်)၀၂၄၈၀၉၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ရှင်းလင်းကြေညာအပ်ပါသည်။

ဒေါက်တာခင်ရွှေနှင့်ဦးဝင်းစိန် ၁၂/ကတတ(နိုင်)၀၁၂၁၈၀တို့သည် မင်္ဂလာဒုံဥယျာဉ်မြို့တော် ရန်ကုန်စက်မှုဇုန်ရှိ မြေကွက်အမှတ် ၁၀၃၊ ၁၀၄၊ ၁၀၅၊ အကွက်(၃)ကွက်တို့ကို အရောင်းအဝယ်ပြုခဲ့သည်မှာမှန်သော်လည်း စာချုပ်တွင် ဝယ်ယူသူနှင့် ရောင်းချသူတို့ နှစ်ဦးနှစ်ဖက်လိုက်နာရမည့်တာဝန်ကို စည်းကမ်းချက်အဖြစ် အတိအလင်း ထည့်သွင်းထားရှိခဲ့ပါသည်။

**၂၈-၉-၂၀၀၂ရက်စွဲပါ နှစ်ဦးသဘောတူ စက်ရုံမြေကွက် အပြီးအပိုင်အရောင်းအဝယ် ကတိပဋိညာဉ်စာချုပ်စာမျက်နှာ(၃)၊ အပိုဒ် -၅(၈)၌ ဝန်ဆောင်မှုနှင့် ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ လမ်းမီးနှင့်လုံခြုံရေးမီးများအတွက် ကျသင့်ငွေများအား စက်မှုဇုန်အတွင်းရှိ စက်ရုံများမှ အချိုးကျခံပေးရပါမည်။ အပိုဒ်-၅(၉)၌ အပိုင်ဝယ်ယူသူသည် ဤစာချုပ်ချုပ်ဆိုပြီး သုံးနှစ်အတွင်း စက်ရုံအပြီးဆောက်လုပ်ရမည်**ဟု ဝယ်သူစက်ရုံပိုင်ရှင်များ လိုက်နာရမည့် စည်းကမ်းချက်များကို နှစ်ဖက်သဘောတူညီခဲ့ပါသည်။

သို့ရာတွင် ဝယ်ယူသူဦးဝင်းစိန်သည် ၂၈-၉-၂၀၀၂ရက်မှ ၇-၃-၂၀၁၃ရက်အထိ မည်သည့် အဆောက်အအုံတစ်စုံတစ်ရာကိုမျှ ဆောက်လုပ်ခြင်းမရှိဘဲ မပျက်မကွက် ဆောင်ရွက်ရမည့်စည်းကမ်းချက်ကို ဖောက်ဖျက်ခဲ့ပါသည်။ စာချုပ်ပြီး (၃၆)လအတွင်း စာချုပ်ပါစည်းကမ်းချက်အတိုင်း ဆောင်ရွက်ခဲ့ခြင်းမရှိပါ။ ထို့ကြောင့် ဝယ်သူ၏ ပျက်ကွက်မှုကြောင့် ပဋိညာဉ်စာချုပ်မှာ အလိုအလျောက်ပျက်ပြယ်သွားသည့်တိုင်အောင် မြေကွက်များလက်ဝယ်ရှိသူ ကျွန်ုပ်တို့၏ မိတ်ဆွေဘက်က ဝယ်သူအနေနှင့် ပေးဆောင်ရမည်ဖြစ်သော ဝန်ဆောင်ခများကို ၂၀၀၆ခုနှစ်အထိ ပေးဆောင်ရန် အကြောင်းကြားတောင်းခံခဲ့မှုကိုလည်း လိုက်နာခြင်းမရှိ ဆက်လက်ပျက်ကွက်မြဲ ပျက်ကွက်လျက်ရှိပါသည်။ ဝယ်ယူသူ၏ ပြုမူချက်သည် ပဋိညာဉ်ကို လိုက်နာရန် တာဝန်ရှိသူမှ ပျက်ကွက်မှုဖြစ်ပြီး ထိုမြေကွက် (၃)ကွက်သည် ရောင်းသူ၏ စီမံခန့်ခွဲမှုအောက်တွင် တည်ရှိနေသည့်အတွက် ၂၈-၉-၂၀၀၂ရက်စွဲပါ အရောင်းအဝယ်အား တရားရုံးတစ်စုံတစ်ရာတွင် တရားစွဲဆိုရန်မလိုအပ်ဘဲ မူလပိုင်ရှင်ဖြစ်သူမှ စီမံခန့်ခွဲခွင့်ရှိသည်နှင့်အညီ ဆောင်ရွက်ခဲ့ခြင်းသာဖြစ်ပါသည်။

ရောင်းချသူဘက်က အခြားသော မြေကွက်များဝယ်ယူထားသည့်နည်းတူ အထက်ပါစာချုပ်အပိုဒ်(၈)တွင် ပါရှိသည့်အတိုင်း ဝန်ဆောင်မှုစရိတ်များပေးပါရန် စာပေးပို့တောင်းခံခြင်းအပေါ်လည်း လိုက်နာခြင်းမရှိ ဆက်လက်ပျက်ကွက်ခဲ့ပါသည်။

ရောင်းချသူဘက်က သဘောထားကြီးစွာဖြင့် ဦးဝင်းစိန်အား နှစ်ဦးနှစ်ဖက် မျက်နှာစုံညီတွေ့ဆုံပြီး ညှိနှိုင်းမှုပြုကာ မြေကွက်ကိစ္စအား ဖြေရှင်းခြင်း၊ နည်းလမ်းရှာဖွေခြင်းပြုရန် အကြိမ်ကြိမ်ကြိုးပမ်းသော်လည်း ညှိနှိုင်း၍မရခဲ့ပါ။ ထိုသို့သောအခြေအနေများတွင် စာချုပ်ပါအတိုင်း ဝယ်သူဘက်က အမှန်တကယ်လိုက်နာဆောင်ရွက်ရမည့်အချက်များကို လိုက်နာခဲ့ခြင်း ရှိ/မရှိ စဉ်းစားသုံးသပ်မှုမပြုဘဲ သတင်းစာ၌ လိုသလိုအဓိပ္ပာယ်ဖွင့်ဆို၍ ကြေညာခြင်းပြုခဲ့ပါသည်။ ဝယ်ယူထားသည့်မြေကို နှစ်ပေါင်းများစွာ အဆက်အသွယ်ဖြတ်တောက်ခြင်း၊ စည်းကမ်းချက်အတိုင်း အဆောက်အအုံဆောက်လုပ်ခြင်းပြုလုပ်ပြီးနောက် သက်ဆိုင်ရာ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီသို့ ဖြစ်ရပ်မှန်အတိုင်း အကြောင်းကြားခြင်းပြုခဲ့ပါလျှင် ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်ခဲ့မည်မဟုတ်ပါ။

လူကြီးမင်း၏ ညွှန်ကြားချက်ဖြင့် တရားလွှတ်တော်ရှေ့နေ ဦးအေးမြင့်အား ကြေညာစေခဲ့သည့် ၁၅-၅-၂၀၁၃ရက် ကြေညာချက်ကို ပြန်လည်ရုပ်သိမ်း၍ သက်ဆိုင်သူ ကာယကံရှင်တို့ကိုယ်တိုင် လူချင်းတွေ့ဆုံညှိနှိုင်းအဖြေရှာခြင်းအား ဤကြေညာချက်ပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်းပြုလုပ်ပါရန် တောင်းဆိုပါသည်။ အထက်ပါကဲ့သို့ ရှင်းလင်းတောင်းဆိုချက်အား လိုက်နာခြင်းမရှိလျှင် အမှန်တရားကို အခြေခံ၍ ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်သွားမည်ဟု အများသိစေရန် ရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးမြင့်သောင်း** | **ဦးကိုကိုဦး** | **ဦးစိန်မြင့်** |
| **စဉ်-၄၀၄၄** | **စဉ်-၈၈၄၆** | **စဉ်-၁၀၉၁၆** |

**တရားလွှတ်တော်ရှေ့နေများ** **အထက်တန်းရှေ့နေ**
**အမှတ် ၂၀၃၊ သုံးလွှာ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ဦးဝင်းစိန် ၁၂/ကတတ(နိုင်)၀၁၂၁၈၀ Asia Express(Ygn)Co., Ltd.
## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါက်တာခင်ရွှေ ဥက္ကဋ္ဌ ရွှေအာရှ အထွေထွေစီးပွားရေးသမဝါယမအသင်းလီမိတက်၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာပါသည်။

ရွှေအာရှအထွေထွေစီးပွားရေးသမဝါယမအသင်းလီမိတက်သည် **အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းသဘောတူစာချုပ်အား ၁-၉-၂၀၀၅ ရက်တွင် ချုပ်ဆိုကာ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၇ လမ်းနှင့် ၄၈ လမ်းကြား) အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းကြားရှိ ဆောက်လုပ်ရေးလုပ်ငန်းကို ဆောင်ရွက်ခြင်းပြုခဲ့ရာ စာချုပ်ပါစည်းကမ်းချက်အရ အသစ်ဖြစ်ပေါ်လာမည့် တိုက်ခန်းများအနက်** (အေ-၅-၀၁)၊ (အေ-၅-၀၂)၊ (အေ-၅-၀၃)၊ (အေ-၅-၀၄)၊ (အေ- ၅-၀၅)၊ (အေ-၅-၀၆)၊ (အေ-၅-၀၇)၊ (အေ-၅-၀၈)၊ (အေ-၆-၀၁)၊ (အေ-၆-၀၂) တိုက်ခန်း ၁၀ ခန်းကို လွှဲပြောင်းပေးမည်ဖြစ်ကြောင်း လက်မှတ်ရေးထိုးချုပ်ဆိုရာ၌ ရွှေအာရှအထွေထွေ စီးပွားရေးသမဝါယမအသင်းလီမိတက်ဘက်က ဦးတင့်ဆန်း ၁၄/မမန(နိုင်)၀၂၈၆၀၇၊ Asia Express (Ygn)Co., Ltd. ဘက်က MD ဦးဝင်းစိန် အသိသက်သေများအဖြစ် ဒေါက်တာခင်ရွှေ၊ ဦးတင်အောင်မြင့်၊ ဒေါက်တာ မောင်မောင်ဦးနှင့် ဦးမောင်မောင်တို့က လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ပါသည်။

အဆိုပါတိုက်ခန်းများကို စာချုပ်ပါကတိအတိုင်းပေးအပ်ရမည့်နေ့ရက်စေ့ရောက်ခဲ့သည့်တိုင်အောင် တိုက်ခန်းများကို လက်ရောက်ပေးအပ်ခြင်းမပြုခဲ့သဖြင့် အကျိုးစီးပွားထိခိုက်နစ်နာဆုံးရှုံးမှု တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားလာပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေအနေနှင့် လူကြီးမင်းဘက်က တိုက်ခန်းများကို တာဝန်သိစွာပေးအပ်ခြင်းကို စောင့်ဆိုင်းနေသော်လည်း ယနေ့ထက်တိုင် တိုက်ခန်းများပေးအပ်ခြင်းမရှိပါ။ ဦးဝင်းစိန်၏ ပျက်ကွက်မှုကြောင့် လွှဲအပ်ထားသော ကိုယ်စားလှယ်လွှဲစာကိုလည်း တာဝန်ရှိသူက ရုပ်သိမ်းခြင်းပြုပါသည်။

တိုက်ခန်းနှင့်ပတ်သက်၍ ဤကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်တို့၏မိတ်ဆွေ ပါဝင်သော သမဝါယမအသင်းလီမိတက်၏လက်ဝယ်သို့ အကျိုးစီးပွား နစ်နာမှုများနှင့်တကွ ပေးအပ်ရန်တောင်းဆိုသည့်အပြင် အထက်ဖော်ပြပါ တိုက်ခန်း ၁၀ ခန်းသည် ကျွန်ုပ်တို့၏မိတ်ဆွေအား ပေးအပ်ထားပြီးဖြစ်၍ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချရန်လုပ်ပိုင်ခွင့်မရှိကြောင်းနှင့် အကယ်၍ လွှဲပြောင်းရောင်းချမှုပြုခဲ့လျှင် တိုက်ခန်းလက်ခံသူများနှင့် ရောင်းချသူတို့သာ ဖြေရှင်းရမည်ဖြစ်ပါသည်။ လိုက်နာမှုမရှိပါက တည်ဆဲတရားဥပဒေများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဟု အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးမြင့်သောင်း** | **ဦးကိုကိုဦး** | **ဦးစိန်မြင့်** |
| **စဉ်-၄၀၄၄** | **စဉ်-၈၈၄၆** | **စဉ်-၁၀၉၁၆** |

**တရားလွှတ်တော်ရှေ့နေများ** **အထက်တန်းရှေ့နေ**
**အမှတ် ၂၀၃(သုံးလွှာ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

ဝမ်းနည်းကြေကွဲခြင်း

## ဦးကျော်အုန်း (မုံရွာ)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်-ဒေါ်မြင့်မြင့်သန်းတို့၏ ကျေးဇူးရှင်ဖခင် ဦးကျော်အုန်းသည် ၁-၆-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်-ဒေါ်နန္ဒာမွန်း မိသားစု**

**အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန**

## အထူးကျေးဇူးတင်ရှိခြင်း

၁-၆-၂၀၁၃ရက် (စနေနေ့) နံနက် ၁၁း၁၀နာရီတွင် ကွယ်လွန်သွားသည့် ဖခင်ကြီး ဦးကျော်အုန်း(မုံရွာ) အသက်(၈၄)နှစ် နာရေးကိစ္စသို့ ဝမ်းနည်းကြောင်း လူကိုယ်တိုင်သော်လည်းကောင်း၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း ဖုန်းများဖြင့် အကြောင်းကြားနှစ်သိမ့်အားပေးကြပါသော ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများ၊ ဆွေမျိုးများ၊ လှူဖွယ်ဝတ္ထုအစုစု ကောင်းမှုပြုလုပ်ပေးကြသူများ၊ လွမ်းသူ့ပန်းခွေ၊ လွမ်းသူ့ပန်းခြင်းပေးပို့ကြသူများ၊ နာရေးသို့လိုက်ပါပို့ဆောင်ပေးကြသူများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့မှပုဂ္ဂိုလ်များ၊ စစ်ဘက်နယ်ဘက်မှ မိတ်ဆွေသင်္ဂဟများ၊ လူမှုရေးအဖွဲ့အစည်းများ၊ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် ဘောလုံးအသင်းများ၊ ကွယ်လွန်သည့်နေ့ရက်မှစ၍ မြေကျသောရက်အထိကိစ္စအဝဝကို အဘက်ဘက်မှ ပြည့်စုံစွာ ကူညီဆောင်ရွက်ပေးခဲ့ကြသော ဒေသခံလူမှုရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန တိုင်းဒေသကြီးရုံးမှဝန်ထမ်းများ၊ ရွှေနဂါးမင်းကုမ္ပဏီနှင့် ဇေယျာရွှေမြေဘောလုံးအသင်းတို့မှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများ၊ ရပ်နီးရပ်ဝေးမှမိတ်ဆွေသင်္ဂဟအားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း။ **ကျန်ရစ်သူမိသားစု**

ဝမ်းနည်းကြေကွဲခြင်း

## ဦးသိန်းမြင့် (ဖျာပုံ)

**ရွှေငါးစိန်ရွှေရတနာ ရောင်းဝယ်ရေး**

**အသက်(၈၃)နှစ်**

ဦးစိုးမြင့်-ဒေါ်နန္ဒာဝင်းတို့၏ဖခင် ဦးသိန်းမြင့်(ဖျာပုံ) အသက်(၈၃)နှစ်သည် ၂-၆-၂၀၁၃ရက် (တနင်္ဂနွေနေ့) ည ၁၀း၀၆နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမျိုးသန့်-ဒေါ်တင်တင်ဝင်း**

**ဒေါ်မိတိုတ်၊ ပြင်ဦးလွင်**

## ဦးအောင်ဇော်မြင့်

**လ/ထ အင်ဂျင်နီယာ(စက်မှု)၊မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**

**အသက်(၅၂)နှစ်**

ရန်ကုန်မြို့၊ အမှတ် ၂၃၊ ခန်းမဆောင်လမ်း၊တောင်လုံးပြန်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးအောင်ကြည်-ဒေါ်ငြိမ်းမြင့်)တို့၏သား၊ ဒေါက်တာအောင်မြင့်ဦး-ဒေါ်ခင်နွယ်ဦးတို့၏ညီ/မောင်၊ မသင်းသင်းကြည်၊ ကိုအောင်ကျော်မြင့်(စက်ခန်းအုပ်၊ MPE)တို့၏အစ်ကို၊ မဇွန်သူအောင်၊ မဖူးသစ်ထက်(MLA)၊ မသင်းရတနာ၊ မထိပ်ထားနိုင်၊ မောင်နန္ဒမင်းခေါင်တို့၏ဦးလေးသည် ၃-၆-၂၀၁၃ရက်(တနင်္လာနေ့) နံနက် ၁၀း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၆-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃း၃၀နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်ရီရီခိုင်

**အသက်(၄၃)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နေ (ဦးထွန်းစိန်-ဒေါ်နှင်းစိန်)၊ သနပ္ပင်မြို့နေ (ဦးစိန်ထွန်း-ဒေါ်ညွန့်တင်)တို့၏မြေး၊ အုတ်တွင်းမြို့နေ (ဦးခင်မောင်-ဒေါ်မိုး)တို့၏သမီး၊ တောင်ငူမြို့နေ ဦးကြည်ဝင်း-ဒေါ်တင်မာဝင်း၊ (ဦးတင်ဌေး)-ဒေါ်ရင်ကြည်၊ သနပ္ပင်မြို့နေ ဦးမျိုးဝင်း-ဒေါ်စော၊ နေပြည်တော်၊ ကံ့ကော်အိမ်ရာ၊ တိုက် ၂၂၇၊ အခန်း ၀၁နေ ဦးကျော်မင်းနိုင်(လ/ထ ညွှန်ကြားရေးမှူး၊ ဝန်ကြီးရုံး စီးပွား/ကူးသန်း)-ဒေါ်ကျော့စိန်(ဒု-ဦးစီးမှူး၊ဝန်ကြီးရုံး၊စီးပွား/ကူးသန်း)၊ ပြင်ဦးလွင်မြို့နေ ဒေါ်တင်မာနွယ်(လ/ထ ကထိက၊ ဗဟိုဝန်ထမ်းတက္ကသိုလ်၊ အထက်မြန်မာပြည်)တို့၏ညီမ၊ ဗိုလ်လောင်းဇော်ရဲနိုင်(တပ်မတော်နည်းပညာတက္ကသိုလ်)၊ မောင်ကြည်စိုးဟန်(နည်းပညာတက္ကသိုလ်၊ တောင်ငူ)တို့၏အဒေါ်သည် နေပြည်တော်(ခုတင်-၁၀၀၀)ဆေးရုံကြီး၌ ၃-၆-၂၀၁၃ရက် ည ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၆-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် နေပြည်တော်(ခုတင်-၁၀၀၀)ဆေးရုံမှ နေပြည်တော် ကွင်းကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၉-၆-၂၀၁၃ရက်တွင် ဦးကျော်မင်းနိုင်-ဒေါ်ကျော့စိန်တို့၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးဒယ်နီ(ခ)

## ဦးကျော်မင်းအေး

**(ယခင် အနော်ရထာ)**

**အသက်(၅၄)နှစ်**

ရန်ကုန်မြို့၊ အမှတ် ၈၉/၄၊ ကမာလမ်း(အရှေ့)၊ (၂၄)ရပ်ကွက်၊ သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ်နေ (ဦးတင်အေး-ဒေါ်လဲ့လဲ့အေး)တို့၏ တစ်ဦးတည်းသောသား၊ ဦးမောင်မောင်ညွန့်-ဒေါ်တင်အေးတို့၏သားသမက်၊ ဦးနယ်ဆင်လှဖေ၊ ဒေါ်သူဇာဖေ၊ ဒေါ်မာလာဖေတို့၏တူ၊ ညောင်လေးပင်မြို့နေ ဦးရဲဝင်း-ဒေါ်သိန်းသိန်းတို့၏တူ၊ ဝင်္ဂဘာလမ်းနေ ဦးသန့်ဇင်-ဒေါ်အဲမီး၊ ဦးအောင်ဝင်း-(ဒေါ်စန္ဒာဝင်း)တို့၏ညီ/မောင်၊ မောင်စွမ်းထက်လင်း၏ဖခင်၊ ဒေါ်မာလာညွန့်၏ခင်ပွန်းသည် ၄-၆-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၅း၅၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၆-၆-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၁၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

## ဒေါ်စန်းစန်းမြင့်(ခ)

## မတူး(မိတ္ထီလာ)

**အထပြ(ငြိမ်း)၊ အထက(၂)မိတ္ထီလာမြို့**

**အသက်(၆၀)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ စက်မှုဇုန်(၁)၊ အမှတ် ၄၅၂၊ ရန်ကုန်လမ်းနေ (ဦးလှမောင်-ဒေါ်ခင်ခင်)(မိတ္ထီလာ)တို့၏သမီး၊ (ဦးအောင်ဖေ-ဒေါ်သန်းဆင့်)(မိတ္ထီလာ)တို့၏သမီးချွေးမ၊ ဦးဝင်းမောင် (ဒေါ်ခင်ဝေ)၊ ဦးမောင်မောင်ကျော် - ဒေါက်တာမြမြသိန်း(ဝိတိုရိယဆေးရုံ)၊ (ဗိုလ်မှူးချုပ်မျိုးမြင့်)၊ ဒေါ်မာမာအေး၊ ဦးဥက္ကာ-ဒေါ်သင်းသင်းမော်တို့၏အစ်မ၊ ဗိုလ်မှူးကျော်ဇေ(ငြိမ်း)(MD. JCS Automation Co., Ltd.)၏ဇနီး၊ ဦးအောင်သန့်ကျော်(Director - JCS Automation Co., Ltd.)-ဒေါက်တာသီတာမြင့်(အရှေ့အနောက်ပါရမီဆေးရုံ)၊ ဦးဘဏ်ပေါ်ထွန်း-ဒေါ်အေးမြသီတာကျော် (ခေတ္တ-စင်ကာပူ)တို့၏မိခင်၊ မအိန္ဒြာနန်းလဲ့ခင်တို့၏အဘွားသည် ၃-၆-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၅နာရီတွင် SSC အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၅-၆-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးသိန်းမြင့်(ဖျာပုံ) (ရွှေငါး စိန်ရွှေရတနာရောင်းဝယ်ရေး)

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ အမှတ် ၆၁နေ (ဦးရာမ-ဒေါ်ပိုး)တို့၏သား၊ (ဒေါ်လှမြင့်)၏မောင်၊ ဒေါ်ခင်သိန်း၏ခင်ပွန်း၊ ဒေါက်တာထွန်းလှ-ဒေါ်ယုခင်မြင့်၊ ဦးကျော်ဝင်း၊ ဦးစိုးမြင့်-ဒေါ်နန္ဒာဝင်း၊ ဦးအောင်ကြည်(ရွှေဂဲ)-ဒေါ်စက်ဆက်၊ ဦးစိုးနိုင်-ဒေါ်ခင်မမ၊ ဦးမြင့်ဇော်(စိန်ခဲ)-ဒေါ်ဝင်းမြမြ၊ ဦးသန့်ဇော်(ဇော်လေး)-ဒေါ်မေလှဦးတို့၏ဖခင်၊ မြေး ၁၃ယောက်၊မြစ်နှစ်ယောက်တို့၏အဘိုး ဦးသိန်းမြင့်သည် ၂-၆-၂၀၁၃ရက်(တနင်္ဂနွေနေ့) ည ၁၀း၀၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၆-၂၀၁၃ရက်(ကြာသပတေးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၈-၆-၂၀၁၃ရက်(စနေနေ့) နံနက် ၁၀နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး

## ဒေါက်တာအောင်တင့်

**ဆရာဝန်ချုပ်(ငြိမ်း)၊ဆောက်လုပ်ရေးဝန်ကြီးဌာန၊ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**

**အသက်(၇၉)နှစ်**

ပြင်ဦးလွင်မြို့၊ ခြံအမှတ် ၄၀၊ စန္ဒာလမ်းနေ (ဦးစု-ဒေါ်မမလေး)တို့၏သားငယ်၊ (ဦးအောင်မြင့်)-ဒေါ်တင်တင်စောတို့၏ညီ၊ ဒေါ်ဝင်းမေ(Nursing Cadet-1st batch)၏ခင်ပွန်း၊ ဗိုလ်မှူးအောင်နိုင်ထွန်း(ငြိမ်း)-ဒေါ်စန္ဒာတင့်၊ ကပ္ပတိန်သူရမှူးမင်းဝင်း-ဒေါ်သီတာတင့်၊ဦးစိုးစိုး(Chief-mate)-ဒေါ်နီလာတင့်၊ဦးအောင်ဝင်း-ဒေါ်ယဉ်မင်းခင်(H.R, Myanmar) (မြန်မာကိုင်ရှိ Co., Ltd.)၊ ဦးရွှေထွေး(ဒါရိုက်တာ၊ ထက်အာကာ Co., Ltd.)-ဒေါ်သီဂီတင့်၊ ကိုဝဏ္ဏတို့၏ဖခင်ကြီး၊ မောင်အားမာန်သွေး၊ မကောင်းမြတ်ခင်၊ မောင်လင်းထွန်း၊ မမြတ်သဒ္ဒါဖြူ၊ မောင်ထူးမြတ်နိုင်၊ မရွှန်းလဲ့မှူးခင်၊ မောင်ဇွဲမာန်သွေး၊ မအိန္ဒြေမှူးခင်၊ မပုလဲမိုးဉတို့၏ဘိုးဘိုးကြီးသည် ၄-၆-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၈း၅၀နာရီတွင် ပြင်ဦးလွင်မြို့ ချမ်းသာသုခဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၆-၂၀၁၃ရက် မွန်းလွဲ ၂နာရီတွင် ပြင်ဦးလွင်မြို့၊ စမိုင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးထွန်းရှိန် (ဒုံးပျံ သင်္ကန်းတိုက်)

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဣန္ဒာ ၆လမ်း၊ ဓ/ရပ်ကွက်၊ အမှတ် ၅၃၈နေ (ဦးအောင်တင်-ဒေါ်လှခင်)တို့၏သား၊ (ဒေါ်ပြုံးကြည်)၏ခင်ပွန်း၊ ဦးမျိုးမြင့်-မသန်းသန်းတင့်၊ ဦးရွှေမြ-မတင်တင်မိုး၊ ဦးမြင့်သူ-မအောင်သန်းတင်၊ (ဦးသန်းဇော်ဦး)၊ (မောင်စန်းအောင်)-မနီနီခိုင်၊ မောင်သန့်ဇင်ဝင်း-မဇာဇာထိုက်၊ မမင်းမင်းမိုးတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၄-၆-၂၀၁၃ရက် (အင်္ဂါနေ့)နံနက် ၁၂း၃၀နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၆-၂၀၁၃ရက် (ကြာသပတေးနေ့)ညနေ ၅နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

## ဒေါ်တင်ညွန့်(အမေညွန့်)မိဂလုံ

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ တာမွေကြီး (က+ဂ) ရပ်ကွက်၊ တာမွေမြို့နယ်၊ အမှတ် ၁၀၅၊ ၁၅၇လမ်းနေ(ဦးကြော့-ဒေါ်ငွေရီ)တို့၏သမီး၊ (ဦးထွန်းအောင်-ဒေါ်စောရင်)တို့၏သမီးချွေးမ၊ (ဦးထိန်ဝင်း)-ဒေါ်သန်းသန်းနိုင်၊ဦးခင်ညို-ဒေါ်ခင်စန်းဝင်း၊ (ဦးအုန်းဇော်)၊ (ဦးချိုထွန်း)၊ (ဦးသိန်းကျော်) - ဒေါ်ရီရီခိုင် (ရာဖြတ်ဌာန၊ Y.C.D.C)၊ ဦးဝင်းဇော်-ဒေါ်ခင်ဌေးကြွယ်(မာကိုပိုလိုခရီးသွားကုမ္ပဏီ)၊ဒေါ်ညိုန္တဲ့မာ၊ ဦးမောင်မောင်မြင့်-ဒေါ်မေသက်လွင်၊ ဦးမြင့်ဇော်-ဒေါ်ကျင်ယု (V.I.P Fashion မင်္ဂလာဈေး)တို့၏မိခင်၊ မြေး ၁၈ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွား၊ ဦးဖေတင်၏ဇနီးသည် ၄-၆-၂၀၁၃ရက်(အင်္ဂါနေ့)မွန်းလွဲ ၁း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၆-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၀-၆-၂၀၁၃ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးစံကြွယ် (မော်ကျွန်း)

**တပ်မတော်-ရေ (ငြိမ်း)**

**အသက်(၇၁)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ မော်ကျွန်းမြို့နယ်၊မရမ်းချောင်းကျေးရွာနေ(ဦးဘိုးသူ-ဒေါ်စိန်လှ)တို့၏သားထွေး၊(ဦးထွန်းရှိန်)၊(ဦးသာဆန်း)၊(ဦးထွန်းသင်)၊ဦးဘိုးကောက်၊ ဦးရွှေဘော်တို့၏ညီငယ်၊ မော်လမြိုင်မြို့နေ (ဦးကြူဝိန်-ဒေါ်ဖွားခင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ရန်ကုန်သစ်ရပ်ကွက်၊ အမှတ် ၃၊ ဘုရင့်နောင် ၁၁လမ်းနေ ဒေါ်စမ်းရှိန်(ခ)ဒေါ်ကြူ၏ခင်ပွန်း၊ ဦးခင်မောင်ဝင်း-ဒေါ်ဝင့်ဝင့်ကြွယ်၊ ဦးစိုးဇေယျာ - ဒေါ်သူဇာမျိုး၊ ဦးကျော်ဇေယျတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၄-၆-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၀၀း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၆-၂၀၁၃ရက် (ကြာသပတေးနေ့)နံနက်၁၁း၃၀နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး

## ဦးတင်ကြိုင်(ခ)ဦးဟန်စိန်

**အသက်(၆၆)နှစ်**

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ရတနာလမ်း၊ အမှတ် ၁၇ (သုံးလွှာ)ခေါင်းရင်းနေ(ဦးငြိမ်း-ဒေါ်ဉ)တို့၏သားကြီး၊ ဒေါ်စန်းဝင်း(စိန်မိသားစုဆန်ရောင်းဝယ်ရေး)တို့၏ခင်ပွန်း၊ဦးကြည်စိုး၊ ဦးမြင့်စိုး-ဒေါ်သီတာလှိုင်၊ မယုယုကြည်-ကိုတင်ဇော်ဦး၊ မသင်းသင်းအေး-ကိုကျော်မိုးခိုင်၊ မနုနုအေး-ကိုနေဇင်အောင်၊ ကိုဇော်မင်းတို့၏ဖခင်၊မြေး ၁၀ယောက်တို့၏အဘိုးသည် ၄-၆-၂၀၁၃ရက် ညနေ ၃း၃၀နာရီတွင်ကွယ်လွန်သွားပါ၍၆-၆-၂၀၁၃ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(ရတနာလမ်းနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးစံသိန်း(ဝင်းစာပေ)ရန်ကုန်မြို့

**အသက်(၅၆)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်နေ (ဦးမောင်တင်-ဒေါ်မြကြည်)တို့၏သားကြီး၊ သာကေတမြို့နယ်နေ(ဦးမြင့်ဆွေ-ဒေါ်မိုးမိုးတို့၏သားသမက်၊ သာကေတမြို့နယ်၊ ရှုခင်းသာအိမ်ရာ၊ တိုက်အမှတ် A-7၊ အခန်းအမှတ် ၁၀၈နေ ဒေါ်စံပပ၏ခင်ပွန်း၊ မောင်ဘုန်းမြတ်သော်၏ဖခင်၊ ဦးအောင်သိန်း - ဒေါ်ဆွေဇင်လတ်၊ ဦးအောင်မြင့်-ဒေါ်ဇင်မာလှိုင်၊ မမြင့်ကြည်၊ မမြမြဝင်း-မုရစ်တစုဟိခိုတို့၏အစ်ကိုကြီးသည် ၄-၆-၂၀၁၃ရက်(အင်္ဂါနေ့)နံနက် ၇နာရီတွင် အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါ၍ ၆-၆-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်လှလှမြင့် (မိတ္ထီလာမြို့)

**အသက်(၅၆)နှစ်**

မိတ္ထီလာမြို့၊ အောင်ဇေယျာရပ်၊ အောင်ဇေယျာလမ်းမကြီး၊ ချမ်းမြေ့ကားပစ္စည်းဆိုင်နေ(ဦးမြညွန့်)-ဒေါ်ချွေးတို့၏သမီး၊(ဦးမောင်လေး-ဒေါ်ဆောင်)တို့၏သမီးချွေးမ၊ ဗိုလ်မှူးသန်းထွဋ်-ဒေါ်အေးမိမိထိုက်၊ ကိုသန်းနိုင်-မဝင်းဝင်းမိုး၊ ကိုရန်နိုင်ထွန်း - မကေခိုင်မောင်တို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွား၊ ဦးဝင်းမြင့်၏ဇနီးသည် ၄-၆-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၄နာရီတွင် မိတ္ထီလာနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၅-၆-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)တွင် မြင်တော်ကန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဒေါ်စောလေ(ခ)ဒေါ်စောလှ

**(ဘိုကလေး)**

**အသက်(၉၀)**

ဘိုကလေးမြို့၊ အမှတ် ၅၆၊ ဗိုလ်ဗထူးလမ်း၊ ရန်ကုန်မြို့၊ အမှတ် ၅၈၊ ၁၃ လမ်းနေ (ဦးတင်အောင်)၏ဇနီး ဦးလှဝင်း-ဒေါ်မြင့်မြင့်ရီ၊ ဦးမျိုးဝေ၊ ဦးတင်လှိုင်-ဒေါ်မြင့်မြင့်အေး၊ ဦးမင်းကြည်-ဒေါ်ရွှက်ဝါ၊ ဒေါ်ချိုကြည်၊ ဒေါ်ကျော့ဝါ၊ ဦးမျိုးလွင်-ဒေါ်ခင်စန်းဝေ၊ ဦးမျိုးနိုင်-ဒေါ်ခင်စန္ဒာတို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၄-၆-၂၀၁၃ရက်(အင်္ဂါနေ့) နံနက် ၇နာရီတွင် ဗဟိုစည်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၆-၂၀၁၃ရက်(ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အမှတ် ၅၈၊ ၁၃ လမ်း၊ လမ်းမတော်မြို့နယ်နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ရီရီ (မော်ကျွန်း)

**အသက်(၈၇)နှစ်**

အမှတ် ၂၀၄/၂၊ မြင်သာ ၁၁လမ်း၊ ၁၄/၁ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်နေ (ဦးဘိုလေး)၏ဇနီး၊ ဦးဝင်းမောင်-ဒေါ်ယဉ်ယဉ်မြင့်(ဒု-ညွှန်မှူး၊ ဓာတ်ခွဲခန်း၊ ဘဓရ)၊ ဒေါ်အိအိတို့၏မိခင်၊ ဒေါက်တာမေမြတ်ဝင်း၊ ဗိုလ်မှူးမျိုးမင်းဦး(တပ်မတော်-လေ) - ဒေါက်တာနှင်းဇာဖြူ၊ ကိုကျော်မင်းဦး(ထူးထရေးဒင်း)-မယုသီဂီအေး၊ ဗိုလ်ကြီးထွန်းစည်သူ(တပ်မတော်-လေ)တို့၏ အဘွားသည် ၄-၆-၂၀၁၃ရက်(အင်္ဂါနေ့)နံနက် ၄း၁၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၆-၆-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

## ဒေါ်ယဉ်ယဉ်မြင့်(ခ)

## ဒေါ်ဂရီ (ဟင်္သာတမြို့)

**အိုလံပစ်စတိုးနှင့် မြင့်မိုရ်ဟိန်း ကုန်စုံဆိုင်**

**အသက်(၈၁)နှစ်**

ဇလွန်မြို့နယ်၊ ဒေါင့်ကြီးကျေးရွာနေ လမ်းမတော်ရပ်နေ(ဦးပြစ်လာ-ဒေါ်ကျင်မြိုင်)တို့၏သမီး၊ ဟင်္သာတမြို့၊ ဗိုလ်ချုပ်လမ်းနေ ဒေါ်ကျင်ရွှေ၏ညီမ၊ဦးယုကျန်-ဒေါ်စန်းစန်း၊ (ဦးဝင်းရွှေ)-ဒေါ်ကြည်ညွန့်၊(ဦးယုစိန်)-ဒေါ်ဆွေဆွေ၊ဦးသောင်းထွန်း-ဒေါ်မြင့်မြင့်ရီ၊ ဦးယုဝမ်-ဒေါ်လဲ့လဲ့ဝင်း၊ ဦးခွန်စိန်-ဒေါ်ဌေးဌေး (စိန်ကြောင်ကုန်စုံဆိုင်)တို့၏အစ်မ၊ ဗိုလ်စောမောင်လမ်း၊အမှတ် ၁၅၁နေ ဒေါ်ဝင်းဝင်းမာ(အိုလံပစ်စတိုး)၊ ဦးအောင်ခင်-ဒေါ်ကျင်နု၊ ဦးမြင့်နိုင်-ဒေါ်ညိမ်းညိမ်းကျော်၊ ဦးခင်မောင်ဝင်း-ဒေါ်ဉမ္မာခိုင်၊ ဦးကျော်စိန်-ဒေါ်စန်းစန်းထွေးတို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၃-၆-၂၀၁၃ရက် (တနင်္လာနေ့) ည ၇း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၆-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂နာရီတွင် ကြက်သွန်ရိုးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဒေါ်စန်းစန်းခွဲ့(ခ)

## Daw Susan Khin

**(မြန်မာ့အာမခံလုပ်ငန်း၊ ငြိမ်း)**

**မန်နေဂျာ(ရေမြန်မာအာမခံလုပ်ငန်း)**

**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ ဖိုးဝဇီရာလမ်း၊ အမှတ် ၄၁၃နေ (ဦးမောင်မောင်ခင်)-ဒေါ်ခင်ရီတို့၏သမီး၊ (ဦးအုန်းရှိန်-ဒေါ်ကံ)တို့၏ချွေးမ၊ ဦးအောင်ရှိန်(ဘဓရ၊ ငြိမ်း)၏ဇနီး၊ ဒေါ်မြင့်မြင့်စန်း-ဦးထွန်းထွန်းတို့၏ညီမ၊ ဒေါ်ဆွေဆွေခွဲ့-ဦးခင်ငွေ၊ ဦးသန်းထွန်းဦး-ဒေါ်မြင့်မြင့်သိန်း၊ ဒေါ်ကြူကြူခင်၊(ဦးမျိုးခင်)-ဒေါ်ပြုံးပြုံးကြည်တို့၏အစ်မ၊ မလဲ့လဲ့ရှိန်-ကိုဖုန်းလွင်၊ ကိုမိုးကံရှိန်(အယ်ဒီတာချုပ်၊ အော်တိုမိုဘိုင်းဂျာနယ်)တို့၏မိခင်၊ တူ၊ တူမ ၁၀ယောက်တို့၏အဒေါ်သည် ၃-၆-၂၀၁၃ရက်(တနင်္လာနေ့) ည ၈း၂၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၆-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

**စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်၊ တောင်မော်ကျေးရွာ**

**မဟာဝိသုဒ္ဓါရာမကျောင်းတိုက်ကြီးနှင့်သာသနာ့ရိပ်သာတို့၏ဦးစီးပဓာနနာယက**

**အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဝိသုဒ္ဓါစာရ**

**သက်တော်(၉၅)နှစ်၊ သိက္ခာတော်(၇၅)ဝါ**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်၊ တောင်မော်ကျေးရွာ၊ မဟာဝိသုဒ္ဓါရာမကျောင်းတိုက်ကြီးနှင့် မဟာဝိသုဒ္ဓါရာမ သာသနာ့ရိပ်သာတို့၏ဦးစီးပဓာနနာယကဆရာတော်ဖြစ်တော်မူသော ကျေးဇူးတော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဝိသုဒ္ဓါစာရ ဆရာတော်မထေရ်မြတ်ကြီးသည် (၁၃၇၅ခုနှစ် ကဆုန်လပြည့်ကျော် ၁၁ရက်) ၄-၆-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၀၀း၄၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ရပ်ဝေးရပ်နီးအသီးသီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။(အန္တိမဈာပနသာဓုကိစ္စနှင့်သဘင် ဆင်ယင်ကျင်းပမည့် အစီအစဉ်အား ထပ်မံကြေညာပါမည်။)

တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာများ

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တသူရိယ

**သက်တော်(၈၃)နှစ်၊ သိက္ခာတော်(၆၃)ဝါ**

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ဘုမ္မဆိုကျေးရွာ၊ သာသနရန်သီကျောင်းတိုက်၊ တိုင်းသံဃနာယကအဖွဲ့ဝင် သာသနဓဇ သီရိပဝရဓမ္မာစရိယ ဘဒ္ဒန္တသူရိယ မထေရ်မြတ်သည် (၁၃၇၅ခုနှစ် ကဆုန်လပြည့်ကျော် ၁၁ရက်) ၄-၆-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၂း၄၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ရပ်ဝေးရပ်နီးရှိ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး

## ဒေါ်ဘေဘီ

**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊အလုံမြို့နယ်၊လွတ်လပ်ရေးရပ်ကွက်၊သီရိမင်္ဂလာဥယျာဉ်အိမ်ရာ၊တိုက်အမှတ် B (2)၊ အခန်း ၁၀၂နေ(ဦးညွန့်ရင်-ဒေါ်မြသီ)တို့၏သမီး၊ (ဦးမြင့်ညိမ်း-ဒေါ်မေစီ)တို့၏သမီးချွေးမ၊ ဒေါ်မြညွန့်၊ ဦးစိန်ဝင်း-ဒေါ်အေးချစ်(ဦးသိန်းထွဋ်)-ဒေါ်တင်တင်ဝင်း၊ ဦးတင်စိုး-ဒေါ်ပြုံးပြုံးရင်(U.S.A)တို့၏ညီမ၊ (မောင်နိုင်ဝင်း)၊ ဦးဝင်းကျော်-ဒေါ်အေးအေးအောင်(စင်ကာပူ)၊ ဒေါက်တာစိုင်းဆိုင်ဟိန်း-ဒေါက်တာဒေါ်မြမြအေး(အင်္ဂလန်)တို့၏အစ်မ၊ ဦးခင်ကျော်(Relax KTV)၏ဇနီး၊ မောင်သူရိန်ကျော်(Ray Shipping)၊ မောင်အောင်ဇေယျာကျော်(Keppel FMO Pte. Ltd.)တို့၏မိခင်၊ တူ၊ တူမ ၁၀ယောက်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၃-၆-၂၀၁၃ရက် (တနင်္လာနေ့) မွန်းလွဲ ၁၂း၄၅နာရီတွင် ဗဟိုစည်ဆေးရုံ၌ကွယ်လွန်သွားပါ၍ ၇-၆-၂၀၁၃ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

## ဒေါ်သန်းမြင့် (နတ်တလင်း)

**နာယက သက်ကြီးပူဇော်ခံ၊**

**နတ်တလင်းမြို့နယ်အသင်း(ရန်ကုန်)**

**အလပြ(ငြိမ်း)၊ (အထက-၂၊ သဃ်န်းကျွန်း)**

**အလက၊ အထက နတ်တလင်း**

**အသက်(၈၀)**

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊စော်ဘွားကြီးကုန်း၊ ဗိုလ်တေဇလမ်း၊အမှတ် ၇၄၀(က)နေ ဦးမောင်မောင်ထွန်း၏ဇနီး၊ ဦးကျော်ကျော်(C/E)-ဒေါ်အေးအေးမော်၊ ဒေါက်တာကိုကိုလွင် - ဒေါ်သင်းသင်းထွန်း၊ ဦးမိုးကိုကို-ဒေါက်တာပန်းအိစိုးတို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၃-၆-၂၀၁၃ရက် ညနေ ၅း၄၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၅-၆-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်စွမ်တီ(ခ)တန်စွမ်တီ

**ရွှေတိဂုံစေတီတော်၊**

**အောင်စကြာအသင်းဥက္ကဋ္ဌ**

**အသက်(၇၇)နှစ်**

(တန်ဘိန်ဝမ်း-ဒေါ်ချွေးမ)တို့၏သမီး၊ (လျှံစွဲချုပ် - ဒေါ်ကြိုင်ဖေ့)တို့၏သမီးချွေးမ၊ အမှတ် ၁၇-က၊ သူဌေးလမ်း၊ ကျောက်မြောင်း၊ငွေကြွယ်(က)ရပ်ကွက်နေ ဦးဇော်ဝင်း(ခ)ဦးကောက်(ခ)လျှံကျူမိန်၏ဇနီး၊ ဦးလှသိန်း-ဒေါ်ခင်သော်တာ၊ ဦးလှဌေး၊ ဒေါ်အေးအေးနွယ်(မင်္ဂလာဈေး)၊ ဦးမောင်စ-ဒေါ်ဖြူဖြူတို့၏မိခင်၊ မြေး သုံးယောက်တို့၏ အဘွားသည် ၃-၆-၂၀၁၃ရက် ည ၉း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၅-၆-၂၀၁၃ရက် နံနက် ၁၀နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးခင်အောင်

**ဒု-လက်ထောက်ညွှန်ကြားရေးမှူး၊ စက်မှု(၁) (ငြိမ်း)**

**အသက်(၇၀)**

သထုံမြို့နေ(ဦးထွန်းငွေ-ဒေါ်စိန်ရှင်)တို့၏သားကြီး၊ (ဦးကျော်မြင့်-ဒေါ်ရင်ဆိုင်း)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ်ကွက်၊ အောင်သီရိ ၄လမ်း၊အမှတ် ၇၈၃နေ ဒေါ်မြင့်မြင့်စီ၏ခင်ပွန်း၊ ဒေါက်တာမြင့်သဇင်အောင် (အဏုဇီဝဗေဒဌာန၊ မြောက်ဥက္ကလာပဆေးရုံကြီး)၊ ဒေါ်အိရွှေဇင်အောင်(ဈေးကွက်မန်နေဂျာ၊Agoda)၊ ဒေါ်သူဇာလဲ့လဲ့အောင် (Tourplan ကြီးကြပ်ရေးမှူး၊ Exotissimo Travel Myanmar)၊ဦးမျိုးအောင်(ခေတ္တ-ဂျပန်)တို့၏ဖခင်၊ ဒေါ်ရင်ရွှေ၊ ဒေါ်ရင်စိန်၊ ဒေါက်တာဦးတင်ရွှေ၊ ဒေါ်တင်တင်မြင့်၊ ဒေါက်တာဒေါ်ရင်ကြည်၊ဦးမင်းစိုး၊ဒေါ်စန်းစန်းထွေးတို့၏အစ်ကိုသည် ၃-၆-၂၀၁၃ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၆-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၉-၆-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၉း၃၀နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးတင်ဆန်း (ကော့မှူး)

**စီမံကိန်းမှူး(ငြိမ်း)**

**အသက်(၇၀)**

ကော့မှူးမြို့၊ မြို့သစ်ရပ်ကွက်နေ (ဦးငွေကြိုင် - ဒေါ်အေးရှင်)တို့၏သားလတ်၊ ရန်ကုန်မြို့၊အမှတ် ၂၀၊ ၁၃လမ်း၊ လမ်းမတော်မြို့နယ်နေ ဒေါ်စန်းလွင်၏ခင်ပွန်း၊ကိုနန်းဦး-မနွေးနွေးကိုကောင်းဇံတို့၏ဖခင်သည် ၃-၆-၂၀၁၃ရက် (တနင်္လာနေ့) ည ၇နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၆-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt @ gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။** R/488

# တပ်မတော်(လေ)၏ လေယာဉ်/ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနားကျင်းပ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အားပေး

နေပြည်တော် ဇွန် ၄

တပ်မတော်(လေ)၏ လေယာဉ်/ရဟတ်ယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားကို ဇွန် ၄ ရက်နံနက်ပိုင်းတွင် မိတ္ထီလာမြို့ လေကြောင်းအတတ်သင်လေတပ်စခန်း၌ ကျင်းပပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ လေတပ်စခန်းဌာနချုပ်အသီးသီးမှ ဌာနချုပ်မှူးများ၊ မိတ္ထီလာတပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့်မိသားစုများ တက်ရောက်အားပေးကြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ခင်အောင်မြင့်က တပ်တော်ဝင်အခမ်းအနားအထိမ်းအမှတ် လေယာဉ်ပုံစံငယ်အား ဂါရဝပြုလက်ဆောင်ပေးအပ်စဉ်။ (သတင်းစဉ်)

ရှေးဦးစွာ စစ်ဦးစီးအရာရှိချုပ်(လေ)မှ တပ်တော်ဝင်အဖြစ် သတ်မှတ်မည့် တပ်မတော်(လေ)မှ လေယာဉ်/ရဟတ်ယာဉ်များ၏ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စစ်ဦးစီးဗိုလ်မှူးကြီး(စက်မှုလက်မှု)မှ လေယာဉ်/ရဟတ်ယာဉ်ဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများအား သက်ဆိုင်ရာလေတပ်စခန်းဌာနချုပ်များသို့ ပေးအပ်ရာ တာဝန်ရှိသူများမှ လက်ခံရယူကြသည်။

၎င်းနောက် စစ်ဦးစီးအရာရှိချုပ်(လေ)မှ လေယာဉ်/ရဟတ်ယာဉ်များအား တပ်တော်ဝင်အဖြစ် ကြေညာသည်။ ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များသို့ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ခင်အောင်မြင့်က တပ်တော်ဝင် အခမ်းအနားအထိမ်းအမှတ် လေယာဉ်ပုံစံငယ်များအား ဂါရဝပြုလက်ဆောင်အဖြစ်ပေးအပ်သည်။



ရဟတ်ယာဉ်တစ်စင်း သရုပ်ပြ ပျံသန်းနေစဉ်။ (သတင်းစဉ်)

ထို့နောက် လေယာဉ်/ရဟတ်ယာဉ်များမှ ပထမဦးစွာတိုက်ခိုက်ရေးရဟတ်ယာဉ်တစ်စင်းနှင့် ဘက်စုံသုံးဂျက်တိုက်လေယာဉ် တစ်စင်းတို့မှ အမျိုးအစားမတူ အုပ်ဖွဲ့ပျံသန်း၍ သရုပ်ပြသခြင်း၊ တိုက်ခိုက်ရေးရဟတ်ယာဉ်တစ်စင်းမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အလေးပြုခြင်း၊ ရဟတ်ယာဉ်အား ထောင်လျက်နောက်ပြန်လေးကြိမ် ကွေ့ပြခြင်း၊ ရဟတ်ယာဉ်ကို ဒီဂရီအများဆုံးဖြင့် တိမ်းစောင်းကာ ဘယ်/ညာနှစ်ကြိမ်

စာမျက်နှာ ၉ ကော်လံ ၁ ◆

## မလေးရှားနိုင်ငံ၌ မြန်မာနိုင်ငံသားများ တိုက်ခိုက်ခံရမှုနှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနမှ မလေးရှားသံအမတ်ကြီးအား သတိထောက်လှမ်းပေးအပ်

နေပြည်တော် ဇွန် ၄

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်သည် ယနေ့နေ့လယ်ပိုင်းတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားသံအမတ်ကြီး မစ္စတာ အာမတ်ဖိုင် ဆဲလ်ဘင် မိုဟာမက်အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ဖိတ်ခေါ်၍ မကြာမီကာလအတွင်းက မလေးရှားနိုင်ငံတွင် နေထိုင်အလုပ်လုပ်ကိုင်လျက်ရှိသော မြန်မာနိုင်ငံသားများအား တိုက်ခိုက်ခံခဲ့ရသည့်အတွက် အသက်ဆုံးရှုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိခြင်းများနှင့်ပတ်သက်၍ သတိထောက်လှမ်းပေးအပ်ခဲ့ပါသည်။ အဆိုပါ သတိထောက်လှမ်းတွင် မြန်မာနိုင်ငံသားများ တိုက်ခိုက်ခံရမှုအတွက် ချက်ချင်းစုံစမ်းစစ်ဆေးဖော်ထုတ်၍ ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ အရေးယူပေးရန် မလေးရှားနိုင်ငံရှိ မြန်မာနိုင်ငံသားများ၏ လုံခြုံရေးအတွက် လိုအပ်သည့် ကာကွယ်စောင့်ရှောက်မှုများ ဆောင်ရွက်ပေးရန်နှင့် ထိုကဲ့သို့ တိုက်ခိုက်မှုများနှင့် ပစ္စည်းဥစ္စာများဆုံးရှုံးခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ အသက်ဆုံးရှုံးခြင်းများ ထပ်မံမဖြစ်ပွားစေရန်အတွက် မလေးရှားအစိုးရမှ လိုအပ်သည့် အရေးယူဆောင်ရွက်မှုများ ဆောင်ရွက်ပေးသွားရန်တို့ ဖော်ပြပါရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## သယံဇာတများကို တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် အကျိုးရှိရှိထုတ်ယူသုံးစွဲရမည်

သတင်း စာမျက်နှာ ➤ ၉

## လှိုင်သာယာစက်မှုဇုန် (၂) ကြာဆံစက်ရုံဝင်းအတွင်းမီးလောင်

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ရန်ကုန် ဇွန် ၄

ဇွန် ၄ ရက် ညနေ ၆ နာရီ မိနစ် ၂၀ ခန့်က လှိုင်သာယာမြို့နယ် ဦးရေပေါ်လမ်း စက်မှုဇုန်(၂) ရှိ ဟောင်ကောင် ကြာဆံစက်ရုံဝင်း အတွင်း၌ မီးလောင်မှုဖြစ်ပွားခဲ့သည်။

### ငြိမ်းသတ်

မီးသတ်တပ်ဖွဲ့မှ မီးလောင်မှုသတင်းကို ညနေ ၆ နာရီ ၂၀ မိနစ်က စတင်ရရှိခဲ့ပြီး မီးငြိမ်းသတ်ရေးယာဉ် ၄၆ စီး၊ ကွပ်ကဲမှုယာဉ် လေးစီး၊ မီးသတ်စက်ယာဉ် သုံးစီး၊ အထောက်အကူပြုယာဉ် နှစ်စီးတို့က သွားရောက် ငြိမ်းသတ်ခဲ့ရသည်။

စက်ရုံဝင်းအတွင်းရှိ ပေ၂၀× ၁၀ ပေရှိ သွပ်မိုးထရံကာ ပျဉ်ခင်းတစ်လုံး၊ ပေ ၄၀ × ပေ ၂၀ သွပ်မိုးထရံကာ ပျဉ်ခင်းတစ်လုံး၊ ပေ၂၀ × ပေ ၂၀၊ ခနိမိုးသက်ငယ် ဝါးခင်းတဲတစ်လုံး၊ ၁၀ ပေ× ၁၀ ပေ ခနိမိုးသက်ငယ် ဝါးခင်းတစ်လုံး မီးလောင်ဆုံးရှုံးခဲ့သည်။

မီးသတ်တပ်ဖွဲ့မှ ညနေ ၆ နာရီ မိနစ် ၅၀ တွင် မီးအားကိုထိန်းနိုင်ခဲ့ပြီး ည ၇ နာရီ ၁၅ မိနစ်တွင် အပြီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးစတင်လောင်ကျွမ်းခြင်းအား သတင်းရေးချိန်အထိ စုံစမ်းဆဲဖြစ်ကြောင်းသိရပြီး သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၂၇၂ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၁၇ ဦးတို့က ရေဂါလန် ၉၂၀၀၀ ဖြင့် ငြိမ်းသတ်ခဲ့ရကြောင်း သိရသည်။



လှိုင်သာယာမြို့နယ် ဦးရေပေါ်လမ်း စက်မှုဇုန်(၂)ရှိ ဟောင်ကောင်ကြာဆံ စက်ရုံဝင်း အတွင်း၌ မီးလောင်မှု ဖြစ်ပွားရာတွင် မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်စဉ်။


